မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြ၍

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၅ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၅၈)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၈)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၊ (၈)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး တက်ရောက်စဉ်။ သတင်းစဉ်

ဗန်ကောက် ဇွန် ၁၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဗန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး (8th ACMECS SUMMIT) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တာဝန်ရှိသူများတက်ရောက်

(၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး (ACMECS SUMMIT)ဖွင့်ပွဲ အခမ်းအနားသို့ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွန်ဖုနှင့်ဇနီး၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)နှင့်ဇနီး၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီး၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ ACMECS အဖွဲ့ဝင်နိုင်ငံများမှ အမှုဆောင်အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အက်မက်စ်ထိပ်သီး အစည်းအဝေး (ACMECS SUMMIT) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန်ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)က ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပြသ

ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ACMECS ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ဗီဒီယိုမှတ်တမ်းများနှင့် မိတ်ဖက်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများနှင့် အဖွဲ့အစည်းအကြီးအကဲများမှ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ပြသသည်။

ထို့နောက် (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး (8th ACMECS SUMMIT) ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ပြင်ဆင်ဖွဲ့စည်း

ပြည်တွင်းသတင်း စာ » ၅

ကိုလံဘီယာအစိုးရနှင့် အီးအယ်လ်အင်န်အဖွဲ့ ပစ်ခတ်ရပ်စဲမှုသဘောတူညီချက်မရဘဲ အစည်းအဝေးပြီးဆုံး

နိုင်ငံတကာသတင်း စာ » ၁၄

မိုးအသင့်အတင့်ရွာမည်

နေပြည်တော် ဇွန် ၁၆

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ

မြန်မာ့အလင်း

ပေါင်းစည်း၊ ချိတ်ဆက်ထားသည့် မဲခေါင်အသိုက်အဝန်းတစ်ခုဆီသို့

အက်မက်စ်ခေါ် ဧရာဝတီ - ကျောက်ဖယား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ပေါ်ပေါက်ခဲ့သည့် သက်တမ်းကာလမှာ ၁၅ နှစ်ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ ဖွဲ့စည်းရန် ဟူသော စိတ်ကူးသည် ၂၀၀၀ ပြည့်နှစ် ဧပြီလ အာဆီယံထိပ်သီးအစည်းအဝေးတွင် စတင်သန္ဓေတည်ခဲ့ပြီး ၂၀၀၃ ခုနှစ် နိုဝင်ဘာလ၌ မြန်မာနိုင်ငံ ပုဂံမြို့တွင် အထက်ပါ လေးနိုင်ငံမှ ထိပ်သီးခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေးကာ ''ပုဂံကြေညာချက်'' ထွက်ပေါ်လာပြီး ရလဒ်အဖြစ် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ် မေလ ၁၀ ရက်တွင် အဖွဲ့သို့ ဗီယက်နမ်နိုင်ငံကလည်း ဝင်ရောက်ပေါင်းစည်းလာခဲ့ရာ အဖွဲ့ဝင် ငါးနိုင်ငံ ရှိလာခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြသည့် အက်မက်စ်နိုင်ငံများအကြား စီးပွားရေးအရ ဆူကြံ့နိမ့်မြင့် ကွာဟမှုများ ကျဉ်းမြောင်းနိုင်သမျှ ကျဉ်းမြောင်းစေပြီး တစ်နိုင်ငံချင်းအလိုက် စီးပွားရေးတောင့်တင်းခိုင်မာလာသည်နှင့်အမျှ ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အာဆီယံအဖွဲ့ကြီး၏ အင်အားတောင့်တင်းခိုင်မာမှုကိုလည်း အထောက်အကူပြုအင်အားဖြည့်တင်းစေကာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ပိုမိုဖြစ်ထွန်းလာစေနိုင်မည်ဖြစ်သည်။ အက်မက်စ် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ် ပေါ်ပေါက်ခဲ့သည့် ၁၅ နှစ်တာကာလအတွင်း မဲခေါင် ငါးနိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကိုအခြေခံပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေး၊ အားလုံးပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျှော့ချရေးနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးတို့ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ပေးခဲ့ကြောင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အက်မက်စ် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုထိရောက်မှုရှိစေရန် ပြုပြင်ပြောင်းလဲရေးအတွက် ရည်ရွယ်၍ ထိုင်းနိုင်ငံက ရေးဆွဲအဆိုပြုခဲ့သည့် **ACMECS Master Plan (2019-2023)** ကိုလည်း ယခု (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် အတည်ပြုလိုက်နိုင်ပြီး အရေးပါသည့် ခြေလှမ်းတစ်ရပ်အဖြစ် ရှေ့သို့ လှမ်းတက်ခဲ့သည်။ လာမည့်နှစ်မှစ၍ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အက်မက်စ်ပင်မစီမံကိန်း၏ အဓိကလုပ်ငန်းစဉ်များသည် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ချိတ်ဆက်ပူးပေါင်း လုပ်ကိုင်မှုများမှတစ်ဆင့် နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုတို့ဆီသို့ ဦးတည်သွားနိုင်မည်ဟု ယုံကြည်မိသည်။

''မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အစဉ်အလေးထားသည့်အားလျော်စွာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးကျေးဇူးရရှိစေမှုဆိုသည့် မူများကို လက်ကိုင်ထားပြီး **ACMECS** ပူးပေါင်းဆောင်ရွက်ရေးတွင် တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း'' နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ထိပ်သီးအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ အဖွဲ့ဝင်နိုင်ငံကောင်းပီသမှုနှင့် မိမိတို့မြန်မာနိုင်ငံ၏ သဘောထား၊ သန္နိဋ္ဌာန်တို့ကို ဖော်ပြခဲ့ခြင်းပင်ဖြစ်သည်။ မျက်မှောက်ကမ္ဘာ၏ ရှုခင်းမြင်ကွင်းကို လေ့လာသုံးသပ်ပါက အင်အားသည်သာ ပဓာနအဖြစ်နှင့် အင်အားကြီးသူတို့ကသာ ခြယ်လှယ်စိုးမိုးနေကြသည်ကို တွေ့မြင်နိုင်သည်။ တစ်ဖက်တွင်လည်း မိမိတို့၏ အကျိုးစီးပွားတူရာ၊ ရည်မှန်းချက်တူရာများအလိုက် နိုင်ငံများစုပေါင်းကာ ရပ်တည်ကြရသည့်အလျောက် မိမိတို့မြန်မာနိုင်ငံသည်လည်း ပေါင်းစည်းချိတ်ဆက်ထားသည့် မဲခေါင်အသိုက်အဝန်းတည်ထောင်ရာတွင် တာဝန်သိသိဖြင့် တက်ကြွစွာပါဝင်ရင်း နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဆောင်ကြဉ်းသွားနိုင်မည် ဖြစ်ပါကြောင်း။ ။

ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ အလုပ်ရှင်နှင့် အလုပ်သမားများဆိုင်ရာပြစ်ဒဏ်များ ပြင်ဆင်လျှော့ပေါ့ပေးမည်

ဗန်ကောက် ဇွန် ၁၆

ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအပါအဝင် နိုင်ငံခြားသားအလုပ်သမားများနှင့် အလုပ်ရှင်များအကြား ထိုင်းနိုင်ငံမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းဥပဒေများ ချိုးဖောက်ကျူးလွန်ပါက ချမှတ်အရေးယူခံရမည့်ပြစ်ဒဏ်များကို ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနက လျှော့ပေါ့ပြင်ဆင်သတ်မှတ်ပေးပေးမည်ဖြစ်ကြောင်း ဇွန် ၁၄ ရက်က သိရသည်။

အဆိုပါလျှော့ပေါ့ပြင်ဆင်သတ်မှတ်ပေးမှုတွင် အလုပ်လုပ်ခွင့် ပါမစ်မရှိသည့် ရွှေ့ပြောင်းအလုပ်သမားများအား စစ်ဆေးတွေ့ရှိပါက ယခင်သတ်မှတ်ထားသည့်ပြစ်ဒဏ်အဖြစ် ထောင်ဒဏ်ငါးနှစ်နှင့် ဒဏ်ငွေဘတ်နှစ်သောင်းမှ ဘတ်ငွေတစ်သိန်းအထိ ချမှတ်ထားရာမှ ဘတ်ငွေ ငါးထောင်မှ ငါးသောင်းအထိ လျှော့ပေါ့ပြင်ဆင်ပေးခဲ့ပြီး အလုပ်သမားအနေဖြင့် ဒဏ်ငွေအရိုက်ခံရသည့်နေ့မှစတင်၍ နှစ်နှစ်အတွင်း ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်အလုပ်လုပ်ကိုင်ခွင့်မရှိဟု ပြင်ဆင်သတ်မှတ်မည်ဖြစ်ကြောင်း၊ အလားတူ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများအား ငှားရမ်းလက်ခံအသုံးပြုထားသည့် အလုပ်ရှင်များအနေဖြင့် ယခင်သတ်မှတ်ထားသည့် ပြစ်ဒဏ်အဖြစ် တရားမဝင် အလုပ်သမားတစ်ဦးကို ငှားရမ်းထားလျှင် ဒဏ်ငွေဘတ်ငွေလေးသိန်းမှ ရှစ်သိန်းအထိ သတ်မှတ်ထားရာမှ ဘတ်ငွေတစ်သောင်းမှ ဘတ်ငွေတစ်သိန်းအထိ လျှော့ပေါ့ပြင်ဆင်သတ်မှတ်ပြီး အကယ်၍ အလုပ်ရှင်က အဆိုပါပြစ်မှုအား အကြိမ်ကြိမ်ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ဒဏ်ငွေဘတ်ငွေငါးသောင်းမှ ဘတ်ငွေနှစ်သိန်းအထိ အရေးယူခံရမည်ဖြစ်ကာ ကျူးလွန်ခဲ့သည့်နေ့မှစတင်၍ သုံးနှစ်တိုင်တိုင် ရွှေ့ပြောင်းအလုပ်သမားများ ငှားရမ်းအသုံးပြုလုပ်ကိုင်ခြင်းကို ပိတ်ပင်တားမြစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြင်ဆင်လျှော့ပေါ့မှု အမိန့်အား ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်နေ့မှစတင်ကာအတည်ပြု ကျင့်သုံးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှသတင်းများအရ သိရသည်။ **ကျော်စိုး(ကော့သောင်း)**

ပြည်တွင်းတံတားများ ကြံ့ခိုင်ရေးနှင့် ထိန်းသိမ်းမှုမြှင့်တင်နိုင်ရေး ပြည်ပပညာရှင်များ လာရောက်ဆွေးနွေး

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး တံတားများနှင့် တည်ဆောက်ဆဲတံတားများ ကြံ့ခိုင်မှုရှိစေရေးနှင့် ထိန်းသိမ်းမှု မြှင့်တင်နိုင်ရေးအတွက် အိမ်နီးချင်းတရုတ်နိုင်ငံမှ တံတားတည်ဆောက်ရေးပညာရှင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးနယ်ပယ်မှ အင်ဂျင်နီယာများ တွေ့ဆုံဆွေးနွေးမှုကို ဇွန် ၁၅ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပသည်။

''မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းတချို့နဲ့ပတ်သက်ပြီး ပျက်စီးမှုတစ်စုံတစ်ရာပေါ်လာရင် တတိယအဖွဲ့အစည်းအနေနဲ့ ဝင်ရောက်စစ်ဆေးပေးဖို့ တာဝန်ပေးတာတွေ ရှိပါတယ်၊ တာဝန်ပေးတဲ့အခါ တတိယအဖွဲ့အစည်းအနေနဲ့ ဝင်ရောက်ဆောင်ရွက်ပေးနိုင်ဖို့ အခုလို တရုတ်အင်ဂျင်နီယာပညာရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးတာဖြစ်ပါတယ်၊ အဓိကဆွေးနွေးတာက နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ တံတားတွေနဲ့ ပတ်သက်ပြီး ပုံမှန်ဘယ်လိုစစ်ဆေးတယ်၊ စစ်ဆေးတဲ့အခါ တွေ့ရှိချက်တွေအပေါ် ဘယ်လိုပြုပြင်မလဲ၊ ဘယ်လိုထိန်းသိမ်းမလဲဆိုတာ စနစ်တကျ ဆောင်ရွက်နိုင်ဖို့စတဲ့ နည်းပညာပိုင်းဆိုင်ရာတွေ ဆွေးနွေးတာဖြစ်တယ်၊ အဓိကကတော့ တံတားတည်ဆောက်တဲ့ အင်ဂျင်နီယာတွေအတွက် နည်းပညာနဲ့ နည်းစနစ်တွေ စနစ်တကျဖြစ်စေဖို့ ဝိုင်းဝန်းကူညီပေးတာဖြစ်ပါတယ်၊ နည်းပညာရသလို လက်တွေ့လုပ်ဆောင်ရမယ့် အပိုင်းတွေလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့တာဖြစ်ပါတယ်'' ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်းက ပြောကြားသည်။

ဆက်လက်၍ ပြည်တွင်းအင်ဂျင်နီယာများအနေဖြင့် တံတားများတည်ဆောက်ရာတွင် နည်းစနစ်ပိုင်းဆိုင်ရာမှအစ တည်ဆောက်ပြီးစီးသည်အထိ နိုင်ငံတကာကဲ့သို့ ထိန်းသိမ်းသင့်သည့်အချက်များကို အဓိကထားဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ပြည်ပတံတားဆောက်လုပ်ရေးအင်ဂျင်နီယာများ လာရောက်တွေ့ဆုံဆွေးနွေးမှုသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် ပထမဆုံးအကြိမ်ဖြစ်ပြီး ယခင်မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင်လည်း ကျင်းပခဲ့ကြောင်းနှင့်ယခုဖိုရမ်မှ ဆက်နွှယ်ဆောင်ရွက်မှုများကိုလည်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် ဆက်လက်ဆက်နွှယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၌ ပြည်ပတံတား တည်ဆောက်ရေးအင်ဂျင်နီယာများနှင့် ပြည်တွင်းတံတားများ တည်ဆောက်ရေး၊ ကြံ့ခိုင်ရေးနှင့် ထိန်းသိမ်းရေးနည်းစနစ်ပိုင်းဆိုင်ရာမှအစ တိုးမြှင့်ရေး ပထမဆုံးအကြိမ်ကျင်းပသောဖိုရမ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးနှင့် တံတားတည်ဆောက်ရေးပိုင်းဆိုင်ရာမှ အင်ဂျင်နီယာချုပ်များ၊ အင်ဂျင်နီယာများ၊ တရုတ်နိုင်ငံမှ တံတားတည်ဆောက်ရေးပညာရှင်များဖြစ်သည့် Dr. Jiunn-Ming Lin၊ Mr. Penchi Lin နှင့် ပြည်တွင်းဆောက်လုပ်ရေးပိုင်းဆိုင်ရာ အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ငွေပေးအပ်

ရွှေတောင် ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ အစည်းအဝေးခန်းမ၌ ဇွန်လပထမပတ်က ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က လူမှုဖူလုံရေးဥပဒေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ယင်းစက်ရုံမှ အာမခံအလုပ်သမား ဦးတင်ထွန်းအား လုပ်ငန်းခွင်ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးမှု ၄၅ ရာခိုင်နှုန်းအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေးငွေကျပ် ၃၅၉၁၀၀၀ (ကျပ် သုံးဆယ့်ငါးသိန်း ကိုးသောင်းတစ်ထောင် တိတိ)ကို ပေးအပ်ခဲ့ကြောင်းနှင့် အာမခံအလုပ်သမား ဦးတင်ထွန်းနှင့် စက်ရုံမှူးတို့က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ဗထူး**

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်မြို့နယ် စာရေးဆရာအသင်း မျိုးဆက်သစ်ဝတ္ထုတိုပြိုင်ပွဲ ဆုချီးမြှင့်

ပြည် ဇွန် ၁၆

ပြည်မြို့နယ် စာရေးဆရာအသင်းက ကြီးမှူးကျင်းပသော (ပထမ)အကြိမ် မျိုးဆက်သစ်ဝတ္ထုတိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီက ရန်အောင်မင်္ဂလာကင်းဘုရားဓမ္မာရုံ၌ ကျင်းပရာ ဆုရရှိသူများအား ပြည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

မောင်ရွှေဝင်း (ပြည်)

ထင်သာမြင်သာပြုပြင်စရာ

ယဉ်ဆန်းကျေးရွာမှ ညောင်ဦး-မြင်းခြံကားလမ်းဘက်သို့ ထွက်သောလမ်း ပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာအုပ်စု ရွာသာအေးရွာ၊ ကံသာယာရွာ၊ အောင်သာရွာ၊ မြေသင်းတွင်းရွာ၊ လက်ပန်တဲရွာ၊ ညောင်ကြီးရွာ၊ တဲမရွာနှင့် ဇီးအိုရွာစသည့်ကျေးရွာများမှ ညောင်ဦး-မြင်းခြံကားလမ်းမအတိုင်း ပခုက္ကူသို့လည်းကောင်း၊ ညောင်ဦး-မြင်းခြံသို့လည်းကောင်း တောင်သူထွက်ကုန်သီးနှံများကို နေ့ချင်းပြန်သွားရောက်ရောင်းချခြင်း၊ မြို့မှလိုအပ်သည့်ကုန်ပစ္စည်းများကို ပြန်လည်ဝယ်ယူခြင်းဖြင့် နှစ်ပတ်လည်ယာဉ်ကြီး ယာဉ်ငယ်များဖြင့် သွားသည့်လမ်းဖြစ်သည်။

အဆိုပါလမ်းသည် ယနေ့ပျက်စီးနေပြီဖြစ်သည့်အတွက် ပြုပြင်ပေးစေလိုကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

''ဒီလမ်းကို ကျွန်တော်တို့အရင်က ကျေးရွာသုံးရွာပေါင်းပြီးပြင်ဖူးတယ်၊ ငွေကျပ်ဆယ်သိန်းလောက်ကုန်ကျပါတယ်၊ ဒေသခံပြည်သူထည့်ဝင်ငွေနဲ့ ကိုယ့်အားကိုယ်ကိုး ပြုပြင်ခဲ့ကြတာပါ၊ အောက်ဆုံးကခဲအကြီး 6×9 ခဲတွေကိုခံတယ်၊ အဲဒီအပေါ်ကိုတော့ မြေနီတွေ ခင်းပေးခဲ့ပါတယ်၊ ဒါလည်းမရပါဘူး၊ ကားတွေကော ဆိုင်ကယ်တွေပါနစ်တယ်၊ မိုးတွင်းရောက်ရင် နွားလှည်းတွေလည်း နစ်ပါတယ်၊ ဒီလမ်းက မိုးတွင်းရောက်ရင် သွားလို့လာလို့မရအောင် ဖြစ်နေပါတယ်၊ ဒါကြောင့် သက်ဆိုင်ရာက



အမြန်ဆုံးပြုပြင်ပေးစေလိုပါတယ်'' ဟု ယဉ်ဆန်းကျေးရွာမှ ဦးမြင့်စောက ပြောသည်။

ကျော်ဌေး(ညောင်ဦး)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်အတူ ACMECS အဖွဲ့ဝင်နိုင်ငံများ၏ ပြခန်းများအား လိုက်လံကြည့်ရှုကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်သမ္မတသည် ရှန်ဂရီလာဟိုတယ်၌ (Theme: Towards an integrated and connected Mekong Community) ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပသည့် (၈)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး (8th ACMECS SUMMIT) သို့ တက်ရောက်သည်။

အက်မက်စ်ထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနား တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

အဖွင့်အမှာစကားပြော

အစည်းအဝေးတွင် (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အက်မက်စ်စီးပွားရေး ဖိုရမ်ရလဒ်များ အကြံပြုချက်များကို ထိုင်းနိုင်ငံ အက်မက်စ်စီးပွားရေးကောင်စီ ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Mr. Sanun Angubolkul က တင်ပြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်နှင့် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့က အမှာစကား ပြောကြားကြသည်။

ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် လွန်ခဲ့သည့် ၁၅ နှစ်က မြန်မာနိုင်ငံ ပုဂံမြို့တွင် ပေါက်ဖွားခဲ့သည့် ACMECS ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်သည် မဲခေါင်ငါးနိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကို အခြေခံပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေး၊ အားလုံးပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် လျှော့ချရေးနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးတို့ကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မဲခေါင်ဒေသသည် လူသားအရင်းအမြစ်၊ သဘာဝသယံဇာတ အရင်းအမြစ်များ ကြွယ်ဝသည့်အပြင် မဟာဗျူဟာအရ အချက်အချာကျသည့်နေရာတွင် ရှိပါကြောင်း၊ ယခု အစည်းအဝေး၏ Theme အရ "ပေါင်းစည်း၊ ချိတ်ဆက်ထားသည့် မဲခေါင်အသိုက်အဝန်းတစ်ခု" တည်ထောင်သွားရန် ရည်မှန်းချက်တွင် အားသာချက် အခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချသွားနိုင်ရန် လိုပါကြောင်း။

ခြေလှမ်းသစ်တစ်ရပ်ဖြစ်

ထို့ကြောင့် ACMECS ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုထိရောက်မှုရှိအောင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ပြီးခဲ့သည့် (၇)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ACMECS Master Plan (2019-2023)ကို ထိုင်းနိုင်ငံက ရေးဆွဲ အဆိုပြုခဲ့ပြီး ယနေ့ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုနိုင်ခြင်းသည် ACMECS ၏ အရေးပါသည့် ခြေလှမ်းသစ်တစ်ရပ် ဖြစ်ပါကြောင်း။

Master Plan ၏ မဏ္ဍိုင်(၁)တွင် အဆိုပြုထားသည့်အတိုင်း လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်နှင့် ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း စီးပွားရေး စင်္ကြံများဖြစ်သည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံ၊ တောင်ပိုင်းစီးပွားရေး စင်္ကြံများတွင် အဆက်ပြတ်နေသည့်နေရာများကို ဆက်သွယ်ပေးမည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရေးကို အလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ရည်မှန်းချက်ထားဆောင်ရွက်

မြန်မာနိုင်ငံသည် သတင်းအချက်အလက်နည်းပညာကို လုံခြုံထိရောက်စွာ အသုံးချပြီး ပေါင်းစည်းဆက်သွယ်မှု တိုးမြှင့်နိုင်စေရန် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ E-government စနစ်ထူထောင်နိုင်ရေးတို့ကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ကုန်သွယ်ရေးမြှင့်တင်ရေး

အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းပြီး တစ်ခုနှင့်တစ်ခု ချိတ်ဆက်အသုံးပြုနိုင်ရေးသည် ဒေသတွင်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နယ်စပ်ကုန်သွယ်ရေး မြှင့်တင်ရေးတို့အတွက် များစွာအရေးပါပါကြောင်း။

မြန်မာနိုင်ငံသည် လူမှုစီးပွားဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အတွက် တာဝန်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အမြဲကြိုဆိုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေးကို ACMECS ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်က များစွာ အထောက်အကူပြုစေမည်ဟုလည်း ယုံကြည်ပါကြောင်း။

အထောက်အကူပြုနိုင်

ACMECS နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ အတွေ့အကြုံများ၊ နည်းပညာများကို မျှဝေခြင်း၊ ဈေးကွက်သတင်းအချက်အလက်များ ဖလှယ်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျှော့ချရေးကို များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ပြခန်းများအား ကြည့်ရှုစဉ်။ သတင်းစဉ်

ထိထိရောက်ရောက်အသုံးချ

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ ငါးနိုင်ငံသဘောတူညီထားပြီးဖြစ်သည့် "ငါးနိုင်ငံခရီးစဉ်တစ်ခု" အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်သွားရမည် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍသည် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်သည့် အဓိကအင်အားတစ်ရပ် ဖြစ်သည့်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများတွင် ပုဂ္ဂလိက ကဏ္ဍ၏ အရင်းအမြစ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး အစီအမံနှင့်အညီ ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုပါကြောင်း။

ပြည်သူအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံနိုင်ရန် ယဉ်ကျေးမှု၊ ပညာရေးနှင့် လူမှုရေး အစရှိသည့် ကဏ္ဍများက တစ်ဆင့် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ကြောင်း၊ ACMECS ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များသည်

စာမျက်နှာ ၄ သို့

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၉)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေး တက်ရောက်စဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသား ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ၊ ဦးစားပေးအစီအစဉ်များ၊ အာဆီယံ အပါအဝင် အခြားမဲခေါင် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများ၏ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေမှုရှိရန် အရေးကြီးပါကြောင်း။

ဦးစားပေးလိုအပ်ချက်များ

ACMECS Master Plan ၏ အဓိကလုပ်ငန်းစဉ်များဖြစ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှု တိုးမြှင့်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် မြန်မာနိုင်ငံ၏ ဦးစားပေး လိုအပ်ချက်များနှင့်လည်း ကိုက်ညီပါကြောင်း။

အဆိုပြုချက်ကိုကြိုဆို

ACMECS အနေဖြင့် အကောင်အထည်ဖော်နေသည့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရန် လိုအပ်နေသည့် ရန်ပုံငွေနှင့် နည်းပညာကူညီပံ့ပိုးမှုများ ရရှိရေးအတွက် ပြင်ပက ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများအား ဖိတ်ကြား၍ ထိတွေ့ဆွေးနွေးမှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံ၏ အဆိုပြုချက်ကို ကြိုဆိုပါကြောင်း။

အကျိုးကျေးဇူးရရှိ

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အစဉ်အလေးထားသည့် အားလျော်စွာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် အကျိုးကျေးဇူးရရှိစေမှု ဆိုသည့်မှုများကို လက်ကိုင်ထားပြီး ACMECS ပူးပေါင်းဆောင်ရွက်ရေးတွင် တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့် အာဆီယံ အတွင်းရေးမှူးချုပ် ဒါတိုလင်ဂျော့ဝိုင်တို့က အမှာစကားပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က အက်မက်စ်ပူးပေါင်းဆောင်ရွက်မှု၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်ထံ လွှဲပြောင်းပေးအပ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ CLMV အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဗန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် (၉)ကြိမ်မြောက် စီအယ်လ် အမ်ဗွီ ထိပ်သီးအစည်းအဝေး (9th Cambodia- Lao- Myanmar- Viet Nam (SUMMIT)) သို့ တက်ရောက်သည်။

အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွန်ဖုံ၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြော

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ကြီးမားသည့်စိန်ခေါ်မှုများ

ထို့နောက် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် CLMV နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများ ရှိကြသော်လည်း လူ့စွမ်းအားအရင်းအမြစ်ကန့်သတ်ချက်၊ အခြေခံအဆောက်အအုံ အားနည်းမှု၊ ရာသီဥတုပြောင်းလဲမှု၏ ထိခိုက်မှု၊ အပြောင်းအလဲမြန်ဆန်လှသည့် ကမ္ဘာ့နိုင်ငံရေး-စီးပွားရေး အခြေအနေတို့သည် ကြီးမားသည့်စိန်ခေါ်မှုများ ဖြစ်ပါကြောင်း။

CLMV နိုင်ငံများသည် ပထဝီအနေအထားအရ အချက်အချာကျသည့် နေရာတွင် တည်ရှိခြင်း၊ လုပ်ခသက်သာသော လုပ်သားများရှိခြင်း အစရှိသည့် အားသာချက်များရှိသော်လည်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံအားနည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုကို အားပေးသော ပတ်ဝန်းကျင်ဖန်တီးရာတွင် အားနည်းချက်များ ရှိနေခြင်းအတွက် အခြေခံအကျဆုံးဖြစ်သည့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ အားနည်းချက်ကို ဦးစားပေးပြုပြင်သွားရန် လိုအပ်ပါကြောင်း။

အထူးမူဝါဒညှိနှိုင်းချမှတ်

ဒေသတွင်း သဘောတူညီချက်များအား အကောင်အထည်ဖော်ခြင်းသည်လည်း CLMV နိုင်ငံများအကြား စီးပွားရေး ပေါင်းစပ်ဆောင်ရွက်မှုနှင့် ပေါင်းစည်းဆက်သွယ်မှု မြှင့်တင်ရေးအတွက် များစွာအရေးပါကြောင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ရင်းနှီးမြှုပ်နှံ တည်ဆောက်ရုံနှင့် CLMV ဒေသသို့ ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာရန်၊ အခြားဒေသတွင်ရှိနေသည့် စက်ရုံ၊ အလုပ်ရုံများ ရွှေ့ပြောင်းလာစေရန် ဆွဲဆောင်ရာတွင် အထူးမူဝါဒများ ညှိနှိုင်းချမှတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

CLMV နိုင်ငံအသီးသီးတွင် ရှင်းလင်းလွယ်ကူပြီး အပြန်အလှန် ချိတ်ဆက် ဆောင်ရွက်နိုင်သည့် ကုန်သွယ်ရေးဆိုင်ရာ ပြည်တွင်းလုပ်ထုံးလုပ်နည်း၊ ဥပဒေများရှိမှသာ ကုန်သွယ်ရေး မြှင့်တင်မှုကို အားပေးသည့် ပတ်ဝန်းကျင်တစ်ရပ် ထူထောင်နိုင်မည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၅ သို့

"မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အစဉ်အလေးထားသည့် အားလျော်စွာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးကျေးဇူးရရှိစေမှုဆိုသည့်မှုများကို လက်ကိုင်ထားပြီး ACMECS ပူးပေါင်းဆောင်ရွက်ရေးတွင် တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်"

စာမျက်နှာ ၄ မှ

လုပ်ငန်းခွင် ပညာရေးစနစ်သည် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် ယနေ့ခေတ်၏ လိုအပ်ချက်များကို အထိရောက်ဆုံးနှင့် အလျင်မြန်ဆုံး ဖြည့်ဆည်းပေးနိုင်သည့်အတွက် လုပ်ငန်းခွင် ပညာရေးစနစ်ကို CLMV ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်က ပိုမိုဦးစားပေး ဆောင်ရွက်သင့်ပါကြောင်း။

စီမံခန့်ခွဲမှုဆိုင်ရာ
စွမ်းရည်ပိုင်ဆိုင်မှု အရေးပါ

CLMV နိုင်ငံများအကြား စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ ချိတ်ဆက်အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိများ၏ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်နှင့် မူဝါဒများအပေါ် သဘောပေါက်နားလည်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်ပိုင်ဆိုင်မှုများသည် များစွာအရေးပါသည့်အတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိများ စွမ်းရည်ပြည့်ဝမှုရှိစေရေးကို ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်က ဆောင်ရွက်သွားရန်လိုပါကြောင်း။

မဲခေါင်ဒေသအတွင်းမှာ ရှိသည့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအကြား တစ်ခုနှင့်တစ်ခု အထောက်အကူပြုနိုင်အောင် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်တစ်ခု ထူထောင်နိုင်ပါက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ အားလုံးနှင့် CLMV နိုင်ငံများအတွက်ပါ များစွာအကျိုးရှိစေမည်ဟု ယုံကြည်ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ခြင်းအားဖြင့် တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဝင်ငွေတိုးတက်စေသည့်နည်းတူ ပြည်သူများအတွက် စဉ်ဆက်မပြတ် ရိက္ခာရရှိစေမှု၊ အာဟာရပြည့်ဝစေမှုတို့ကိုပါ ရရှိနိုင်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်ဝေမျှခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ ပူးတွဲသုတေသနပြုလုပ်ခြင်းနှင့် မူဝါဒပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံများအကြား လျှပ်စစ်စွမ်းအင်ရောင်းဝယ်မှုသည် ဒေသတွင်း စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အပြင် နှစ်ဖက်အကျိုးရှိစေသည့်အတွက် တိုးချဲ့ဆောင်ရွက်သွားသင့်ပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုမှု ကျယ်ပြန့်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ သုတေသနပြုလုပ်မှု၊ မဟာဗျူဟာပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရေရှည်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တိုးမြှင့်ပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်

ယနေ့ကမ္ဘာ့နိုင်ငံများသည် ကဏ္ဍပေါင်းစုံတွင် ရှုပ်ထွေးလှသည့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေကြရပြီး တစ်နိုင်ငံတည်း အင်အားနှင့် ဖြေရှင်းရန်ဆိုသည်မှာ မဖြစ်နိုင်သည့်အတွက် ယဉ်ကျေးမှု၊ သမိုင်းနောက်ခံနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာ နီးစပ်မှုရှိသည့် မိမိတို့ CLMV နိုင်ငံများအနေနှင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုသာ စိန်ခေါ်မှုများကို ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွန်ဖုနှင့် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့က ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် မူဝါဒဆိုင်ရာများ ဆွေးနွေးပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ကမ္ဘောဒီးယားဝန်ကြီးချုပ်က လာအိုဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီး နေ့လယ်စာမသုံးဆောင်မီ နိုင်ငံတော်သမ္မတ၊ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များသည် AC-MECS CEO Forum တက်ရောက်လာသော ACMECS အဖွဲ့ဝင်များနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများမှ အမှုဆောင်အရာရှိချုပ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ထိုင်းနိုင်ငံမှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား ထိုင်းဘုရင့်နန်းတော် အကြံပေးကောင်စီအဖွဲ့ဝင် Dr.Chirayu၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆုန်ကစ်ဂျာတူစရိပီတက်နှင့်ဇနီး၊ တွဲဖက်ဝန်ကြီး မစ္စတာဆူဝါဖန် တန်ယူဝါဒါနနှင့်ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျက်ဘွန်လုံနှင့် ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ခင်ဇော်နှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် Wing 6 ၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဇနီး ဒေါ်ချိုချိုနှင့်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြစဉ်။ သတင်းစဉ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာအမှတ် ၆၁ / ၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးသောင်းထွန်း — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ခ) ဒေါက်တာသန်းမြင့် — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဃ) ဦးဆက်အောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ဒေါ်နီလာကျော် — အဖွဲ့ဝင်
ဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(စ) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
စီးပွားရေးပညာရှင်

(ဆ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ဇ) ဦးတိုးအောင်မြင့် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
စီးပွားရေးနှင့်
ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) ဦးထိန်လွင် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်(ငြိမ်း)
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ည) ဦးဌေးချွန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု
ဦးစီးဌာန

(ဋ) ဦးအေးလွင် — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ်

(ဌ) ဦးအောင်နိုင်ဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ
ညွှန်ကြားမှုဦးစီးဌာန

(ဍ) ဒေါ်မြသူဇာ — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု
ဦးစီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၉-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀ / ၂၀၁၈ နှင့် ၅-၆-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉ / ၂၀၁၈ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့၏ ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး၊ (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး၊ ဇွန်လ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေးနှင့် (၉) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ- ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ဒီမိုကရေစီ ဖော်ဆောင်မှုများအပေါ် ဆက်လက်ထောက်ခံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့သည် ၁၄-၆-၂၀၁၈ ရက်နေ့တွင် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာက အစိုးရအိမ်တော်၌ ပြုလုပ်သည့် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ရေးကိစ္စ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလမ်းစဉ်ဖော်ဆောင်မှုနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာက မြန်မာအစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ ဒီမိုကရေစီ ဖော်ဆောင်မှုများအပေါ် ဆက်လက် ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ယခုနှစ်တွင် ကျရောက်မည့် မြန်မာ-ထိုင်း သံတမန်ဆက်သွယ်မှုစတင်သည့် နှစ် (၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို နှစ်နိုင်ငံလုံးတွင် ကျင်းပမည့်ကိစ္စ၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် နယ်စပ်ဖြတ်ကျော်မှုအပါအဝင် နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှုများ မြှင့်တင်ရေးကိစ္စ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စ၊ ထိုင်းနိုင်ငံမှ နေရပ်ပြန်လိုသည့် နေရပ်စွန့်ခွာသူ မြန်မာနိုင်ငံသားများအား ပြန်လည်ပို့ဆောင်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်နေမှုများနှင့် အက်မက်စ်လုပ်ငန်းစဉ်မူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ထိုက်သင့်သည့် ရပိုင်ခွင့်ရရှိရေးနှင့် အလုပ်သမားအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ပေးရေးအတွက် ကူညီပံ့ပိုးပေးရေးကိုလည်း ထိုင်းအစိုးရအား မေတ္တာရပ်ခံပြောကြားခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်အပေါ် ကြိုဆိုကြောင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဆွေးနွေးပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကြပါသည်။

နိုင်ငံတော်သမ္မတသည် ၁၄-၆-၂၀၁၈ ရက်နေ့ ညနေပိုင်းတွင် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာမှ နိုင်ငံတော်သမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အစိုးရအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပုဂ္ဂလိကကဏ္ဍပူးပေါင်းပါဝင်မှု၏ အရေးပါမှု

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ နံနက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ ‘Connecting the Future: Enhancing ACMECS Cooperation and Integration’ ခေါင်းစဉ်ဖြင့် ကျင်းပသည့် ACMECS CEO Forum ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါဖိုရမ်ကို ACME-CS အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ အစိုးရ၊ ပုဂ္ဂလိကနှင့်ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများအကြား သတင်းအချက်အလက်များ၊ အတွေ့အကြုံများ၊ အတွေးအမြင်များဖလှယ်ရန်နှင့် ACMECS ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အောက်ရှိ ပေါင်းစည်းဆက်သွယ်မှု၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ACMECS ပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်မှု၏ အရေးပါမှုနှင့် စပ်လျဉ်း၍ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပါသည်။

ဇွန်လ ၁၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)မှ ACMECS ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

ဇွန်လ ၁၆ ရက်နေ့၊ နံနက်တွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၈)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယင်းနောက် ACMECS အဖွဲ့ဝင်နိုင်ငံများ၏ အားသာချက်၊ အနာဂတ်အလားအလာကောင်းများကို ထင်ဟပ်ပြသထားသည့် ACMECS ပြခန်း (Exhibition) သို့ လှည့်လည်ကြည့်ရှုခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ‘ပေါင်းစည်းဆက်နွယ်မှုရှိသည့် မဲခေါင်အသိုက်အဝန်းတစ်ခု တည်ထောင်ရေး’ ခေါင်းစဉ်ဖြင့်ကျင်းပသည့် (၈)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့သည်။ အစည်းအဝေးကို ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် ထောင်လွန်းဆီဆုလစ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွန်ဖုတို့လည်း တက်ရောက်ခဲ့ကြပါသည်။ နိုင်ငံတော်သမ္မတသည် အစည်းအဝေး၌ ACMECS ပူးပေါင်းဆောင်ရွက်ရေး၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးခဲ့ပြီး ACMECS လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃)ပါ အခြေခံအဆောက်အအုံနှင့် အဖွဲ့အစည်းဆိုင်ရာပေါင်းစည်းဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရေးစသည့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပါသည်။ ထိပ်သီးအစည်းအဝေး၌ ACMECS လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃) နှင့် ဗန်ကောက်ကြေညာစာတမ်းတို့ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ACMECS လုပ်ငန်းစီမံချက်အသစ်အရ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံအကြား ကုန်းလမ်းဆက်သွယ်မှုတိုးမြှင့်ရန်၊ မဲခေါင်နိုင်ငံများအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အခြေအနေကောင်းများဖန်တီးပေးရန်နှင့် မဲခေါင်နိုင်ငံများအကြား ကမ္ဘာလှည့်ခရီးသွားများ ခရီးသွားလာမှု ပိုမိုလွယ်ကူစေရေးအတွက် အစီအစဉ်များချမှတ်ဆောင်ရွက်သွားရန်တို့ ပါဝင်သည်။

အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် **‘စီးပွားရေး ပေါင်းစည်းမှုနှင့် ဆက်သွယ်ချိတ်ဆက်မှု ပိုမိုမြှင့်တင်ရေးသို့’** ခေါင်းစဉ်ဖြင့်ကျင်းပသည့် (၉)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို ဆက်လက်တက်ရောက်ခဲ့သည်။ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆန်က သဘာပတိအဖြစ်တာဝန်ယူခဲ့ပြီး နိုင်ငံတော်သမ္မတနှင့်အတူ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ် တို့မှ ပါဝင်တက်ရောက်ခဲ့သည်။ အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် CLMV ပူးပေါင်းဆောင်ရွက်ရေး၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို သုံးသပ်ခဲ့ပြီး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့ အပါအဝင် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အစည်းအဝေး၌ ပူးတွဲကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ CLMV ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံအကြား ဆက်သွယ်မည့်ကားလမ်းဖောက်လုပ်ရေးအတွက် ဖြစ်နိုင်ခြေ လေ့လာရေးလုပ်ငန်း ဆောင်ရွက်သွားရန်စီမံချက်လည်း ပါဝင်သည်။

ထို့နောက်နိုင်ငံတော်သမ္မတသည်ထိုင်းနိုင်ငံဝန်ကြီးချုပ်မှတည်ခင်းဧည့်ခံသည့်နေ့လယ်စာစားပွဲ (Interactive Luncheon) သို့တက်ရောက်ခဲ့သည်။ အဆိုပါနေ့လယ်စာစားပွဲကို ACMECS နိုင်ငံခေါင်းဆောင်များနှင့် ACMECS အဖွဲ့ဝင်နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းကြီးများမှ CEO များအကြား တိုက်ရိုက်ထိတွေ့ဆွေးနွေးနိုင်ရန်နှင့် ACMECS ပူးပေါင်းဆောင်ရွက်ရေးတွင် ပုဂ္ဂလိကကဏ္ဍမှပါဝင်မှုကို မြှင့်တင်ပေးရန်ရည်ရွယ်၍ စီစဉ်ခြင်းဖြစ်သည်။

ACMECS (ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ) သည် ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ၊ ပုဂံမြို့၌ စတင်ခဲ့သော ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ အဖွဲ့ဝင်အဖြစ် ပါဝင်သည်။

CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ပူးပေါင်းဆောင်ရွက်ရေး) သည် ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံဗီယင်ကျင်းမြို့၌စတင်ခဲ့သော ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ် တစ်ခုဖြစ်ပြီး၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများ အဖွဲ့ဝင်အဖြစ်ပါဝင်သည်။

ထိုင်းနိုင်ငံခရီးစဉ်သို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့နှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်အတူ အဆင့်မြင့်အရာရှိများ လိုက်ပါသွားခဲ့ပါသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဇွန်လ ၁၆ ရက်

တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး H.E. Mr. Jose Ramos Horta ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီး H.E. Mr. Joao Freitas de Camara၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်

မုတ်သုံလေ အားအလွန်ကောင်းနေမည်

နေပြည်တော် ဇွန် ၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေမည်။

မိုး/ဇလ

ကျောက်မဲ၌ အလှူရှင်လှူဒါန်းသည့်မြေပေါ်၌ စက်ရေတွင်းတူးဖော်

သီပေါ ဇွန် ၁၆

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ဟဲကွီကျေးရွာအုပ်စု နမ့်တန်မိတ်ကျေးရွာ ဒေသခံပြည်သူများ ကောင်းမွန်သန့်ရှင်းသော သောက်သုံးရေများရရှိသုံးစွဲနိုင်ရန် အလှူရှင် ဦးစိုင်းဆန်ကွမ်က မိမိပိုင်ဆိုင်သော မြေအလျား ပေ ၃၀၊ အနံပေ ၃၀ ရှိ မြေနေရာကို သက်ဆိုင်ရာသို့ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါမြေကို ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ပထမခြောက်လဘတ်ဂျက် ပြည်နယ်ရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်နိုင်ရေးအတွက် ယင်းဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဖြူဖြူအောင်နှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ဇွန် ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများစတင်ဆောင်ရွက်ကြရာ ကျေးရွာသားများအနေဖြင့် သန့်ရှင်းသော ရေကောင်းရေသန့်သောက်သုံးကြရမည်ဖြစ်သဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

❍ *ကျောဖုံးမှ*

အထိ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၁၆ ရက်မှ ၁၉ ရက်အထိ စင်ကာပူလိဂ်တွင် လာရောက်ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းနှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ကာ ဇွန် ၁၈ ရက်တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့ပြင် ဇွန် ၂၀ ရက်တွင် ဒုတိယခြေစမ်းပွဲအဖြစ် စင်ကာပူ ယူ-၂၃ အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ စင်ကာပူဘောလုံးအဖွဲ့ချုပ်သည် စင်ကာပူ ယူ-၂၃ အသင်းနှင့် ခြေစမ်းရန် မြန်မာ ယူ-၂၃အသင်းကို ဖိတ်ကြားသော်လည်း အသင်းဖွဲ့စည်းရခြင်း မရှိသေးသောကြောင့် မြန်မာ ယူ-၁၉ အသင်းအား မြန်မာ ယူ-၂၃ အသင်း (ခ) အသင်းအမည်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲအတွက် မေ ၁၀ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး အသင်းနှင့် အံမဝင်သည့် ကစားသမားများကို အပြောင်းအလဲများပြုလုပ်ခဲ့ပြီး နောက်ဆုံးရွေးချယ်ထားသည့် ကစားသမား ၂၈ ဦးစလုံး စုံလင်စွာလေ့ကျင့်နိုင်သည့်ရက်မှာ အနည်းငယ်သာရှိခဲ့ကာ ယခုခရီးစဉ်အတွက် ကစားသမား ၂၃ ဦး ခေါ်ဆောင်သွားသည်။

မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူခြေစမ်းခရီးစဉ်မှ ဇွန် ၂၁ ရက်တွင် ပြန်လည်ရောက်ရှိမည် ဖြစ်သည်။

ညီမြတ်သော်တာ

◆ *ကျောဖုံးမှ*

မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီး ရေလျှံမှု ဖြစ်စဉ်များကြောင့် ရေလှောင်တမံများနှင့် ပတ်သက်သည့် ကောလာဟလသတင်းများကို ပြည်သူများအနေဖြင့် မယုံကြည်ကြရန်နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း ဆည်/ရေလှောင်တမံများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

ဧယျာဝတီရိုင်းမြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

ဧယျာဝတီရိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများအား မန်းအောင်ငြိမ်းဖောင်ဒေးရှင်းက ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဧယျာဝတီရိုင်းမြို့နယ် စိမ်းစားပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံကြီး၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံတော်အနေဖြင့် ပညာရေးအဆင့် မြင့်မားရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူပညာရေး မြှင့်တင်မှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းအတွင်း လိုအပ်သည့်ဥပဒေကိုစတင်ဆွေးနွေး ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပညာရေးစနစ် မည်သို့ပြောင်းလဲသော်လည်း ကျောင်းသား၊ ဆရာ၊ မိဘ အပါအဝင် ကျောင်းအကျိုးဆောင်များသည် အဓိကအရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်ပါကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်သည့်အပြင် တက္ကသိုလ်ဝင်တန်း မအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများကိုလည်း စာနာထောက်ထားပြီး အားပေးသွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူများ၏ ဘဝရှေ့ဆက်ရေးအတွက် လိုအပ်သည့် အသက်မွေးကျောင်း ပညာရပ်များ ဆက်လက်သင်ကြားနိုင်ရန် ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက ဆွေးနွေးပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာကို ဆက်လက်သင်ကြားပြီး မိမိအကျိုးနှင့် အများအကျိုးကို သယ်ပိုးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ဧယျာဝတီရိုင်းမြို့နယ် အနေဖြင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် နှစ်စဉ် တာဝန်ရှိသူများက ပါဝင် ဆောင်ရွက်ပေးခဲ့သော်လည်း ယခုနှစ် အောင်ချက်ရာခိုင်နှုန်းသည် ယမန်နှစ် အောင်ချက်ရာခိုင်နှုန်းထက် ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ ထို့ကြောင့် လာမည့်နှစ်များတွင် အောင်ချက်ရာခိုင်နှုန်းပိုမိုတိုးတက်ရေးအတွက် မိဘ၊ ဆရာ၊ ကျောင်းသားနှင့် တာဝန်ရှိသူများက ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။ သတင်းစဉ်

ယင်းနောက် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူ လေးဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ ခုနစ် ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၆၇ ဦးတို့အား နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧယျာဝတီရိုင်းမြို့နယ်မှ အောင်ချက်အကောင်းဆုံး ပထမဆုရ အထက(၁)နေပြည်တော်၊ ဒုတိယဆုရ အထက(ရေဆင်း)နှင့် တတိယဆုရ အထက(၁၆) (ကျည်တောင်) တို့အား ခရိုင်ပညာရေးမှူး ဦးကြည်ရွှင်က ဂုဏ်ပြုဆုများပေးအပ်ပြီး ဧယျာဝတီရိုင်းမြို့နယ်အတွင်းရှိကျောင်းအုပ် ဆရာ၊ ဆရာမကြီးများအတွက် ဂုဏ်ပြုဆုများကို မြို့နယ်ပညာရေးမှူး ဦးထွန်းဦးက ပေးအပ်သည်။

ဆက်လက်၍ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ လေးဘာသာဂုဏ်ထူးရှင် မောင်ကောင်းဆက်ဟိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

သတင်းစဉ်

၂၀၁၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၆

၂၀၁၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Stephen Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ ၂၀၁၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အမျိုးသားသွေးဌာနတာဝန်ခံ ဒေါက်တာသီတာအောင်က သွေးလှူဒါန်းရန် ကြိုတင်စာရင်းပေးနိုင်သော Android Application ကို မိတ်ဆက်ပေးကာ Application ဖြစ်မြောက်ရေးအဖွဲ့မှ မလင်းဝါဝါဇော်က Application အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက Application ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နှစ်စဉ်နှစ်တိုင်း ဇွန်လ ၁၄ ရက်တွင် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကမ္ဘာအဝန်း၌ ကျင်းပကြသည်။ ဤသို့ကျင်းပခြင်းမှာ စေတနာဖြင့် သွေးလှူဒါန်းကြသော သွေးလှူရှင်များ၏ သွေးဖြင့်အသက်ကယ်ခဲ့သည်ကို ကျေးဇူးပြုသည့် အနေဖြင့် လည်းကောင်း၊ ပုံမှန်သွေးလှူရှင်များရရှိရန် လိုအပ်သည်ကို နားလည် သိရှိစေရန်နှင့် လူနာများ သန့်စင်သော သွေးနှင့်သွေးပစ္စည်းများ အစဉ်မပြတ်ရရှိစေရန်အတွက် လည်းကောင်း ကမ္ဘာတစ်ဝန်းတွင် အခမ်းအနားများ ကျင်းပလေ့ရှိကြသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

၂၀၁၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမျိုးသားသွေးဌာနတာဝန်ခံ ဒေါက်တာသီတာအောင် က "ဒီနေ့ အခမ်းအနားက တစ်ကမ္ဘာလုံးမှာရှိတဲ့ သွေးသွင်းကုသဖို့ ထောက်ပံ့ပေးနေတဲ့ စေတနာသွေးလှူရှင်တွေကို တစ်ကမ္ဘာလုံးက အထိမ်းအမှတ် နေ့တစ်နေ့အနေနဲ့ ဂုဏ်ပြုတာပါ၊ အဓိက ကတော့ လူနာတွေ သွေးလိုအပ်တဲ့အချိန်မှာ စေတနာသွေးလှူရှင်တွေသာ မထောက်ပံ့ဘူးဆိုရင် လူနာတွေအတွက် ဘယ်လောက်ပဲ စက်ပစ္စည်းကိရိယာတွေ တိုးတက်ပါစေ၊ ပညာရှင်တွေ ဘယ်လောက်တော်ပါစေ၊ သွေးလိုတဲ့ရောဂါကို သွေးမပေးနိုင်ရင် ဘယ်လိုမှ ပျောက်ကင်းအောင်ကုလို့ မရပါဘူး၊ အဲဒါကြောင့် မြန်မာပြည်သာမက ကမ္ဘာတစ်ဝန်းမှာ သွေးလိုအပ်တဲ့ လူနာတွေအတွက် မရှိမဖြစ်လိုအပ်သော စေတနာသွေးလှူရှင်တွေကို အလေးတယူပြုပြီး ကျေးဇူးတင်ကြောင်းပြတဲ့ အခမ်းအနားလည်း ဖြစ်ပါတယ်၊ ဒီအခမ်းအနားကနေ ပေးချင်တဲ့ သတင်းစကားကတော့ ဒီလိုမျိုး လှူတဲ့ စေတနာသွေးလှူရှင်တွေ ရှိသကဲ့သို့ နောင်မျိုးဆက်သစ်တွေလည်း သွေးလှူခြင်းအားဖြင့် ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ရှိတဲ့ လူနာတွေကို ထောက်ပံ့ပေးဖို့ဆိုတဲ့သတင်းစကားလေး ပြန့်ချင်တာပါ။

"နောက်တစ်ခုကတော့ ရှိတဲ့ အဆောက်အဦ အခြေအနေနဲ့ သွေးလှူရှင် ၁၅၀၀ တစ်ပြိုင်တည်း လာမယ်ဆိုရင် ဘယ်လိုမှ မနိုင်တော့ဘူး၊ အဲဒါကြောင့် လွန်ခဲ့တဲ့ ၁၂ လ အတွင်းမှာ အရေးကြီးဆုံးသော စောင့်ဆိုင်းရမယ့်နေရာတွေကို ပြောင်းလိုက်တယ်၊ သွေးလှူဒါန်းပွဲတွေကို ခွဲထုတ်နိုင်အောင် ကြိုးစားတယ်၊ ပြီးရင် တစ်ယောက်ချင်းလှူမယ့် အလှူရှင်တွေကို ဒီနေ့လူများမယ်ဆိုရင် သူ့အကောင့်ကို ပိတ်ထားလိုက်တော့ သူမလာသင့်ဘူးဆိုတာ သိသွားတယ်၊ လက်ခံလိုက်ပြီဆိုရင် သူတို့အတွက် သက်သောင့်သက်သာ ဖြစ်တဲ့အချိန်ဆိုတာ သိသွားတယ်၊ ၂၀၁၇ ကမ္ဘာ့သွေးလှူရှင်များနေ့ကစပြီး ၂၀၁၈ ကမ္ဘာ့သွေးလှူရှင်များနေ့အထိ ၁၂ လ အတွင်းမှာ ဒီ Application ကို ကြိုးစားခဲ့ပါတယ်၊ တော်တော်လေး အဆင်ပြေနေပြီလို့ ထင်ပါတယ်၊ သွေးလှူဒါန်းတဲ့သူတွေဘက်က အဆင်ပြေဖို့အတွက် ဒီ Application ကို ထည့်ထားပေးတာပါ၊ နောင်အတွက် ကြိုတင်ပြင်ဆင်ပြုပြင်ပေးချင်လို့ပါ"ဟု ပြောသည်။

(၁၂၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည့် ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရကလည်း "ဘုန်းကြီးက စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ထီးဆောင်းစံပြကျေးရွာမှာ သီတင်းသုံးပါတယ်၊ သွေးလှူခဲ့တာ ၁၂၄ ကြိမ် ရှိနေပါပြီ၊ ဦးပဥ္စင်းခံယူချက်က **ငါ့သွေးစက်ဖြင့် စိမ်းကျက်မရွေး၊ သူဌေးဆင်းရဲသား မခွဲခြားဘဲ သနားကြင်နာ ကရုဏာဖြင့် ဝေဒနာရှင်ပေါင်း ချမ်းသာကြောင်းအတွက် နှစ်ထောင်းအားရပါပေ့၊ လေးလပြည့်တိုင်း သွေးလှူမယ်လို့** ဦးပဥ္စင်း အဓိဋ္ဌာန် ကဗျာရေးဖွဲ့ထားပါတယ်၊ ဦးပဥ္စင်းသွေးလှူဒါန်းတာ ၃၅ ကြိမ် အရောက်မှာ တစ်ရွာလုံးကို စည်းရုံးမှု ပြုလုပ်ခဲ့တယ်၊ ဦးပဥ္စင်းတို့ ရွာတစ်ရွာတည်းမှာ သွေးလှူရှင် ၁၅၀၀၊ ၂၀၀၀ ကြား သွေးလှူခဲ့ကြတယ်၊ ရွာကိုလည်း သွေးလှူရှင်ရွာလို့ သတ်မှတ်ခံရတယ်၊ နောင်လာ နောက်သား မျိုးဆက်သစ်လူငယ်တွေ သွေးလှူဖို့ လှူချင်လာအောင်လည်း ဆောင်ရွက်နေတယ်၊ ဒီဇင်ဘာလမှာ ဗန်ကောက်ထိ သွေးသွားလှူဖို့ စီစဉ်နေတယ်"ဟု မိန့်ကြားသည်။

ထို့ပြင် သွေးလှူဒါန်းရန် ကြိုတင်စာရင်းပေးနိုင်သော Android Application နှင့် စပ်လျဉ်း၍ အမျိုးသားသွေးဌာန၏ IT အကြံပေး ဂျပန်လူမျိုး Mr. Hiromasa Konishi က "ကျွန်တော်က အမျိုးသားသွေးဌာနကို လာရောက်ကူညီတာပါ၊ ဒီဆော့ဝဲလ် Android Application ကတော့ လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ်ကျော်လောက်ကတည်းက စတင်တီထွင် ထုတ်လုပ်ခဲ့တာပါ၊ ဒီ Application ကို အားလုံး အသုံးပြုနိုင်အောင် ရိုးရိုးရှင်းရှင်းနဲ့ပဲ လုပ်ထားပေးပါတယ်၊ နောက် အင်တာနက်နဲ့ချိတ်ပြီး ကြိုတင်ရက်ချိန်းယူတာ လုပ်လို့ရတယ်၊ သွေးလှူချင်တဲ့သူတွေ သွေးလှူလို့ရမယ်၊ သူတို့သွေးလှူမယ့်ရက်တွေကို ပြန်ကြည့်လို့ရမယ်၊ အဲဒီလိုမျိုး လုပ်ပေးထားပါတယ်၊ အသုံးပြုမယ့်သူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို လုံခြုံမှုရှိအောင်ဆိုပြီး ဖုန်းထဲမှာပဲ သိမ်းထားပေးပါတယ်၊ ဝက်ဘ်ဆိုက်မှာလည်း ရှိမယ်၊ Facebook Page ဂျာနယ်ထဲက ရှယ်ပေးမယ်၊ Playstore မှာလည်း ဒေါင်းလုဒ် လုပ်လို့ရတယ်၊ Facebook တို့လိုမျိုးပဲ Install လုပ်လိုက်ရုံပါပဲ၊ Facebook Account ကတော့ Donate Blood ပါ"ဟု ပြောသည်။

ယခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကမ္ဘာတစ်ဝန်း၌ ကျင်းပခဲ့ပြီး အိမ်ရှင်နိုင်ငံအဖြစ် ဂရိနိုင်ငံ အေသင်မြို့တွင် ကျင်းပခဲ့သည်။ ယခုနှစ် ဆောင်ပုဒ်မှာ **"အများသူငါ ကူညီကာ၊ သွေးလှူခြင်းဖြင့် အသက်ကယ်ပါ"** ဖြစ်သည်ဟု သိရသည်။ **သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
ဓာတ်ပုံ - လှမိုး

မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော် ဇွန် ၁၆

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်မြို့တွင် ၅ ဒသမ ၄၀ လက်မ၊ ဖျာပုံမြို့တွင် ၅ ဒသမ ၁၆ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၇၈ လက်မ၊ မြောင်းမြမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၃၄ လက်မ၊ ဝမ်းတွင်းမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၀၅ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၁၃ လက်မနှင့် နွားထိုးကြီးမြို့တွင် ၂ ဒသမ ၀၃ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ညှိနှိုင်းဆွေးနွေး

မကွေး ဇွန် ၁၆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဇွန် ၁၅ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ တိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ သာမက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများကြောင့် လမ်းများ၊ တံတားများ၊ နေအိမ်များ၊ လယ်ယာမြေများနှင့် စိုက်ပျိုးသီးနှံများ ဆုံးရှုံးခဲ့ရသည်ကို သိရှိပါကြောင်း၊ ပြည်သူများ ဘေးလွတ်ကင်းရာဒေသသို့ ယာယီပြောင်းရွှေ့နေရာ ချထားပေးနိုင်ခဲ့သော်လည်း ဓာတ်လိုက်သေဆုံးခြင်းနှင့် ရေတွင်မျောပါ သေဆုံးမှုများကြောင့် အသက်ဆုံးရှုံးမှုအချို့ရှိခဲ့ကြောင်း။

ရေဘေးကြိုတင် ကာကွယ်ရေးအတွက် တာတမံများ ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း၊ ပန်းတာများ ပြုလုပ်ခြင်း၊ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်း၊ သဲအိတ်များဖြင့် တာဖို့ခြင်း၊ မြေထိန်းနံရံများ ပြုလုပ်ခြင်း၊ ရေပြွန်များ၊ ရေကာတာများ ပြုလုပ်ခြင်း၊ ပြည်သူများ ဘေးကင်းစေရန်အတွက် စက်လှေများ၊ အသက်ကယ်အင်္ကျီများ အပြင် ဘက်စုံသုံး ဆိပ်ခံဖော်တံတား ရေယာဉ်တို့ကိုပါ ထောက်ပံ့ပေးထားပါကြောင်း၊ အသိပညာပေး ရုပ်သံဇာတ်လမ်းများ၊ စာစောင်များနှင့် လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းများကိုလည်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်ထားရှိပါကြောင်းနှင့် ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်များကိုလည်း သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ယခုရက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုသည် အချိန်တိုအတွင်း အပျက်အစီး များပါကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဇွန်လဒုတိယပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဓိကဆည်ကြီး ခြောက်ခုတွင် ကန်ရေပြည့်အမှတ်များ ကျော်လွန်ပြီး မုန်းချောင်း၊ မန်းချောင်း၊ မင်းတုန်းချောင်း၊ မဒေးချောင်းများ ရေကြီးမှုဖြစ်ပွားကာ မင်းဘူးနှင့် သရက်ခရိုင်အတွင်းရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခဲ့ရကြောင်း၊ လမ်းများ၊ တံတားများ၊ လယ်ယာမြေများနှင့် စိုက်ပျိုးထားသော သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် လူငါးဦး အသက်ဆုံးရှုံးခဲ့ရကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက် တင်ပြဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ကြုံတွေ့ရသော အခက်အခဲများကို အသီးသီး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် (မှုရိုးကုန်း) ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တခိုလှုံနေသော ကမ်းပြိုဘေးကြောင့် ရွှေ့ပြောင်းခဲ့ရသောသူများနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားကာ လတ်တလော ပြောင်းရွှေ့နေရသော စုစုပေါင်း အိမ်ခြေ ၇၅ လုံးအတွက် အိမ်ထောင်တစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းနှင့် စားနပ်ရိက္ခာထောက်ပံ့ငွေကျပ် ၆၃၈၄၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၈၁၃၈၄၀၀ ကို ထောက်ပံ့ပေးခဲ့ပြီး လက်တလော မြစ်ကမ်းပါးပြိုကျနေမှု အခြေအနေကို ကြည့်ရှုသည်။ **(ဓာတ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် ပွင့်ဖြူမြို့ ရွှေပန်းမြိုင်ဘုရားဓမ္မာရုံရှိ ယာယီရေဘေးခိုလှုံသူ အိမ်ထောင်စု ၂၃၀ စုအတွက် လတ်တလော စားသုံးရန် ရိက္ခာ ထောက်ပံ့ငွေကျပ် ၁၈၄၂၉၆၀၀ ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယခုလတ်တလော ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် မကွေးတိုင်းဒေသကြီး၊ ငဖဲ၊ ကံမ၊ စကု၊ မင်းတုန်း၊ ပွင့်ဖြူနှင့် စေတုတ္တရာမြို့နယ်များတွင် လမ်း၊ တံတား၊ တာတမံ၊ လူနေအိမ် အဆောက်အအုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် လယ်ယာမြေ ပျက်စီးဆုံးရှုံးမှု ကနဦးခန့်မှန်းတန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၂၂၇၂၀ ခန့် ရှိကြောင်း၊ ဆုံးရှုံးမှုစာရင်းများကို အတိအကျရရှိရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စက်မှုလယ်ယာဦးစီးဌာနမှ လက်တွန်းထွန်စက်များကို အရစ်ကျစနစ်ဖြင့် တောင်သူများအား ရောင်းချပေးလျက်ရှိ

ကျောက်ဖြူမြို့ရှိ စက်မှုလယ်ယာဦးစီးဌာနမှ တောင်ကုတ်မြို့နယ် ဆားပြင်ကျေးရွာအုပ်စုရှိ တောင်သူများအား ကျေးရွာအရောက် လက်တွန်းထွန်စက်များ ရောင်းချပေးနေစဉ်။

စစ်တွေ ဇွန် ၁၆

စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ် တောင်ကုတ်၊ မင်းပြားနှင့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများအတွက် လက်တွန်းထွန်စက်များကို ကျေးရွာအရောက်အရစ်ကျစနစ်ဖြင့် တပ်ဆင်ရောင်းချပေးလျက်ရှိကြောင်း စစ်တွေမြို့ရှိ စက်မှုလယ်ယာဦးစီးဌာနရုံးမှ သိရသည်။

"ရခိုင်ပြည်နယ်က လယ်သမားတွေ လယ်ယာသုံးစက်ကိရိယာတွေကို တွင်တွင်ကျယ်ကျယ် သုံးနိုင်အောင်ပါ၊ အခုက ကျွဲ၊ နွားတွေ ရှားပါးလာပြီ၊ လယ်ယာလုပ်သားတွေလည်း ရှားပါးလာပြီ၊ လယ်ယာသုံးစက်ကိရိယာတွေက လုပ်ငန်းခွင်မှာ လိုအပ်လာတဲ့အတွက် လယ်ယာသုံး စက်ကိရိယာတွေကို စျေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးတာပါ" ဟု စစ်တွေမြို့ရှိ စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူး ဦးတင်မောင်ကြည်က ပြောသည်။

ဇွန် ၁၅ ရက်ကလည်း ကျောက်ဖြူမြို့ရှိ စက်မှုလယ်ယာဦးစီးဌာနမှ တောင်ကုတ်မြို့နယ် ဆားပြင်ကျေးရွာအုပ်စုရှိ တောင်သူများအား ကျေးရွာအရောက် လက်တွန်းထွန်စက် အစီး ၅၀ ကို အရစ်ကျစနစ်ဖြင့် စာချုပ်ချုပ်ဆိုရောင်းချပေးခဲ့ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

"အခုရောင်းတာက လယ်သမားတွေ တစ်ရွာတည်းမှာတင် လက်တွန်းထွန်စက် အစီးရေ ၅၀ ဝယ်မယ်ဆိုလို့ ကျေးရွာအရောက် ပို့ပေးတာပါ၊ စက်တွေကို ရွာမှာပဲ တပ်ဆင်ပြီးတော့ စာချုပ်ချုပ်တယ်၊ တောင်သူတွေ ကျောက်ဖြူအထိ လာစရာမလိုတော့ဘူး၊ အချိန်ကုန် သက်သာမယ်၊ တောင်သူတွေ သယ်ယူစရိတ်လည်းသက်သာမယ်၊ လုပ်ငန်းလည်း မပျက်ဘူး" ဟု ပြည်နယ်ဦးစီးဌာနမှူး ဦးတင်မောင်ကြည်က ပြောသည်။

စက်မှုလယ်ယာဦးစီးဌာနမှ ယခုနှစ် မိုးရာသီအတွင်း ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများသို့ လက်တွန်းထွန်စက် အစီး ၃၅၀ ကို တောင်သူများထံသို့ ဖြန့်ဖြူးရောင်းချပြီးဖြစ်ကြောင်း၊ ဘူးသီးတောင်မြို့နယ်တွင်လည်း လက်တွန်းထွန်စက် အစီး ၅၀ ထပ်မံတိုးချဲ့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- မင်းသစ်(သတင်းစဉ်)

မင်းတုန်းတွင် တောင်ကျချောင်းရေကြောင့် အိမ် ၁၀၀၀ ကျော် ရေဘေးသင့်သို့လျှောင်ထားသော ဆန်၊ စပါးများပါ ပျက်စီးဆုံးရှုံး

မင်းတုန်း ဇွန် ၁၆

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ ဇွန် ၁၁ ရက်က အဆက်မပြတ်ရွာသွန်းခဲ့သော မိုးကြောင့် နေရာဒေသအနှံ့အပြားတွင် တောင်ကျရေများ လွှမ်းလျက်ရှိပြီး လူနေအိမ် ၁၀၀၀ ကျော် ဆုံးရှုံးပျက်စီးကာ ဆန်စပါးများ ရေထဲပါသွားခဲ့သဖြင့် အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း ဒေသခံများက ပြောကြား သည်။

မင်းတုန်းချောင်းနှင့် လွှာချောင်းတို့ရေလျှံမှုသည် ဇွန် ၁၄ ရက်အထိ ကျဆင်းခြင်းမရှိသည့်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၈ ရွာ၊ နေအိမ်ပေါင်း ၁၀၃၂ အိမ်ရေဝင်နစ်မြုပ်ခဲ့ပြီး လူနေအိမ်ပေါင်း ၁၀၂ ရွှေ့ပြောင်းပေးခဲ့ရကာ လူနေအိမ်ရှစ်လုံး ရေနောက်မျောပါသွားကြောင်း စာရင်းအတိအကျ သိရှိရခြင်းမရှိသေးဘဲ အချို့သောကျေးရွာများမှာ လမ်းပန်းဆက်သွယ်မှုခက်ခဲမှုကြောင့် "ရေတက်တာက အရမ်းမြန်တယ်၊ နှစ်နာရီအတွင်း ရေက ဆယ်ပေလောက်ကို တက်လာတာ၊ ပစ္စည်းတွေသယ်ဖို့နေနေသာသာ လူတွေကို လွတ်အောင်မနည်း ကယ်ထုတ်ရတာ" ဟု ငွေးတောင်ချိုအုပ်စု တောင်မြင့်ကျေးရွာ ယာအိမ်မှူး ဦးဌေးအောင် က ပြောကြား သည်။

ကိုလွင်(ဆွာ)

မြောင်းမြတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

မြောင်းမြ ဇွန် ၁၆

ကျေးရွာနေပြည်သူများ လူနေမှုအဆင့်မြင့်မားစေရေးနှင့် ကျေးလက်ပြည်သူများ စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရေးရည်ရွယ်၍ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာအုပ်စု ကျုံဝါးကျေးရွာ တောင်သူပညာပေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးလှမျိုးအောင်က ကျေးလက်စကားဝိုင်း ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စကားဝိုင်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်းနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနသုတေသနအရာရှိ ဦးထိန်လင်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးတင် မောင်ငြိမ်း၊ တောင်သူလယ်သမားကိုယ်စားလှယ် စံပြတောင်သူ ဦးဝင်းလှိုင်တို့က ဒေသခံတောင်သူလယ်သမားများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သိကောင်းစရာများ၊ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ် ထူထောင်နိုင်ရေး၊ လုပ်ကွက်ငယ်တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသော ကျုံဝါး၊ ခနုံး ချောင်း၊ ကြာဖူးငုံ၊ ကံချောင်၊ မဒေါ့ပင်၊ သပြေချောင်ကျေးရွာများမှ ဒေသခံ တောင်သူလယ်သမားများက လယ်ယာကဏ္ဍဆိုင်ရာ သိလိုသည့် ကိစ္စများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောင်မင်း (မြောင်းမြ)

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုဒေါ်လာ ဘီလီယံ ၃၀ ကျော်ခဲ့သော်လည်း ကုန်သွယ်မှုလိုငွေပြနေဆဲ

နေပြည်တော် ဇွန် ၁၆

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅ ဘီလီယံရှိခဲ့ပြီး စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံနှင့် သွင်းကုန်စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံရှိခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ပို့ကုန်သွင်းကုန်အစီရင်ခံစာမှ သိရှိရသည်။

"ကုန်သွယ်မှုပမာဏအနေနဲ့ပြောရရင် မြင့်မားလာပါတယ်၊ ဒါပေမယ့် ကုန်သွယ်မှုပမာဏမြင့်လာတဲ့နောက်မှာ ပို့ကုန်တွေ ပိုမိုတင်ပို့နိုင်ရေးကလည်း အလွန်အရေးပါ ပါတယ်၊ အခုဘဏ္ဍာနှစ်မှာတော့ ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော်ရှိခဲ့ပေမယ့် သွင်းကုန်ပမာဏက ပိုမိုများပြားနေခဲ့ပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

ကုန်သွယ်မှုပမာဏမြင့်မားသော်လည်း ကုန်သွယ်မှုတွင် ပို့ကုန်မှာ သွင်းကုန်ထက်လျော့နည်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ ဖြစ်ပေါ်ခဲ့သည်။ ယခင်ဘဏ္ဍာနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏသည် ၁၆ ဒသမ ၉ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်း အဖွဲ့မှ သိရှိရပြီး ကုန်သွယ်မှုပမာဏ တိုးတက်လာခဲ့ခြင်းမှာ ပင်လယ်ရေကြောင်းမှ ၁၀ ဒသမ ၉ ရာခိုင်နှုန်းခန့်၊ လေကြောင်းလိုင်းမှ ၁၅၅ ဒသမ ၈ ရာခိုင်နှုန်းခန့်နှင့် ဓာတ်ငွေ့ပိုက်လိုင်းမှ ၁၅ ဒသမ ၆ ရာခိုင်နှုန်းခန့် ပိုမိုခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရှိရသည်။

ငွေကြေးအမျိုးအစားအလိုက်ကုန်သွယ်မှု

အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့်ငွေကြေးအမျိုးအစားအလိုက် ပို့ကုန်သွင်းကုန်နှင့် လိုငွေများတွင် ယူရိုငွေကြေးဖြင့် ကုန်သွယ်ရာတွင် ပို့ကုန်တန်ဖိုးမှာ ၃၁၇ သန်းကျော်ရှိခဲ့ပြီး ဂျပန်ယန်းဖြင့် ကုန်သွယ်မှုတန်ဖိုးမှာ ပို့ကုန် ၀ ဒသမ ၅၉ သန်းသာရှိခဲ့သည်။ စင်ကာပူဒေါ်လာဖြင့် ကုန်သွယ်မှုတန်ဖိုးမှာ ပို့ကုန် ၀ ဒသမ ၄၁ သန်းနှင့် ထိုင်းဘတ်ဖြင့် ကုန်သွယ်မှုမှာ ပို့ကုန် ၀ ဒသမ ၀၁ သန်း၊ စတာလင်ပေါင်ဖြင့် ကုန်သွယ်မှုမှာ ပို့ကုန် ၀ ဒသမ ၀၅ သန်း၊ ဩစတြေးလျဒေါ်လာဖြင့် ကုန်သွယ်မှုတန်ဖိုး ပို့ကုန် ၀ ဒသမ ၁၆သန်း ရှိခဲ့သည်။ အမေရိကန်ဒေါ်လာဖြင့် ကုန်သွယ်မှုမှာမူ ပို့ကုန်များတွင် သန်းပေါင်း ၈၁၇၇ ဒသမ ၂၂ သန်း၊ သွင်းကုန်မှာ ၁၄၃၃၅ ဒသမ ၉၁ သန်း ရှိခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ၆၁၅၈ ဒသမ ၆၉ သန်းအထိ ရှိခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှဖေဖော်ဝါရီလအထိ ပုံမှန်သွင်းကုန်များတွင် ရေနံထွက်ပစ္စည်းများ၊ မီးရထားနှင့် မီးရထားပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စားအုန်းဆီ၊ အခြားစက်နှင့် စက်ပစ္စည်းများ၊ လေယာဉ်နှင့် လေယာဉ်ပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ မှန်ပြောင်း၊ ဓာတ်ပုံကင်မရာ၊ ရုပ်ရှင်ရိုက်ကူးစက်နှင့် ဓာတုဗေဒဆိုင်ရာပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းခဲ့ပြီး ပုံမှန်ပို့ကုန်များတွင် ပဲအမျိုးမျိုး၊ သစ်ခွဲသား၊ သစ်ပါးလွှာ၊ အထပ်သားနှင့် ကျောက်မျက်ရတနာများ တင်ပို့မှု လျော့ကျခဲ့သဖြင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း ခန့်မှန်းရသည်။

နယ်စပ်ကုန်သွယ်ရေးကုန်သွယ်မှုပိုငွေပြ

ယင်းဘဏ္ဍာနှစ်၏ နယ်စပ်ကုန်သွယ်ရေးတွင် ဆန်၊ သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်း၊ ငါး၊ ပြောင်းနှင့် ရေနံချေးတင်ပို့မှု ပိုမိုခဲ့ပြီး သွင်းကုန်တွင် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ အခြားစက်နှင့် စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ ဘိလပ်မြေနှင့် လယ်ထွန်စက်၊ ဓာတ်မြေဩဇာ၊ လျှပ်စစ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှုကျဆင်းခဲ့သည်ကို မြင်တွေ့ရသည်။ စုစုပေါင်းနယ်စပ်ကုန်သွယ်ရေးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၇၆၅၈ ဒသမ ၀၄ သန်းရှိခဲ့ပြီး ပို့ကုန်စုစုပေါင်းမှာ ၄၉၈၃ ဒသမ ၇၂သန်း၊ သွင်းကုန်မှာ ၂၆၇၄ ဒသမ ၃၂ သန်းရှိခဲ့သည်။ ထို့ကြောင့် ကုန်သွယ်မှုပိုငွေမှာ သန်း ၂၃၀၉ ဒသမ ၄၀ အထိ ရှိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့် ငွေကြေးအမျိုးအစားအလိုက် နယ်စပ်ပို့ကုန်နှင့် သွင်းကုန်စာရင်းဇယားများအရ သိရှိရသည်။

ပို့ကုန် သွင်းကုန်အမယ်များ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံ၏ အများဆုံးတင်ပို့သည့် ကုန်ပစ္စည်းအမျိုး ၂၀ အနက် သဘာဝဓာတ်ငွေ့သည် အများဆုံးတင်ပို့ရသည့် ပို့ကုန်ဖြစ်ပြီး ဆန်၊ သတ္တုနှင့် သတ္တုရိုင်း၊ ကျောက်စိမ်းနှင့် ပဲအမျိုးမျိုးတို့သည် အများဆုံးတင်ပို့ရသည့် ပို့ကုန်များဖြစ်ခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရှိရသည်။ ယင်းဘဏ္ဍာနှစ်အတွင်း သဘာဝဓာတ်ငွေ့တင်ပို့နိုင်မှုတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၁၆၆ ဒသမ ၆ သန်းရှိခဲ့ပြီး ဆန်မက်ထရစ်တန် ၂၇၄၆ ဒသမ ၈ တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၈၉၄ ဒသမ ၂ သန်း အထိ ရှိခဲ့သည်။ ယခင်နှစ်က ဆန်တင်ပို့မှုမှာ မက်ထရစ်တန် ၁၁၁၁ တန်သာရှိခဲ့သည့်အတွက် တင်ပို့နိုင်မှု တန် ၁၀၀၀ ကျော်ခဲ့သည်ကို တွေ့ရှိရသည်။

ယင်းပို့ကုန်ငါးခုအပြင် ငါး၊ ပြောင်း၊ သကြား၊ ရော်ဘာစိမ်း၊ နှမ်း၊ ရေနံချေး၊ ဆန်ကွဲ၊ သစ်ခွဲသား၊ သစ်ပါးလွှာနှင့် အထပ်သား၊ စက်သုံးဆီ၊ ကဏန်း၊ ပုစွန်၊ သခွားမွှေး၊ ဖရဲနှင့် ငါးမှုန့်တို့မှာ အများဆုံးပို့ကုန်များ ဖြစ်ခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသို့ အများဆုံးတင်ပို့ကြသည့် ကုန်စည်များတွင် ရေနံထွက်ပစ္စည်းတင်ပို့မှုသည် အမြင့်ဆုံးဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ အမေရိကန်ဒေါ်လာ ၃၂၁၃ ဒသမ ၆ သန်းအထိရှိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရှိရသည်။ ထို့အတွက် ယခင်နှစ်ကာလတူတွင် ဒေါ်လာ ၂၀၅၁ ဒသမ ၈ သန်း တင်သွင်းထားခဲ့ရာ ယခင်နှစ်ကထက် များပြားခဲ့သည်ကို မြင်တွေ့ရသည်။ ယင်းအပြင် မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုတွင်လည်း ဒေါ်လာ ၁၂၆၂ ဒသမ ၅ သန်းတန်ဖိုးတင်သွင်းထားခဲ့ရာ ယခင်နှစ်ကာလတူက ဒေါ်လာ ၁၆၉၉ သန်းကျော် တင်သွင်းထားသဖြင့် လျော့နည်းတင်သွင်းထားသည်ကိုမြင်တွေ့ရသည်။ စက်နှင့် စက်ပစ္စည်းများတင်သွင်းမှုတွင် ဒေါ်လာ ၉၇၈ ဒသမ ၉ သန်း တင်သွင်းထားခဲ့ပြီး ယခင်ကာလတူနှစ်က ဒေါ်လာ ၉၆၇ သန်းတင်သွင်းထားခဲ့သဖြင့် ယမန်နှစ်ကထက် ပိုမိုတင်သွင်းခဲ့သည်။

အများဆုံးတင်သွင်းသည့် သွင်းကုန်အမယ်များတွင် သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ စားအုန်းဆီ၊ ဆေးဝါးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ မော်တော်ဆိုင်ကယ်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သံနှင့်သံမဏိ၊ လယ်ထွန်စက်၊ သတ္တုမှုအပ အခြားတွင်းထွက်(ဆောက်လုပ်ရေးပစ္စည်း)များ၊ မှန်ပြောင်း၊ ဓာတ်ပုံကင်မရာ၊ ရုပ်ရှင်ရိုက်ကူးစက်နှင့် ဓာတုဗေဒဆိုင်ရာပစ္စည်းများ၊ လေယာဉ်နှင့်လေယာဉ်ပစ္စည်းများ၊ မီးရထားနှင့် မီးရထားပစ္စည်းများ၊ အလှကုန်ပစ္စည်းများဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံ၏ အများဆုံးသွင်းကုန်ပစ္စည်းအမျိုး ၂၀ မှ သိရှိရသည်။

နိုင်ငံ၏စီးပွားရေးပုံစံသည် ကုန်သွယ်မှုအခြေခံစီးပွားရေး Trade Big Model ဖြစ်ပြီး လက်ရှိတွင် ထုတ်လုပ်မှုလုပ်ငန်းများရှိသော်လည်း ပြည်တွင်းသုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်သည့် ထုတ်လုပ်မှုမဖြစ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏ နည်းပညာများ မြင့်မားခြင်းတို့ကြောင့် ပြည်ပမှတင်သွင်းသည့် သွင်းကုန်များသည် ပြည်တွင်းထုတ်လုပ်မှုကို လွှမ်းမိုးလျက်ရှိပြီး သွင်းကုန်ပမာဏမြင့်မားခြင်းကြောင့် ကုန်သွယ်မှုလိုငွေပြခြင်းသည်လည်း ဆက်လက်ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းပြသည်။

ပြည်တွင်းစက်မှုလုပ်ငန်းများဖြစ်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုလုပ်ဆောင်ခြင်းဖြင့် ကုန်သွယ်မှုလိုငွေပြနေခြင်းကို တားဆီးနိုင်မည်ဖြစ်ပြီး ပြည်ပသွင်းကုန်များဖြင့် ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းခြင်းမှသည် ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်းတွင် ဖြည့်ဆည်းနိုင်ရေး အစိုးရမှပိုမိုထောက်ပံ့ပေးရန် လိုအပ်နေသည်ကို မြင်တွေ့ရသည်။

"ပြည်ပကနေ သိပ်မသွင်းဖြစ်အောင်ကြိုးစားဖို့ဆိုတာ အခုလည်း လုပ်နေတာပဲ၊ အောင်မြင်ဖို့အတွက်တော့ အများကြီးစိန်ခေါ်မှုတွေရှိနေတယ်။ Trade Double Shape ကို လျှော့ချနိုင်ပြီဆိုရင် နိုင်ငံခြားသုံးငွေ စီးထွက်နေတာတွေ၊ ငွေယိုပေါက်တွေ ပိတ်သွားနိုင်မှာပါ၊ အဓိကအားဖြင့် အစိုးရကလုပ်ပေးမယ်ဆိုရင် ပြည်တွင်းထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ဖို့ ကုန်ကြမ်းတင်သွင်းလာခဲ့မယ်ဆိုရင် ပိုပြီးနည်းပါးတဲ့ အခွန်အခတွေအထိ ရောက်အောင်လျှော့ချပေးနိုင်ဖို့လည်း လိုအပ်တယ်"ဟု မော်တော်ကားတင်သွင်းရောင်းချသည့် လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းနိုင်က ပြောသည်။

လက်ခစား ပို့ကုန် သွင်းကုန်များ

ချုပ်ပြီးသားအထည်ပေါင်း လေးသိန်းကျော်ကို ယင်းဘဏ္ဍာနှစ်အတွင်းတင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၃၂၁ ဒသမ ၆သန်းအထိ ရှိခဲ့သည်။ ယမန်နှစ်ကာလတူက ချုပ်ပြီးသားအထည် သုံးသိန်းခုနစ်သောင်းဝန်းကျင်သာ တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးမှာ ဒေါ်လာ ၁၆၇၇ သန်းသာရရှိထားခြင်းကြောင့် လာမည့်နှစ်တွင်လည်း လက်ခစားချုပ်ပြီးအထည်များ ပိုမိုတင်ပို့နိုင်ရန် တွန်းအားပေးဆောင်ရွက်သင့်သည်ကို မြင်တွေ့ရသည်။

ဖိနပ်ပစ္စည်းတင်ပို့မှုတွင် အစုံပေါင်း သုံးသောင်းခွဲခန့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ ၂၄၅သန်း၊ မုန်ဘီလူးအခုရေ ခြောက်သောင်းနီးပါးတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၁၂ သန်းနီးပါးရှိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှသိရှိရသည်။ အခြားလက်ခစားပို့ကုန်များအတွက် တန်ဖိုး ဒေါ်လာ ၂၆၁ ဒသမ ၄ သန်းရှိခဲ့ကြောင်း သိရသည်။ ပြည်တွင်းသို့ တင်သွင်းလာခဲ့သည့် လက်ခစားစနစ်မှ ပို့ကုန်များမှာ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ၊ သားရေ၊ သားရေတုများ၊ ချည်ထည်များ စသည်တို့ တင်သွင်းထားခဲ့ကြောင်း သိရှိရသည်။

အုပ်စုလိုက်ပို့ကုန် သွင်းကုန်များ

စက်မှုကုန်ချောပစ္စည်းများတင်ပို့မှုမှာ အမြင့်ဆုံးဖြစ်ခဲ့ပြီး ဒေါ်လာ ၅၀၀၄ ဒသမ ၆ သန်းရှိခဲ့ပြီး လယ်ယာထွက်ပစ္စည်းများတင်ပို့မှုမှာ ဒေါ်လာ ၂၇၆၆ ဒသမ ၇ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းများတင်ပို့မှုမှာ ဒေါ်လာ ၁၅၇၀ ဒသမ ၆ သန်း၊ ရေထွက်ပစ္စည်းတင်ပို့မှုမှာ ၆၂၈ ဒသမ ၉သန်း၊ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ ၁၉၂ ဒသမ ၆ သန်း၊ တိရစ္ဆာန်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ ၃၆ ဒသမ ၇ သန်းနှင့်အခြားပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ ၂၄၇၉ ဒသမ ၉ သန်းရှိသည်ဟု ခွဲခြားနိုင်ပြီး သွင်းကုန်များတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ တင်သွင်းမှုသည် ဒေါ်လာ ၅၉၈၈ ဒသမ ၄ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှု ဒေါ်လာ ၆၂၀၇ ဒသမ ၃ သန်း၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ ၄၈၁၄ ဒသမ ၅ သန်းဖိုးရှိခဲ့ကြောင်း အုပ်စုအလိုက် သွင်းကုန်များကို ခွဲခြားနိုင်သည်။

"နိုင်ငံဖွံ့ဖြိုးဖို့ဆိုရင် ထုတ်လုပ်မှုကို အခြေခံတဲ့ စီးပွားရေးစနစ်ကို ဦးတည်ပြောင်းလဲသွားဖို့က အဓိကကျပါတယ်၊ ဒီအပေါ်မှာလည်း အရင်းအနှီးအတွက် အခုထက်ပိုပြီး လွယ်တဲ့၊ ရိုးရှင်းတဲ့ ချေးငွေစနစ်တွေ၊ ကုန်သွယ်မှုအခွန်အခတွေဖြစ်လာဖို့လည်း လိုအပ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုအရည်အသွေးကိုလည်း မြှင့်တင်ပေးဖို့လိုအပ်ပြီး ဒါကလည်း အစိုးရပါ စီးပွားရေးလုပ်ငန်းရှင်တွေပါ အားလုံးမှာတာဝန်ရှိတယ်။ လက်ရှိမှာတော့ မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ ပုံမှန်လေးပဲ ဖြတ်သန်းသွားနေတဲ့ သဘောရှိပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ညွှန်ကြားရေးမှူး အယ်လင်ဂိုးလ်စတိန်းကနောက်ဆုံးထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ စီးပွားရေးအစီရင်ခံစာနှင့်ပတ်သက်၍ ပြောကြားခဲ့ဖူးသည်။

ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်။ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းလာနိုင်မည်ဟု ခန့်မှန်းထားသည်။ ။

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-ကမ္ဘာ့ဘဏ်၊ အဲလက်စ်ကင်မ်

ပြည်ခရိုင် ပေါင်းတည်မြို့တွင် ဇွန် ၁၅ ရက် နံနက်ပိုင်းက ရေနစ်မြုပ်နေသေးသည့် သဖန်းပင်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ကရုဏာရှင် ကူညီမှုအသင်း၏ ကူညီမှုဖြင့် အလှူရှင်များက အာဟာရဒါနအဖြစ် ထမင်းဘူးများ သွားရောက်လှူဒါန်းခဲ့စဉ်။

တင်ဝင်းဇော်(မင်းသားကြီး)

ဘိုကလေးမြို့နယ်၌ မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း

ဘိုကလေး ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့ပေါ်ရပ်ကွက်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တပ်ဆင်ထားသော မီးသတ်စက်များတွင် အသုံးပြုရန် မီးသတ်ပိုက်များနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ဇွန် ၁၄ ရက်က ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

"မြို့အနေအထားအရ ဒီရေကျချိန်မှာ မြစ်ရေတင်ရန် အခက်အခဲရှိပါတယ်၊ အဲ့ဒီလိုအချိန် မတော်တဆ မီးဘေးအန္တရာယ်ကြုံတွေ့လာရင် ထိရောက်စွာ ငြှိမ်းသတ်နိုင်ဖို့နဲ့ ပြည်သူတွေ မီးရေးသတိအစဉ်ရှိပြီး ကိုယ်တိုင်ကြိုတင်ကာကွယ်ရေး စိတ်ဝင်စားစွာ ပူးပေါင်းပါဝင်လာစေဖို့၊ လူနေအိမ်ခြေထူထပ်တဲ့ မြို့ဖြစ်တဲ့အတွက် ပြည်သူတွေ ကိုယ်တိုင် မီးငြှိမ်းသတ်တဲ့စနစ်ကို သိရှိပြီး ရေအဆင်သင့်၊ စက်အဆင်သင့်၊ လူအဆင်သင့်ရှိနေစေဖို့၊ ရပ်ကွက်အလိုက် ကန်တွေမှာ မီးသတ်စက်များ အသင့်တပ်ဆင်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်"ဟု မြို့နယ်ဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးကပြောသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် ရှစ်ခုတွင် တပ်ဆင်ထားသော မီးသတ်စက်များတွင် အသုံးပြုရန်အတွက် မီးသတ်ပိုက်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ထပ်မံတပ်ဆင်ရန်ကျန်ရှိသော ရပ်ကွက်နှစ်ခုအတွက် မီးသတ်စက်၊ မီးသတ်ပိုက်နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြသည်။

သူဇာနွယ် (ဖျာပုံ)

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် အလုပ်သင်ကြားပေးသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူများ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၁၆

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် အလုပ်သင်ကြားပေးသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံစာရင်းကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှ၊ အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဝင်း၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ ဦးဝမ်းတင်၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ စာရင်းကောင်စီအဖွဲ့ဝင်များ၊ အလုပ်သင်ကြားပေးသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ကြသည်။

ဆရာကျင့်ဝတ်နှင့်အညီ သင်ကြား

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းကို ဝင်ပေါက်တိုးချဲ့ပေးလိုက်သည့်အတွက် အရည်အသွေး ထိန်းသိမ်းရန်နှင့် အရည်အချင်းပြည့်မီရန်လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ သင်ရိုးညွှန်းတမ်းများကို မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲပေးလျက်ရှိကြောင်း၊ စာတွေ့သာမက လက်တွေ့ပါ တတ်မြောက်ကျွမ်းကျင်ရန်အတွက် အလုပ်သင်ကြားပေးသူများက အလုပ်သင်များအား ဆရာ ကျင့်ဝတ်နှင့်အညီ မခြွင်းမချန်ဘဲ သင်ကြားပေးရန် လိုအပ်ကြောင်း။

တိကျစွာ လိုက်နာဆောင်ရွက်

နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက အဆင့်မီစေလိုကြောင်း၊ အလုပ်သင်ကြားပေးရာတွင် Training Plan နှင့် Strategic Plan ပါ ထားရှိမည်ဆိုပါက အလုပ်သင်ကြားပေးသည့်သူများအတွက် ပိုမိုအကျိုးရှိမည်ဟု အကြံပေးလိုကြောင်း၊ စာရင်းဟာ တိုင်းပြည်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ အရေးကြီးကြောင်း၊ စာရင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ရန်၊ စာရင်းစံ၊ စာရင်းစစ်စံများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် ကျင့်ဝတ်သိက္ခာများ စောင့်ထိန်းကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ပဏာမစစ်ဆေးခြင်းကြည့်ရှု

ရန်ကုန် ဇွန် ၁၆

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်(၁/၂၀၁၈) ဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်း ကိုးခုတို့တွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် ရာထူး ၂၃၃ နေရာအတွက် ပဏာမစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာန ငါးခု၌ တစ်ပြိုင်တည်း ကျင်းပလျက်ရှိရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ရှိ အထက(၄)အလုံနှင့် အ.ထ.က(၇)အလုံ စာဖြေဌာန နှစ်ခုသို့ သွားရောက်၍ အင်္ဂလိပ်စာဘာသာရပ်နှင့် သုတရေးရာ ဘာသာရပ်ဖြေဆိုမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲဖြေဆိုသူများကို အားပေးစကားပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့် အရာထမ်းများကို ရွေးချယ်ပေးရာတွင် လူမှန်၊ နေရာမှန်ဖြစ်စေရေးအတွက် ယခင်က အသုံးပြုလျက်ရှိသော စာမေးပွဲစနစ်အစား ပဏာမစစ်ဆေးခြင်းကို ပထမအဆင့်အနေဖြင့် လည်းကောင်း၊ ပထမအဆင့် အောင်မြင်သူများကို Intermediate Level မှ Upper Intermediate Level အဆင့်သို့ မြှင့်တင်စစ်ဆေးမည့် ရေးဖြေစာမေးပွဲကို ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ ဒုတိယအဆင့် အောင်မြင်သူများအား စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကို တတိယအဆင့်အနေဖြင့် လည်းကောင်း စစ်ဆေး၍ ရာထူးရွေးချယ်ရေးလုပ်ငန်းစဉ်ကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယနေ့ ကျင်းပသည့် ပဏာမစစ်ဆေးခြင်းသည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပဏာမစစ်ဆေးခြင်းသို့ ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၃၀၆၀ ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒုတိယအကြိမ် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ၂၀၁၈ ကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာကျောင်းသားများ အနေဖြင့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် သင်တန်းများကို မှန်ကန်စွာ ရွေးချယ်နိုင်ရန်နှင့် မြန်မာပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute ၏ ပံ့ပိုးကူညီမှုဖြင့် ဒုတိယအကြိမ် မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ ၂၀၁၈ ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ရှန်ဂရီလာဟိုတယ်တွင် ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန Trade Training Institute ၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးမှ ယဉ်ကျေးမှုဌာန ဒုတိယဒါရိုက်တာ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သံအရာရှိ Gilles Guillot (Ph.D)၊ Metro Computer Myanmar Co.,Ltd မှ ဒါရိုက်တာ Takashi Kawasaki နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းများအလိုက် ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပ တက္ကသိုလ်များနှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှု သင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာ သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာသင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းများ၊ အနုပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာနှင့် ဆေးပညာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများနှင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် စာအုပ်စာပေအမျိုးမျိုးတို့ကို ပြသထားသည်။

ပညာရေးပြပွဲကျင်းပစဉ် ကာလအတွင်း ကျောင်းသားလူငယ်များအတွက် သင့်လျော်မည့် ပညာရေးလမ်းကြောင်းများကို လမ်းညွှန်ပေးခြင်း၊ ပညာရေးအခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာ အချက်အလက်များကို အကြံပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည့်အပြင် ရာနှုန်းပြည့် ပညာသင်စရိတ် ထောက်ပံ့ပေးမည့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များနှင့် တိုက်ရိုက်ထိတွေ့နိုင်မည့် အခွင့်အလမ်းများကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပညာရေးနှင့် ပတ်သက်သော ခေါင်းစဉ်များဖြင့်လည်း ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးကျော်ကျော်လှိုင်နှင့် ဦးသိန်းမြင့်ဝေတို့က ပြပွဲရက်များအတွင်း လာရောက်လေ့လာသော ကျောင်းသား ကျောင်းသူများကို ဆွေးနွေး ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲကို ဇွန် ၁၆၊ ၁၇ ရက်များတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ မကရင်မ အမှုတွင် ဥပဒေဆိုင်ရာ အကူအညီပေးမည်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခတ္တိယကျေးရွာအုပ်စု အုတ်ဖိုကျေးရွာမှ မကရင်မ(ခ)မခင်သန္တာဦး ကွယ်လွန်သွားသည့်ကိစ္စနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မဲဆန္ဒရပ်ကွက် ၁၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးနှင့်အတူ ခတ္တိယကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများက အမှုမှန်ပေါ်ပေါက်ရေးနှင့်မျှတသော တရားစီရင်မှုဖြစ်ပေါ်ရေးတို့အတွက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ထံ ၂၀၁၈ ခုနှစ်၊ ဇွန် ၂ ရက် နေ့စွဲပါ တင်ပြစာဖြင့် ဥပဒေဆိုင်ရာ အခက်အခဲများရှိပါ၍ ကူညီပေးနိုင်ရန် တင်ပြပေးပို့ အကူအညီတောင်းခဲ့ကြောင်း သိရသည်။

တာဝန်ပေး စေလွှတ်ခဲ့

အဆိုပါ တင်ပြအကူအညီ တောင်းခံမှုအရ လိုအပ်သော ဥပဒေ အကူအညီများရရှိနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့သည် အစည်းအဝေးဆုံးဖြတ်ချက်အရ လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင် ဦးကျော်စိုးဗိုလ်(ခ) ဦးကျော်စိုးကို တာဝန်ပေးခဲ့မှုအရ

ဦးကျော်စိုးဗိုလ်သည် အဆိုပါ မကရင်မ(ခ)မခင်သန္တာဦး ကွယ်လွန်သွားသည့်ကိစ္စနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာ အထောက်အကူရရှိရန် မြန်မာနိုင်ငံ ဥပဒေတွဲ့ရသူများအသင်းမှ အဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းစန်းမြင့်(အင်းမ)ကို တာဝန်ပေး စေလွှတ်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးအရေးယူခဲ့

မကရင်မ(ခ)မခင်သန္တာဦးသည် ပဲခူးတိုင်းဒေသကြီးတရားရုံးမှ ဥပဒေအရာရှိ ဒေါ်သီဂီစုနေအိမ်တွင် အိမ်အကူအဖြစ် သွားရောက် အလုပ်လုပ်ကိုင်နေရာမှ "မကရင်မ နေမကောင်း"ဟု ဆိုကာ မေ ၁၈ ရက်မွန်းတည့် ၁၂ နာရီခန့်က အိမ်ရှင်ဖြစ်သူ ဒေါ်သီဂီစုနှင့် ၎င်း၏ မိခင်တို့က အုတ်ဖိုကျေးရွာရှိ နေအိမ်ကို လာရောက်ပို့ဆောင်ပြီး တစ်နာရီခန့်အကြာတွင် မကရင်မ သေဆုံးသွားသည့်အတွက် ဒေါ်သီဂီစုအား ခလောက်ချိတ်ရဲစခန်းမှ ပုဒ်မ-၃၀၂ အရ ဖမ်းဆီးအရေးယူခဲ့သော အမှုဖြစ်ကြောင်း သိရသည်။

ပြန်လည်တင်ပြရမည်

မြန်မာနိုင်ငံ ဥပဒေတွဲ့ရသူများ အသင်းဝင် တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းစန်းမြင့်(အင်းမ)သည် အဆိုပါ အမှုဖြစ်ရပ်တွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊ ဥပဒေတို့နှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ကူညီပေးကာ ဦးကျော်စိုးဗိုလ်မှတစ်ဆင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ထံ ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း သိရသည်။ ၃၄၉

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(င) လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် နှုန်းထားအတိုင်း အခကြေးငွေ ကောက်ခံခြင်း၊

(စ) ဤဥပဒေပါလုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာနမှ သင့်လျော်သော အရာရှိများကို စစ်ဆေးရေးအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ဆ) မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိအား လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ဇ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

အခန်း (၇)
တားမြစ်ချက်များ

၁၈။ လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူ မည်သူမျှ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ စစ်ဆေးခြင်းကို ခံယူရန် ငြင်းပယ်ခြင်း မပြုရ။

၁၉။ မည်သူမျှ-

(က) ဤဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း မပြုရ။

(ခ) ပုဒ်မ ၈ အရ ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်အဖွဲ့၏ အတည်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဖျက်ဆီးခြင်းမပြုရ။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၀။ မည်သူမျှ လိုင်စင်မရှိသည့် ယမ်းတိုက်တွင် -

(က) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လက်ခံသိုလှောင်ခြင်း မပြုရ။

(ခ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို အပ်နှံသိုလှောင်ခြင်း မပြုရ။

၂၁။ လိုင်စင်ရရှိသူ မည်သူမျှ-

(က) ဝန်ကြီးဌာနက ထုတ်ပေးသော လိုင်စင်ပါ ခွင့်ပြုပမာဏထက်ပိုမိုသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လက်ခံသိုလှောင်ခြင်းမပြုရ။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) ပါ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကြောင့် တစ်ခုခုဖြစ်ပွားပါက အနီးဆုံးရဲစခန်းသို့ ချက်ချင်းအကြောင်းကြားခြင်းနှင့် စစ်ဆေးရေးအရာရှိချုပ်ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဂ) လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အချိန်တွင် သက်တမ်းတိုးမြှင့်ခြင်းမရှိဘဲ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဆက်လက်သိုလှောင်ခြင်း မပြုရ။

အခန်း (၈)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ပုဒ်မ ၁၈ ၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)နှင့် (ဂ)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှအများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၀ တို့ပါတားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၅။ မည်သူမဆို တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံကျူးလွန်သော ပြစ်မှုတွင် ပြဋ္ဌာန်းထားသော အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

၂၆။ မည်သူမဆို တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် သွေးဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၂၇။ ဤဥပဒေအရ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများသည် ခွင့်ပြုချက်မရရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်ပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

အခန်း (၉)
အထွေထွေ

၂၈။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ ကောက်ခံရန်ရှိသော အခကြေးငွေကို ပေးဆောင်ရန်ပျက်ကွက်သူအား ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၉။ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)က စီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊ ယမ်းတိုက်များ၊ အဆောက်အအုံများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၁။ The Explosives Act, (India Act, 4,1884, Vol.V) အရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၂။ The Explosives Act, (India Act, 4,1884, Vol.V) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပကုမ္ပဏီကြီးများအပြိုင် ရင်းနှီးမြှုပ်နှံ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်၊ ကျောက်တန်းဒေသ သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပကုမ္ပဏီကြီးများ အပြိုင်အဆိုင်ရင်းနှီးမြှုပ်နှံလာရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုရှိနေပြီဖြစ်ကြောင်း သိရသည်။

“အခုလို သီလဝါအထူးစီးပွားရေးဇုန်မှာ လာရောက်ပြီး ရင်းနှီးမြှုပ်နှံလာမှုတွေအတွက်ကတော့ အလွန်ဝမ်းသာပါတယ်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်၊ ကျောက်တန်းဒေသ သီလဝါအထူးစီးပွားရေးဇုန်မှာ ဇုန် (A) နဲ့ ဇုန် (B) မှာ ယခုကာလအထိ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၉၄ ခုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုရှိနေပြီဖြစ်ပါတယ်၊ ဇုန်တွေမှာ ပြည်တွင်း၊ ပြည်ပ Export/ Import တွေက အဓိကကျတယ်၊ စက်ရုံမျိုးစုံလည်း ဝင်ရောက်လာပြီဖြစ်သလို အဆင့်မြင့်အအေးခန်းတွေက ထွက်ရှိလာမယ့် ထုတ်ကုန်တွေကို အရည်အသွေးပြည့်မီအောင် ရေရှည်မှာသိုလှောင်သိမ်းဆည်းထားနိုင်မယ့် အဆင့်မြင့်သိုလှောင်ရုံကြီးတွေလည်း ပါဝင်တည်ဆောက်ရင်းနှီးမြှုပ်နှံလာတဲ့အတွက် အလွန်ကောင်းမွန်လာပြီလို့ပြောရမှာပါ” ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီတွဲဖက်အတွင်းရေးမှူး (၁)ဒေါက်တာသန်းသန်းသွယ်က ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်(B)သည် ကနဦး ၁၀၁ ဟက်တာ ထပ်မံ၍ ၆၆ ဒသမ ၄၄ ဟက်တာတွင် ဆောင်ရွက်နေပြီး ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းတွင် အကျယ်အဝန်းဧရိယာတစ်ဝက်ကျော်သည် ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီနှင့် စက်ရုံကြီးများအား အငှားချကာ ဆောင်ရွက်ထားပြီး ယခုအခါတွင် ဇုန် (B) ၌ ပြည်ပကုမ္ပဏီရှစ်ခု ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

ဇုန် (B) တွင် ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး JFE စတီးလ်ထုတ်လုပ်သော ကုမ္ပဏီကြီးတစ်ခု အပါအဝင် တခြားဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းထုတ်စက်ရုံ/ လျှပ်စစ်ကေဘယ်လ်ကြိုးထုတ်သည့်စက်ရုံတို့ ပါဝင်နေပြီဖြစ်ကြောင်း သိရသည်။

ဇုန်(A)သည် ယခုအခါတွင်၌ ကုမ္ပဏီပေါင်း ၈၆ ခု ရင်းနှီးမြှုပ်နှံထားပြီး ၉၇ ရာခိုင်နှုန်း ရှိနေပြီဖြစ်သည်။ စက်ရုံတည်ဆောက်ရန် မြေကွက်အနည်းငယ်သာကျန်ရှိကြောင်း သိရသည်။ သီလဝါအထူးစီးပွားရေးဇုန်သို့ ၂၀၁၈ ခုနှစ်၏ နှစ်စပိုင်းရင်းနှီးမြှုပ်နှံဝင်ရောက်မှုတွင် ပြည်ပကုမ္ပဏီသုံးခုနှင့် ချိတ်ဆက်ထားပြီး ဖြစ်သည်။ အထူးစီးပွားရေးဇုန် ဇုန် (A)နှင့် ဇုန် (B) နှစ်ခုပေါင်းတွင် ယနေ့အချိန်အထိ စက်ရုံပေါင်း ၅၀ ကျော်လည်ပတ်နေပြီဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

ယနေ့အချိန်အထိ လည်ပတ်လုပ်ကိုင်နေသော စက်ရုံ၊ အလုပ်ရုံကြီးများတွင် ဆိပ်ခံတံတား Jetty များအပြင် စားအုန်းဆီသိုလှောင်ထုတ်လုပ်သည့်စက်ရုံများ၊ ဂျုံစက်၊ သကြားစက်၊ ဓာတ်မြေသြဇာစက်ရုံ၊ အရည်အသွေးမြင့်ဆန်များ၊ ဆီအုန်းထုတ်လုပ်သည့် စက်ရုံများ၊ အာဂျီနိုမိုတိုစက်ရုံ၊ ဘီယာစက်ရုံ၊ ကားထုတ်လုပ်သည့်စက်ရုံ၊ ထုတ်ကုန်ပစ္စည်းများအား အဆင့်မြင့်သိုလှောင်နိုင်မည့် စက်ရုံကြီးများ၊ ဆောက်လုပ်ရေး လုပ်ငန်းအထောက်အကူပြုပစ္စည်းထုတ်လုပ်သည့်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ သံမဏိ ကြေးနန်းကြိုးထုတ်စက်ရုံအပြင် အခြားကုန်ပစ္စည်းထုတ်စက်ရုံကြီးများ လည်ပတ်လုပ်ကိုင်နေပြီး သန်လျင်၊ ကျောက်တန်းဒေသနေပြည်သူများအား အလုပ်အကိုင်ဦးစားပေးခန့်အပ်ကြောင်းနှင့် ကျွမ်းကျင်လုပ်သားများအဖြစ် သင်တန်းများပို့ချကာ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းရရှိမှုကို ဖော်ဆောင်ပေးနေကြောင်းသီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

မြင့်မောင်စိုး

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပန်းတောင်းမြို့နယ်၌ အခြေခံပညာကျောင်းတချို့ ခေတ္တပိတ်ထားရ

ပန်းတောင်း ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဘူးရိုးချောင်းရေမြင့်တက်လာမှုနှင့် ခဝါဆည်ရေကြီးမှုအခြေအနေတို့ကြောင့် ဇွန် ၁၃ ရက်မှစ၍ အခြေခံပညာကျောင်းငါးကျောင်းအား ယာယီပိတ်ထားကြောင်း သိရသည်။

ဇွန်လဆန်းပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဝတီမြစ်ရေဝင်ရောက်မှုမရှိသော်လည်း တောင်ကျချောင်းရေကျဆင်းမှုနှင့် ခဝါဆည်ရေကြီးမှုတို့ကြောင့် စာသင်ကျောင်းများသို့ ဖြတ်သန်းသွားလာရသည့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် သွားလာရန်ခက်ခဲသဖြင့် ကိုင်းကြီးကျေးရွာအုပ်စု ကိုင်းကြီးကျေးရွာ အလယ်တန်းကျောင်း (ခွဲ)၊ ပိန္နဲခုံကျေးရွာအလယ်တန်းကျောင်း(ခွဲ)၊ ကျောင်းဦးကျေးရွာအုပ်စု သံလယ်ကြီးကျေးရွာ အခြေခံပညာမူလတန်း (လွန်) ကျောင်း၊ ညောင်ပင်ကျေးရွာအုပ်စု အထက်တောမကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ တုံးကင်းကျေးရွာအုပ်စု ချင်းရွာကြီးကျေးရွာမူလတန်း(လွန်)ကျောင်းတို့ဖြစ်ကြောင်း သိရသည်။

အောင်မြင့် (ပန်းတောင်း)

တန့်ဖရဲကျေးရွာ တိုက်ပွဲရှောင်စခန်းရှိ ကလေးငယ်များအတွက် ကစားစရာပစ္စည်းများထောက်ပံ့

မြစ်ကြီးနား ဇွန် ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တန့်ဖရဲကျေးရွာနှင့် နောင်နန်းကျေးရွာရှိ ဘုရားကျောင်းများ၌ ခေတ္တပြောင်းရွှေ့နေထိုင်နေသော ဒေသခံများ၏ ကလေးငယ်များအတွက် ကစားစရာ ပစ္စည်းမျိုးစုံတို့ကို ဇွန် ၁၅ ရက်က ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါထောက်ပံ့ပေးအပ်ခြင်းကို ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ဌာနဆိုင်ရာများက ခေတ္တပြောင်းရွှေ့လာသူများနေထိုင်ရာ မြစ်ဆုံဒေသ တန့်ဖရဲကျေးရွာ မယ်တော်မာရိယာကောင်းကင်ဘုံသခင်မဘုရားကျောင်းနှင့် နောင်နန်းတြိနတီဘုရားကျောင်းဝင်းတို့ရှိ နေရပ်စွန့်ခွာပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စခန်းတစ်ခုလျှင် ငွေကျပ် ၁၅ သိန်း တန်ဖိုးရှိ ကလေးကစားစရာ ပစ္စည်းမျိုးစုံတို့ကို ဝန်ကြီးချုပ်၏ဇနီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က စခန်းတာဝန်ခံများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများသည် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာတို့မှ မြစ်ဆုံဒေသ ဘုရားကျောင်းဝင်းရှိ အိမ်ထောင်စု ၁၇၈ စု လူဦးရေ ၈၈၃ ဦးနှင့် နောင်နန်းတြိနတီဘုရားကျောင်းဝင်းရှိ အိမ်ထောင်စု ၁၀၄ စု လူဦးရေ ၅၁၃ ဦးရှိကြပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၎င်းမိသားစုများနေထိုင် စားသောက်မှုအဆင်ပြေစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ယင်းတိုက်ပွဲရှောင်ပြည်သူများသည် အင်ဂျန်းယန်မြို့နယ်ဒေသမှ ၂၀၁၈ခုနှစ် မေ ၂၆ ရက် မှ စတင်ရောက်ရှိလာပြီး ယနေ့ထိနေထိုင်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အဖွင့်ပွဲမှာ ကော်စတာရီကာကိုအနိုင်ယူမယ့် ဆားဘီးယား

ဝင်းမြတ်

၁၇ ဇွန်လ ၂၀၁၈ ညနေ ၆း၃၀ (Samara Arena)

ဇွန် ၁၇ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (c) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ကော်စတာရီကာနဲ့ ဆားဘီးယားတို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာ ဘယ်အသင်းက အနိုင်ရယူသွားနိုင်မလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

ကော်စတာရီကာရဲ့ အခြေအနေ

ကော်စတာရီကာဟာ အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် ကော်စတာရီကာအနေနဲ့ တစ်ဦးချင်းခြေစွမ်းပိုင်းမှာ အားနည်းမှုတွေရှိနေကာ ကော်စတာရီကာရဲ့ ကစားသမားအများစုဟာ သာမန်အဆင့် ကစားသမားတွေသာ ဖြစ်နေပါတယ်။

ဆားဘီးယားရဲ့ အခြေအနေ

ဆားဘီးယားကတော့ ကစားသမားတောင့်တင်းတဲ့အသင်း ဖြစ်ပါတယ်။ ဆားဘီးယားမှာ မီထရိုဗစ်လို တိုက်စစ်မှူးကောင်းတစ်ဦး ရှိနေတဲ့အပြင် မာတစ်၊ ဆာဗစ်၊ အယ်ဂျာဂျစ်၊ တာဒစ်တို့လို ကွင်းလယ်ကစားသမားကောင်းတွေ ရှိနေပါတယ်။ ခံစစ်မှာ ကိုလာရော့ဗ်၊ အိုင်ဗန်နိုဗစ်တို့လို အတွေ့အကြုံရှိ ခံစစ်မှူးတွေ ရှိနေပါတယ်။ ဆားဘီးယားအနေနဲ့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ အတွက်ဆိုရင် အဖွင့်ပွဲမှာ နိုင်ပွဲရယူဖို့ လိုအပ်နေလို့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။

သုံးသပ်ချက်

ဒီနှစ်သင်းက အသင်းလိုက်စွမ်းဆောင်ရည်အရ ကွာဟမှုမရှိပေမယ့်လည်း ကစားသမားအင်အားပိုင်းမှာတော့ ဆားဘီးယားတို့ သိသိသာသာ အားသာနေလို့ ဆားဘီးယားပဲ အနိုင်ရမယ်။

လက်ရှိချန်ပီယံပီသကြောင်း ပြသလာမယ့် ဂျာမနီ

၁၇ ဇွန်လ ၂၀၁၈ ည ၉း၃၀ (Stadion Luzhniki)

ဇွန် ၁၇ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (စ) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဂျာမနီနဲ့ မက္ကဆီကိုတို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်။ ယခုပွဲက ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်လို့ ပရိသတ်အကြိုက် ဖြစ်လာနိုင်ပါတယ်။

ဂျာမနီရဲ့ အခြေအနေ

လက်ရှိချန်ပီယံ ဂျာမနီအသင်းဟာ ဒီအုပ်စုအတွင်းမှာ ကစားသမားအင်အားပိုင်း အတောင့်တင်းဆုံးအသင်းအဖြစ် သတ်မှတ်ခံထားရသလို ဖိုလ်စွဲနိုင်ခြေရှိတဲ့ အသင်းအဖြစ်လည်း ယူဆခြင်းခံထားရတဲ့အသင်း ဖြစ်ပါတယ်။ ဂျာမနီမှာ မူလာ၊ အိုဇေးလ်၊ ဂန်ဒိုဂန် တို့လို ကစားသမားကောင်းတွေ များစွာပါဝင်နေပါတယ်။ ဂျာမနီက စားသမားအများစုဟာ တစ်ဦးချင်းအရည်အသွေးပြည့်ဝသလို ဂျာမနီရဲ့အသင်းလိုက်ကစားဟန်ကလည်း ထက်မြက်မှုအပြည့် ရှိနေပါတယ်။

မက္ကဆီကိုရဲ့ အခြေအနေ

မက္ကဆီကိုကတော့ ကမ္ဘာ့ဖလား အတွေ့အကြုံပြည့်တဲ့ အသင်းတစ်သင်း ဖြစ်ပါတယ်။ အသင်းလိုက်ကစားပုံကောင်းမွန်ပြီး ကစားပုံလည်း လျင်မြန်မှုရှိပါတယ်။ အသင်းမှာ ကားလို့စ်ဗယ်လာ၊ ဟာနန်ဒက်ဇ် တို့လို တိုက်စစ်မှူးကောင်းတွေလည်း ရှိနေပါတယ်။ ခံစစ်ပိုင်းမှာတော့ အားနည်းမှုအချို့ ရှိနေကာ သက်ကြီး ကစားသမားတစ်ဦးဖြစ်တဲ့ မားကွက်စ်ကို အားကိုးနေရဆဲဖြစ်ပါတယ်။

သုံးသပ်ချက်

အထူးသဖြင့် ဂျာမနီဟာ ဒီအုပ်စုအတွင်းမှာ အုပ်စုပထမနေရာရယူနိုင်ဖို့အတွက်ပါ အားစိုက်လာမှာဖြစ်လို့ တိုက်စစ်ဖွင့်ကစားလာရင် ဂျာမနီတိုက်စစ်ကို မက္ကဆီကိုတို့ ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲမှုတွေ ရှိလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဂျာမနီကသာ နိုင်ပွဲရယူသွားမှာပါ။

ဘရာဇီးတိုက်စစ်ကို ထိန်းချုပ်ဖို့ခက်မယ့် ဆွစ်ဇာလန်

၁၈ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Rostov Arena)

ဇွန် ၁၈ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (c) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘရာဇီးနဲ့ ဆွစ်ဇာလန်တို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဘရာဇီးတို့ရဲ့ခြေစွမ်းက ဆွစ်ဇာလန်ကို ဘယ်လိုအနိုင်ယူမလဲဆိုတာ စိတ်ဝင်စားစရာပါ။

ဘရာဇီးရဲ့ အခြေအနေ

ဘရာဇီးဟာ ဒီအုပ်စုတွင်းမှာ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့အပြင် တစ်ဖက်အုပ်စုက အုပ်စုပထမရလာနိုင်တဲ့ ဂျာမနီကို ရှုံးထွက်အဆင့်မှာ ရှောင်လွှဲနိုင်ဖို့အတွက် အုပ်စုပထမနေရာကို ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဘရာဇီးရဲ့လက်ရှိအခြေအနေဟာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းကထက် ပိုမိုတောင့်တင်းနေကာ တိုက်စစ်ပိုင်းမှာဆိုရင် နေမာအပြင် ဖာမီနို၊ ဒေါက်ကလပ်ကော်စတာ၊ ဂျေဆု တို့လို ကစားသမားကောင်းတွေ အများအပြားရှိနေပါတယ်။ ကွင်းလယ်မှာ ကော်တင်ညို၊ ပေါလင်ညို၊ ဝီလီယံတို့လို ဂိုးသွင်းခြေရှိတဲ့ ကစားသမားတွေ ရှိနေတာကြောင့် တိုက်စစ်ပိုင်း အားကောင်းပါတယ်။ တောင်အမေရိကဇုန် ခြေစစ်ပွဲအတွင်းမှာဆိုရင်လည်း ဂိုးသွင်းအများဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

ဆွစ်ဇာလန်ရဲ့ အခြေအနေ

ဆွစ်ဇာလန်ကတော့ အသင်းကောင်းတစ်သင်းဖြစ်သလို ဆီဖီရိုဗစ်၊ ဂျာကာ၊ ဒီဇီမာလီတို့လို ကစားသမားကောင်းတွေရှိနေကာ ခြေစမ်းပွဲတွေမှာလည်း စပိန်ကို သရေကစားနိုင်ခဲ့ပြီး ဂျပန်၊ ပနားမား၊ ဂရိတို့လို ကစားရခက်တဲ့ အသင်းတွေကိုလည်း အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဆွစ်ဇာလန်အနေနဲ့ တိုက်စစ်ဖွင့်ကစားလာမယ့် ဘရာဇီးကိုတော့ ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ ခက်ပါလိမ့်မယ်။

သုံးသပ်ချက်

အထူးသဖြင့် ဘရာဇီးအနေနဲ့ ဆိုခဲ့ပြီးသလို လက်ရှိအချိန်မှာ ဂိုးသွင်းခြေရရှိနေတဲ့ ကစားသမားကောင်းများစွာကို ပိုင်ဆိုင်ထားတဲ့အပြင် အုပ်စုပထမနေရာရယူနိုင်ဖို့အတွက်လည်း တိုက်စစ်ကိုသာ အားပြုကစားလာမှာဖြစ်တယ်။ ဒါကြောင့်လည်း ဆွစ်ဇာလန်ကို ဖိအားပေးအနိုင်ယူသွားနိုင်မှာပါ။

၂၀၁၈ ကမ္ဘာ့ဖလား ပြင်သစ်က ဩစတြေးလျကို နိုင် အာဂျင်တီးနားနှင့် အိုက်စလန်၊ ပေါ်တူဂီနှင့် စပိန် သရေကျ

နေပြည်တော် ဇွန် ၁၆

ကမ္ဘာ့ဖလား ၃၂ သင်းအဆင့် အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ စနေနေ့ အစောဆုံးပွဲစဉ်အဖြစ် ဇွန် ၁၆ ရက်ညနေပိုင်းတွင် အုပ်စု (ဂ) မှ ပြင်သစ်နှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပြင်သစ်သည် ၄-၃-၃ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် ဂရေဇ်မန်း၊ အမ်ဘက်ပီ၊ ဒမ်ဘီလီတို့ဖြင့် ပွဲထွက်ခဲ့ပြီး ဩစတြေးလျအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် နက်ဘောက်ကို အထောင်တိုက်စစ်ထားကာ ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးထိန်းကစားကာ ဂိုးရလဒ်မပေါ်ခဲ့ဘဲ ဒုတိယပိုင်း ၅၈ မိနစ်တွင် ဩစတြေးလျ နောက်တန်းကစားသမား ဖြတ်တားမှုကို ကွန်ပျူတာစနစ်ဖြင့် ပြန်လည်စစ်ဆေးပြီး ပြင်သစ်အသင်းကို ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို တိုက်စစ်မှူး ဂရေဇ်မန်းက ဂိုးအဖြစ်ပြောင်းလဲခဲ့၍ ပြင်သစ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

ပွဲချိန် ၆၂ မိနစ်တွင် ပြစ်ဒဏ်ဘောကို ပြင်သစ်နောက်တန်းကစားသမား ဟန့်တားရာမှ လက်ထိခဲ့၍ ဩစတြေးလျအသင်း ပယ်နယ်တီကန်ခွင့် ပြန်လည်ရရှိကာ ချေပဂိုးအဖြစ် အသင်းခေါင်းဆောင် ဂျက်ဒီနက်စ်က သွင်းယူပေးခဲ့သည်။ ပြင်သစ်အသင်းအတွက် အနိုင်ဂိုးကို ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာက မိနစ် ၈၀ တွင် သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် ပြင်သစ်အသင်းသည် ချန်ပီယံဖြစ်နိုင်သည့် ခြေစွမ်းမျိုးမရှိခဲ့ဘဲ ဩစတြေးလျအသင်းကိုပင် ခက်ခက်ခဲခဲယှဉ်ပြိုင်ခဲ့ရသည်။

အာဂျင်တီးနားနှင့် အိုက်စလန်

စနေနေ့ညတွင် ဆက်လက်ယှဉ်ပြိုင်ခဲ့သည့် အုပ်စု (ဃ) မှ အာဂျင်တီးနားနှင့် အိုက်စလန်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲချိန် ၁၉ မိနစ်တွင် အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၂၃ မိနစ်တွင် အိုက်စလန်အတွက် ချေပဂိုးကို တိုက်စစ်မှူး ဖင်ဘိုဂါဆန်က သွင်းယူပေးခဲ့သည်။ ၆၄ မိနစ်တွင် အာဂျင်တီးနားအသင်း ပယ်နယ်တီကန်ခွင့် အခွင့်အရေးရခဲ့သော်လည်း အသင်းခေါင်းဆောင် မက်ဆီ၏ ကန်ချက်ကို အိုက်စလန်ဂိုးသမား ဟော်ဒေဆန် ကာကွယ်နိုင်ခဲ့၍ ပွဲပြီးချိန်တွင် အနိုင်အရှုံးမပေါ်ဘဲ တစ်မှတ်စီခွဲယူခဲ့ရသည်။

ပေါ်တူဂီနှင့် စပိန်

ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု (ခ) မှ ပေါ်တူဂီနှင့် စပိန်တို့ပွဲတွင် တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။ ပေါ်တူဂီအတွက် သွင်းဂိုးများကို ပွဲချိန် ၄ မိနစ်နှင့် ၄၄ မိနစ်၊ ၈၈ မိနစ်တို့တွင် အသင်းခေါင်းဆောင် စီရော်နယ်ဒိုက တစ်ဦးတည်း ဟက်ထရစ်သွင်းယူခဲ့သည်။ စပိန်အတွက် သွင်းဂိုးများကို ၂၄ မိနစ်နှင့် ၅၅ မိနစ်တွင် ဒီရေဂိုကော်စတာ၊ ၅၈ မိနစ်တွင် နာချိုဖာနန်ဒက်ဇ်တို့က သွင်းယူခဲ့သည်။ ယင်းပွဲသည် ၂၀၁၈ ကမ္ဘာ့ဖလားတွင် တစ်ဦးတည်း သုံးဂိုးဟက်ထရစ်သွင်းယူနိုင်ခဲ့သည့် ပထမဆုံးပွဲဖြစ်ခဲ့သည်။ **သီဟ**

၂၀၁၈ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

၂၀၁၈ခုနှစ် ဇွန် ၂၃ တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ နေပြည်တော်ရှိ လုပ်သားပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ကြသူများသည် နေပြည်တော်မြို့မဈေးရှေ့ နံနက် ၅ နာရီခွဲတွင် စတင်တာလွှတ်ပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းမှတစ်ဆင့် မဏိရတနာကျောက်စိမ်းခန်းမရှေ့အထိ ပျော်ပျော်ပါးပါး လမ်းလျှောက်ကြသည်။

လမ်းလျှောက်ပွဲသို့ ပါဝင်ကြသူများအား မဏိရတနာ ကျောက်စိမ်းခန်းမရှေ့ ပန်းဝင်ရာနေရာတွင် တာဝန်ရှိသူတို့က ရေသန့်ဘူးနှင့် မုန့်များ တိုက်ကျွေးခဲ့ကြပြီး လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်သူလူထု ၃၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အာဆီယံပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာအမျိုးသမီးအသင်း နောက်ဆုံးခြေစမ်းပွဲတွင် ထိုင်းကို ရှုံးနိမ့်

နေပြည်တော် ဇွန် ၁၆

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း ပုံမှန်သာ ကစားခဲ့သောကြောင့် ဂိုးသွင်းခွင့်အနည်းငယ်သာရပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုင်းလက်ရွေးစင်အသင်းမှာလည်း လူစုံအသုံးပြုခဲ့ပြီး ခြေအသာဖြင့်ကစားကာ ဂိုးသွင်းခွင့်များစွာ ဖန်တီးနိုင်ခဲ့သည်။ ထိုင်းအသင်းသည် ယခုပွဲတွင် ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးများစွာရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍သာ နှစ်ဂိုးဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် ဂိုးများကို ၄ မိနစ်တွင် ရာတီကန်၊ ၄၉ မိနစ်တွင် ပစ်ဆာမိုင်တို့က သွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၉၀ တွင် နုနုက သွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၁ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ၌ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ချောင်ဘူရီကလပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားရာ ပထမပွဲတွင် တစ်ဂိုးစီ သရေကျပြီး ဒုတိယပွဲတွင် ရှုံးနိမ့်ခဲ့သည်။ **ရဲရင့်ရှိန်း**

❋ *ကျောဖုံးမှ*

မကွေးအသင်းသည် ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၇ မိနစ်တွင် အဖွင့်ဂိုးရခဲ့သည်။ ဒေးဗစ်ဒန်း ကန်တင်ပေးသည့် ပြစ်ဒဏ်ဘောကို နောက်ခံလူ ဝီလျံက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းအသင်းသည် ဂိုးရပြီးနောက်ပိုင်းတွင် ကစားပုံပိုကောင်းလာသလို ပွဲကိုထိန်းချုပ်နိုင်ခဲ့သည်။

ပယ်နယ်တီကန်ခွင့်ရ

မကွေးအသင်းသည် ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း အောင်မြင့်ထွန်းနှင့် မောင်မောင်စိုး တိုက်စစ်အတွဲကို ရှမ်းနောက်တန်းထိန်းချုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းကသာ ပွဲကိုထိန်းချုပ်ထားပြီး ၅၃ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ရှမ်းအသင်း ကန်တင်သည့် ထောင့်ကန်ဘောကို မကွေးအသင်း ဖျက်ထုတ်ရာ လက်ဖြင့်ထိခဲ့သောကြောင့် ပယ်နယ်တီကန်ခွင့်ရခဲ့ခြင်းဖြစ်ပြီး ခရစ္စတိုဖာက အမှားအယွင်းမရှိ ကန်သွင်းယူခဲ့သည်။

သုံးမှတ်အပြည့်ရယူ

ပယ်နယ်တီပေးခဲ့သည့်ဖြစ်ရပ်ကို ကျေနပ်ခြင်းမရှိသောကြောင့် မကွေးကစားသမားများ ဒိုင်ကို စောဒကတက်ခဲ့ပြီး ပြင်းထန်စွာတုံ့ပြန်ခဲ့သည့် နိုင်နိုင်ကျော်ကို အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ပိုင်းတွင် အနိုင်ရလဒ်ကို ထိန်းကစားကာ သုံးမှတ်အပြည့်ရယူသွားခဲ့သည်။

ရခိုင်နှင့် ရတနာပုံ

ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်နှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ၈၅ မိနစ်တွင် လှိုင်းဘိုဘိုက ရတနာပုံအတွက် ဂိုးစတင်သွင်းယူသော်လည်း မိနစ် ၉၀ တွင် ကောင်းမြတ်ကျော်က ရခိုင်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

GFA နှင့် မြဝတီ

သုဝဏ္ဏ ကွင်း၌ ကျင်းပသည့်ပွဲတွင် GFA အသင်းက မြဝတီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ GFA အသင်းအတွက် အနိုင်ဂိုးများကို ၈၊ ၁၂၊ ၄၄ မိနစ်တွင် ပြုံးချိုက ဟက်ထရစ်သွင်းယူပြီး ကျန်တစ်ဂိုးကို မိနစ် ၉၀ တွင် မန်ထိပ်ပေါင်က သွင်းယူခဲ့သည်။

ပွဲစဉ် ၁၆ ဒုတိယနေ့ကို ဇွန် ၁၇ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဇွဲကပင်နှင့် ရန်ကုန်၊ မော်လမြိုင်ကွင်း၌ Southern နှင့် ရောဝတီ၊ မုံရွာကွင်း၌ စစ်ကိုင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ညီမြတ်သော်တာ

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူက ဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com

သီပေါမြို့နယ်၌ စားသောက်ဆိုင်ပိုင်ရှင်နှင့် ဇနီး ပစ်ခတ်ခံရပြီး သေဆုံး

သီပေါ ဇွန် ၁၆

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု နမ့်အွန် (ကြံခင်း) ကျေးရွာ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၁၉/၇ နှင့် ၁၂၀/၀ ကြား ညောင်ညိုရိပ်စားသောက်ဆိုင်တွင် ဇွန် ၁၅ ရက် ည ၁၀ နာရီခွဲက ဆိုင်ရှင် ဦးစိုင်းဆာညွန့် (၅၃ နှစ်)၊ ဇနီးဒေါ်နန်းရွှေကြည် (၅၂ နှစ်) တို့အား မော်တော်ဆိုင်ကယ်နှင့် အမျိုးသားနှစ်ဦး ဆိုင်ရှေ့သို့ရောက်လာကာ သေနတ်ဖြင့် ခြောက်ချက်ခန့်ပစ်ပြီး ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

သေနတ်ဒဏ်ရာကြောင့် ဆိုင်ရှင် ဦးစိုင်းဆာညွန့်မှာ သေဆုံးသွားပြီး ၎င်း၏ဇနီး ဒေါ်နန်းရွှေကြည်မှာ သေနတ်ထိမှန်၍ ဆိုင်နောက်သို့ ထွက်ပြေးပုန်းရှောင်ရာမှ နယ်စည်းမခြားပရဟိတ(သီပေါ)၊ ဘော်ကြိုလူမှုကူညီရေးအသင်းများက မော်တော်ယာဉ်ဖြင့် သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားသည်။ အခင်းဖြစ်ပွားရာသို့ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ စားသောက်ဆိုင်အတွင်းမှ ၉ မမ ပစ္စတိုကျည်ခွံနှင့် ကျည်ဖူးငါးခု တွေ့ရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သေနတ်ဖြင့် ပစ်ခတ်သွားသူနှစ်ဦးအား သီပေါမြို့မရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

စိုင်း (သီပေါ)

ငွေကျပ်သိန်းနှစ်ထောင်ကျော် လိမ်လည်ယူဆောင်သွားသူနှစ်ဦးအား အမှုဖွင့်

နေပြည်တော် ဇွန် ၁၆

လူမှုကွန်ရက်မှတစ်ဆင့် ဆက်သွယ်၍ ငွေကျပ် သိန်းနှစ်ထောင်ကျော် လိမ်လည်ယူဆောင်သွားသူနှစ်ဦးအား တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သူဌေးရပ်ကွက်နေ မဇင်ဖြိုးဝေ (၂၃ နှစ်) အား Facebook လူမှုကွန်ရက်မှတစ်ဆင့် ခင်မင်ရင်းနှီးခဲ့သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ၁၁ ရပ်ကွက်နေ မဆုရည်ဖြိုး (စုံစမ်းဆဲ) Facebook Messenger မှ ဆက်သွယ်၍ ၎င်းသည် စုမဲဒိုင်ဖြစ်ကြောင်း၊ ၎င်း၏ဆုမဲငွေကျပ် ၁၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့လျှင် ၁၅ ရက်ခန့်ကြာပါက ငွေကျပ် နှစ်သိန်း ပြန်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သဖြင့် မဇင်ဖြိုးဝေက မဆုရည်ဖြိုးထံ စုမဲများဝယ်သည့်ငွေများကို မဇင်ဖြိုးဝေ၏ CB ဘဏ်အကောင့်ဖြင့် ငွေကျပ် ၈၆၀၀၀၀ ကို လည်းကောင်း၊ Wave Money ဖြင့် ငွေကျပ် ၁၅၈၇၉၀၀၀ ကို လည်းကောင်း၊ မဆုရည်ဖြိုး၏ ခင်ပွန်းဖြစ်သူ ကျော်မျိုးထွဋ် (စုံစမ်းဆဲ) ၏ ကမ္ဘောဇဘဏ်အကောင့်သို့ မတ် ၂၉ ရက်မှ မေ ၈ ရက်အထိ ငွေကျပ် ၁၈၁၀၉၇၅၀၀ ကို လည်းကောင်း စုစုပေါင်း ငွေကျပ် ၂၀၅၈၃၆၅၀၀ ကို လွှဲပေးခဲ့ရကြောင်း သိရသည်။

အဆိုပါငွေများကို စုမဲရမည့်ရက်တွင် မဇင်ဖြိုးဝေထံ ပြန်လည်ပေးပို့ခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ မဆုရည်ဖြိုးနှင့် ကျော်မျိုးထွဋ်တို့ကို တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မန္တလေး၌ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး အမှတ် ၁၁ နယ်မြေရဲစခန်း၌ အမှုဖွင့်ထားသော ဦးခင်မောင်ဝင်း (ခ) ဦးစတီးအား စစ်ဆေးမေးမြန်းချက်အရ ဇွန် ၁၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ချမ်းမြသာစည်မြို့နယ် မြို့သစ် ၄ ရပ်ကွက်နေ ဇော်ဝင်း (ခ) ယာစင် (၃၉ နှစ်) နှင့် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်နေ ဦးမိုးကြာ (ခ) ဦးစိန်မောင် (၅၄ နှစ်) တို့၏ နေအိမ်များအား ဝင်ရောက်ရှာဖွေခဲ့ရာ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့များ သွားရောက်စစ်ဆေးစဉ် ၎င်းတို့နှစ်ဦး၏ နေအိမ်ဂိုဒေါင်များအတွင်း ဆင်ခြေထောက်ရိုး ငါးချောင်း (၁၇ ဒသမ ၈ ပိဿာ)၊ ဆင်နံရိုး အချောင်း ၄၀ (၁၁ ဒသမ ၃၀ ပိဿာ)၊ ဆင်အရိုး အဆစ်များဟုယူဆရသည့် အရိုး ၆၅ ချောင်း (၁၆ ဒသမ ၇၅ ပိဿာ)၊ ကျားသစ်သားရေဟု ယူဆရသော သားရေ ရှစ်ချပ် (၃ ဒသမ ၅၀ ပိဿာ)၊ ကျွဲခေါင်း ဟုယူဆရသည့် ဦးချိုပါ သုံးခေါင်း (၅ ဒသမ ၈ ပိဿာ)၊ ဦးချိုမျိုးစုံ ၃၅ ခု (၁၁ ဒသမ ၇၅ ပိဿာ) တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇော်ဝင်း (ခ) ယာစင်နှင့် ဦးမိုးကြာ (ခ) ဦးစိန်မောင်တို့နှစ်ဦးအား အမှတ် ၁၁ နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

ကျောက်ပန်းတောင်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၂၇ ပြား သိမ်းဆည်းရမိ

ကျောက်ပန်းတောင်း ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဇွန် ၁၅ ရက် ညနေ ၆ နာရီခွဲက သာယာအေးရပ်ကွက် နယ်မြေ ၁၁ ရှိ နေအိမ်တစ်အိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ် အောင်သန့်ဇော်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ကျောက်ပန်းတောင်းမြို့သာယာအေးရပ်ကွက် နယ်မြေ ၁၁ ရှိ ရဲထွန်းနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ရဲထွန်းနိုင်အား နေအိမ်တွင် တွေ့ရှိရပြီး ၎င်း၏နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၂၇ ပြား (အလေးချိန် ၃၄၂ ဒသမ ၇ ဂရမ်) တန်ဖိုးငွေကျပ် ၁၀၂၈၁၀၀၀ ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားရောင်းချရာမှ ရရှိသည့် ငွေစက္ကူရောရာ ၂၉၁၁၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသုံးစွဲရောင်းချသူ ရဲထွန်းနိုင်ကို ကျောက်ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

နေအောင် (ပြန်/ဆက်)

တမူးမြို့ စစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

တမူး ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ ၄ မိုင်စစ်ဆေးရေးဂိတ်အနီး၌ မူးယစ်ဆေးဝါးသယ်ဆောင်လာသူများကို ဇွန် ၁၅ ရက်က ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု (၇) တမူးမှ တပ်ဖွဲ့ဝင်များနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် ညနေ ၆ နာရီ မိနစ် ၄၀ က တမူးမြို့ ၄ မိုင်ဂိတ်အနီး၌ စောင့်ဆိုင်းနေစဉ် တမူးမြို့ဘက်မှ ကလေးမြို့ဘက်သို့ ဖောင်းပြင်မြို့နယ် နန်းစီးမကျေးရွာနေ အောင်မျိုးလွင်မောင်းနှင်ပြီး တမူးမြို့နယ် ဝိတုတ်ကျေးရွာ (ဟောင်း) နေ ဝေဝေခိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ဘိန်းဖြူမှုန့် အလေးချိန် ၂၄ ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိခဲ့သည်။

စစ်ဆေးချက်အရ ဘိန်းဖြူများကို တမူးမြို့ စော်ဘွား ၇ ရပ်ကွက်နေသူ ကျော်ကျော်ထွန်းက သယ်ဆောင်ခ ငွေကျပ် တစ်သိန်းဖြင့် ကလေးဝမြို့အထိ သယ်ဆောင်ခိုင်းကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကျော်ကျော်ထွန်းအား ဖမ်းဆီးခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာလမ်းကြောင်းမှာ အိန္ဒိယနိုင်ငံ မိုးရေးမြို့မှတစ်ဆင့် မြန်မာနိုင်ငံ တမူး-ကလေးဝမြို့မှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူ သုံးဦးအား တမူးမြို့မရဲစခန်းတွင် ဥပဒေအရ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ထွန်းမင်းအောင် (ကဘော်မြေ)

သားအမိ နှစ်ဦးအား ဓာတ်ဆီလောင်းမီးရှို့ပြီး ထွက်ပြေးတိမ်းရှောင်သွားသူအား ဖမ်းဆီးရမိ

မြိတ် ဇွန် ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းနယ်မြေ အောင်ချမ်းသာရပ်ကွက် ငုဝါ ၁ လမ်းတွင် နေထိုင်သော သားအမိနှစ်ဦးအား ဓာတ်ဆီလောင်းမီးရှို့ပြီး ထွက်ပြေးတိမ်းရှောင်သွားသူ သားကြီး (ခ) ဖြိုးနိုင်ဝင်းအား ဇွန် ၁၅ ည ၇ နာရီခန့်က တနင်္သာရီမြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု မရင်းကြီးကျေးရွာအနီး ဉယျာဉ်ခြံတွင် ဖမ်းဆီးရမိခဲ့ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

တနင်္သာရီမြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ် စိုင်းညီညီဇော်နှင့် တပ်ဖွဲ့ဝင်များသည် သတင်းအရ မရင်းကြီးကျေးရွာမြောက်ဘက် ငါးမိုင်ခန့်ရှိ ဉယျာဉ်ခြံအတွင်း လူမနေသည့်တဲတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ဖမ်းဆီးရမိစဉ် မီးလောင်ဒဏ်ရာများဖြင့် တွေ့ရှိရ၍ မြိတ်ပြည်သူ့ဆေးရုံ အချုပ်ဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်မှာ ဇွန် ၁၁ ရက် ည ၇ နာရီကျော်က သားကြီး (ခ) ဖြိုးနိုင်ဝင်းသည် အောင်ချမ်းသာရပ်ကွက် ငုဝါ ၁ လမ်းနေ ဒေါ်အေးသိန်း၏ နေအိမ်အတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ၎င်းလက်ထဲတွင် အသင့်ပါလာသော ဓာတ်ဆီပုလင်းထဲမှ ဓာတ်ဆီဖြင့် ဒေါ်အေးသိန်းနှင့် မောင်စိုးနိုင်တို့အား ပက်၍ မီးရှို့ထွက်ပြေးသွားရာ ဒေါ်အေးသိန်းမှာ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သဖြင့် သားကြီး (ခ) ဖြိုးနိုင်ဝင်းအား အမှုဖွင့်ထားကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၇ -၆- ၂၀၁၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှဆောင်ရွက်ချက်များ (၆၁)**
၈း၄၅ - **တောင်သူစီးပွား အလေးထား**
၁၀း၀၀ - Sunday Talk
၁၁း၃၀ - **ကျန်းမာရေးမဂ္ဂဇင်း လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ**
၁၂း၃၀ - This Week's Special Interest
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **ကောလိပ်ဂျင်** (ကောလိပ်ဂျင် နေဝင်း၊ မြင့်မြင့်ခင်) (ဒါရိုက်တာ- ဦးချင်းစိန်)

ညပိုင်း

၁၅း၁၅ - Myanmar National League 2018 **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်** (Sagaing United FC Vs Hantharwady United FC)
၁၈း၄၅ - **၂၀၁၈ ခုနှစ် ကြယ်ပွင့်လေးများ**
၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့မာယာလှည့်ကွက် (အပိုင်း-၉၉)**
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၆၃)**
In&Out (Taiwan ခရီးစဉ်) (အပိုင်း-၄) (လေးဖြူနှင့်အဖွဲ့)
- **ရာမယဏဇာတ်တော်ကြီး (ပထမပိုင်း) (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**

ရန်ကုန်မြစ်အတွင်း စက်လှေမှောက်၍ ပျောက်ဆုံးနေသူလေးဦးအနက် အမျိုးသမီးတစ်ဦးအလောင်း ပြန်လည်တွေ့ရှိ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြစ်အတွင်း ကမာကသွယ်ဆိပ်ကမ်းမှ စဉ့်အိုးတန်းဆိပ်ကမ်းသို့ ပြေးဆွဲနေသော စက်သမ္ဗန်တစ်စင်းမှာ ဇွန် ၁၃ ရက် ညပိုင်းက စက်မောင်းအပါအဝင် ခရီးသည် ၁၂ ဦးနှင့်အတူ နစ်မြုပ်ခဲ့ရာ ရှစ်ဦးကို ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး လေးဦး ပျောက်ဆုံးနေသောကြောင့် ကယ်ဆယ်ရေးအဖွဲ့မှ ရှာဖွေခဲ့စဉ် ဇွန် ၁၆ ရက် နံနက် ၉ နာရီခန့်က သန်လျက်စွန်း ဆီဗောအနီးရှိ လမုတောစပ်တွင် အမျိုးသမီးအလောင်းကို ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

"မနက် ၇ နာရီကစပြီး ရှာဖွေရေး စက်သမ္ဗန်ခြောက်စင်းနဲ့ ရှာတော့ သန်လျက်စွန်းဆီဗောတွေအနီးက လမုတောစပ်မှာ ဒိုက်တွေ၊ အမှိုက်တွေနဲ့ အုပ်နေတဲ့ အမျိုးသမီးအလောင်း တစ်လောင်းကို ရေကျချိန်မှာ တွေ့ပါတယ်၊ ကျန်တဲ့စက်လှေတွေလည်း စက်မှုဆိပ်ကမ်း၊ သီလဝါဆိပ်ကမ်း၊ ပင်လယ်ဝအနီးက ချောင်းဦးကူတို့ဆိပ်၊ မြစိမ်းတောင် ပုဇွန်တောင်ချောင်း၊ တွံတေးတူးမြောင်းဝ နေရာအနှံ့ရှာကြပါတယ်၊ ညနေပိုင်းမှာ လေးစင်းထပ်တိုးပြီး ရှာနေကြပါတယ်" ဟု ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ပျောက်ဆုံးနေသူလေးဦးမှာ မဥမ္မာလွင် (၂၆ နှစ်)၊ ကိုရာဂျား (၃၀ နှစ်)၊ မဒါးနီး (၂၅ နှစ်) နှင့် မဆန်းသီး (၂၇နှစ်) တို့ဖြစ်ပြီး ယနေ့နံက်ပိုင်းတွင် ပြန်လည်တွေ့ရှိသူမှာ ဒလမြို့နယ် စက်မြေရပ်ကွက် ဆရာစံလမ်းတွင် နေထိုင်သော မဆန်းသီး (၂၇ နှစ်) ဖြစ်ကြောင်း၊ အလောင်းအား ဆေးရုံသို့ ပို့ဆောင်ထားကာ ထွက်ပြေးတိမ်းရှောင်နေသော စက်သမ္ဗန်မောင်းနှင်သူ ဦးကျော်မင်းအား ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံ၏ အပြိုင်အဆိုင်အခွန်ကောက်ခံမှုကြောင့် စတော့ဈေးကွက်ကမောက်ကမဖြစ်

ဝါရှင်တန် ဇွန် ၁၆
အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့က ပါးကိုက်နားရိုက်အခွန်အကောက်များကို ထုတ်ပြန်ကြေညာပြီးနောက် ကုန်သွယ်ရေးစစ်ပွဲ ဖြစ်နိုင်ခြေရှိသည့် စိုးထိတ်မှုများသည် အမေရိကန်နှင့် ဥရောပ စတော့ရှယ်ယာအရောင်းဌာနများအပေါ် သက်ရောက်မှုများ ဖြစ်စေခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် တရုတ်သွင်းကုန် ၁၀ ဘီလီယံကို ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံမည်ဟု ကြေညာလိုက်သည့်အပေါ် တရုတ်နိုင်ငံကလည်း အားကျမခံ ပြန်လည်လက်တုံ့ပြန် အခွန်ကောက်ခံလိုက်သော ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံနှစ်နိုင်ငံ၏ အပြိုင်အဆိုင် အခွန်ကောက်ခံမှုများက ဈေးကွက်များနှင့် စက်မှုလုပ်ငန်းများ စိုးရိမ်သည့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားမည့် အရိပ်အယောင်ကို လှစ်ဟပြလိုက်သလိုဖြစ်ခဲ့သည်။

ယခုကဲ့သို့ဖြစ်ပေါ်နေသည့် အခြေအနေများသည် လတ်တလောတွင် ရပ်တန့်မည် မဟုတ်သေးဘဲ ဆက်လက်ဖြစ်ပေါ်ရန် အလားအလာရှိပြီး နွေရာသီမှစကာ ဆောင်းရာသီအထိ ဖြစ်နိုင်ခြေရှိကြောင်း ယူရေးရှားအုပ်စုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဆုံးရှုံးမှုအချို့ကို မကာမိခင် ထရန့်၏ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ဝေါလ်စထရိစတော့များကို အကျဈေးနှင့် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့အတူ အခြားရှယ်ယာများလည်း ဈေးကျသွားခဲ့သည်။ **အေအက်ဖ်ပီ**

ကိုလံဘီယာအစိုးရနှင့် အီးအယ်လ်အင်န်အဖွဲ့ ပစ်ခတ်ရပ်စဲမှုသဘောတူညီချက်မရဘဲ အစည်းအဝေးပြီးဆုံး

ဟာဗားနား ဇွန် ၁၆
ကိုလံဘီယာအစိုးရနှင့် အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (အီးအယ်လ်အင်န်) ပြောက်ကျားတပ်ဖွဲ့တို့ ဇွန် ၁၅ ရက်က ဟာဗားနာတွင် ပြုလုပ်သော ပဥ္စမအကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက် ပစ်ခတ်ရပ်စဲမှုသဘောတူညီချက်မရဘဲ အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သိရသည်။

သို့သော်လည်း အဆိုပါအစည်းအဝေးကို ပြန်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုယ်စားလှယ်များက အပစ်ရပ်စဲရေး အသစ်တစ်ခုကိုရရှိရေး ကြိုးစားခဲ့ကြကြောင်းနှင့် အကောင်းဆုံးအပစ်ရပ်စဲရေး အသစ်တစ်ခုအတွက် မျှော်လင့်ထားကြောင်း၊ နောက်တစ်ကြိမ် ဇွန် ၂၅ ရက်တွင် ပြန်လည်ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အဆိုပါကိစ္စကို ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပါတီနှစ်ခုက ပူးတွဲကြေညာချက်တွင် ပြောခဲ့သည်။

ကိုလံဘီယာနိုင်ငံသည် သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့အတွက် ဇွန် ၁၇ ရက်တွင် မဲပေးရန်ရှိသဖြင့် အဆိုပါဆွေးနွေးပွဲစကားဝိုင်းကို ရပ်နားလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (အီးအယ်လ်အင်န်)က သောကြာနေ့မှ အင်္ဂါနေ့အထိ ယာယီတစ်ဖက်သတ်အပစ်ရပ်စဲရေးကို ကြေညာခဲ့သည်။

ကွန်ဆာဗေးတစ် အမတ်လောင်း အီဗန်ဒူက မေလနောက်ဆုံးပတ်ပထမအကျော့တွင် မဲအနိုင်ရရှိခဲ့ပြီး လက်ဝဲစွန်း ဝါဒီဂက်စ်တာဗိုပီထရိုကို အနိုင်ရရှိမည့် သဘောဖြစ်နေသည်။ **အေအက်ဖ်ပီ**

ကန်-မြောက် အချင်းချင်း တိုက်ရိုက်ဆက်သွယ်နိုင်မည်

ဝါရှင်တန် ဇွန် ၁၆
မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖုန်းနံပါတ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် အချင်းချင်း တိုက်ရိုက် ဆက်သွယ်ပြောဆိုသွားနိုင်မည်ဖြစ်ကြောင်း ထရန့်က ပြောခဲ့သည်။

အကယ်၍ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေဖြင့် အခက်အခဲတစ်စုံတစ်ရာရှိပါက ၎င်းကိုတိုက်ရိုက်ဖုန်းခေါ်ဆိုနိုင်သကဲ့သို့ ၎င်းအနေဖြင့်လည်း ကင်ကို ဖုန်းခေါ်ဆိုနိုင်ကြောင်း ဖောက်စ်သတင်းနှင့် တွေ့ဆုံမေးမြန်းမှုတွင် ထရန့်က ပြောခဲ့သည်။

ထို့အပြင် ၎င်းတို့အနေဖြင့် အချင်းချင်း ဆက်သွယ်နိုင်သောကြောင့် အလွန်ကောင်းမွန်သည့် ကိစ္စဖြစ်ကြောင်း ထရန့်က တွေ့ဆုံမေးမြန်းမှုတွင် ဆက်လက်ပြောကြားခဲ့သည်။ ထို့အပြင် ဇွန် ၁၆ ရက်တွင် အမေရိကန်သမ္မတထရန့်က ၎င်းအနေဖြင့် မြောက်ကိုရီးယားသို့ ဖုန်းခေါ်ဆိုမည်ဖြစ်ကြောင်း ပြောခဲ့သော်လည်း မည်သူ့ထံသို့ ဖုန်းခေါ်ဆိုမည်ကို မပြောခဲ့ချေ။

ဇွန်၁၂ ရက်က အမေရိကန် သမ္မတထရန့်နှင့် ကင်ဂျုံအန်းတို့ လက်မှတ်ရေးထိုးခဲ့သည့် နှစ်ဖက်သဘောတူကြေညာချက်တွင် မြောက်ကိုရီးယားအနေဖြင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားအပြည့်အဝကင်းစင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အပြန်အလှန်အားဖြင့် ထရန့်အနေဖြင့် မြောက်ကိုရီးယား၏ လုံခြုံရေးအတွက် အပြည့်အဝ အာမခံချက်ပေးရမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

ဂျပန်ဝန်ကြီးချုပ်က မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံရန် ဆန္ဒရှိ

တိုကျို ဇွန် ၁၆
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လာမည့် မကြာတော့သောကာလတွင် ဂျပန်မြောက်ကိုရီးယားထိပ်သီးဆွေးနွေးပွဲကို စီစဉ်နိုင်ဖို့အရေး ဆက်လက်ကြိုးစားနေစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် နှစ်နိုင်ငံယုံကြည်မှုနည်းပြီး သံသယရှိနေသည့်အချက်များကို အတူတကွကျော်ဖြတ်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းတွင် အာဘေးက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံရန် ၎င်း၏အစိုးရအနေဖြင့် မြောက်ကိုရီးယားဘက်နှင့်ဆက်သွယ်ခဲ့ကြောင်း ပြောခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် စင်ကာပူနိုင်ငံ၌ နှစ်နိုင်ငံသမိုင်းဝင်သည့် တွေ့ဆုံဆွေးနွေးပွဲတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကလည်း ၎င်းအနေဖြင့် အာဘေးနှင့်တွေ့ဆုံချင်ကြောင်း ပြောခဲ့သည်။ **အေအက်ဖ်ပီ**

သေနတ်ပစ်ခတ်မှုထိန်းချုပ်ရေး စုပေါင်းဆန္ဒပြမှုများပြုလုပ်

ချီကာဂို ဇွန် ၁၆
ပါ့က်လ်လန့်ဒ်နှင့် အမေရိကန်သေနတ်ပစ်ခတ်မှုအဆိုးရွားဆုံး ဖလော်ရီဒါတို့မှ ကျောင်းသားများပါဝင်သော တက်ကြွနေသည့် ချီကာဂိုလူအုပ်ကြီးသည် အမျိုးသားအဆင့် သေနတ်ပစ်ခတ်မှုပြုပြင်ပြောင်းလဲရေး ချီတက်လှုပ်ရှားမှုတစ်ခုကို မကြာသေးမီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများနှင့် ကျောင်းဝန်ထမ်းများအပါအဝင် စုစုပေါင်း လူ ၁၇ဦး သေဆုံးခဲ့သော ဖေဖော်ဝါရီ ၁၄ သေနတ်ပစ်ခတ်မှုတစ်ခု မာဂျရီစတုန်းမင်း ဒေါက်ဂလပ်စ် အထက်တန်းကျောင်းတွင် ဖြစ်ပွားပြီးနောက် အဆိုပါလူအုပ်ကြီးသည် လှုပ်ရှားတက်ကြွသူများအဖြစ်ပြောင်းခဲ့ပြီး ဘဝလုံခြုံရေး ချီတက်ကြစို့ဟူသည့် အမျိုးသားကြွေးကြော်သံကို ဟစ်ကြွေးခဲ့ပြီး သေနတ်ဥပဒေပြောင်းလဲရေးဆိုင်ရာများ ပြုလုပ်ရန် ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူငယ်များ ဆန္ဒမဲပေးနိုင်ရေး၊ တင်းကျပ်သောလက်နက်ထိန်းချုပ်ရေးဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရေးတို့ကို ရည်ရွယ်၍ ကျောင်းသားများအနေဖြင့် ပြည်နယ် ၂၀ ကျော်အတွင်းရှိ နွေရာသီ ဘတ်စ်ကားခရီးစဉ်ရပ်နားရာ နေရာပေါင်း ၅၀ ခန့်တွင် ဆန္ဒပြမှုများပြုလုပ်သွားမည် ဖြစ်သည်။

ထို့ကြောင့် ကျောင်းသားများအနေဖြင့် ချီကာဂိုကို ပထမဆုံးနေရာအဖြစ် သတ်မှတ်ချီတက် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ ယခုအချိန်အထိ မစ်ဝက်စ်တန်မြို့တွင် သေနတ်ပစ်ခတ်မှုပေါင်း ၉၅၀ ခန့်ဖြစ်ပွားခဲ့ပြီး လူသတ်မှုပေါင်း ၂၂၀ ခန့် ဖြစ်ပွားခဲ့သည်။ **အေအက်ဖ်ပီ**

ဂျပန်၌ နျူကလီးယား ဓာတ်ပေါင်းဖိုပြန်လည်စတင် လည်ပတ်ခြင်းကို ဆန္ဒပြ

တိုကျို ဇွန် ၁၆
ဂျပန်နိုင်ငံအနောက်တောင်ဘက် ဂန်ဂိုင်မြို့တွင် နျူကလီးယား ဓာတ်ပေါင်းဖိုပြန်လည်စတင်လည်ပတ်ခြင်းကို ဆန္ဒပြခဲ့ကြောင်း သိရသည်။ ဆာဂါမြို့မှ အဖွဲ့ဝင် ၁၅၀ ခန့် ပါဝင်သော အရပ်ဘက်အဖွဲ့အစည်းနှင့် နျူကလီးယားဓာတ်ပေါင်းဖိုအနီးရှိသူများ ပေါင်းစုပြီး ဇွန် ၁၆ ရက်က အဆိုပါ နျူကလီးယား ဓာတ်ပေါင်းဖိုရှေ့၌ ဆန္ဒပြမှုများပြုလုပ်ခဲ့ကြသည်။

ဆန္ဒပြသူများသည် အမှတ်-၄ ဓာတ်ပေါင်းဖိုပြန်လည်လည်ပတ်ခြင်းကို ရပ်တန့်ပေးဆိုသည့် နဖူးစည်းပိုစတာများကိုကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့သည် သံပြိုင်ကြွေးကြော်သံများကို ဟစ်ကြွေးဆန္ဒပြခဲ့ကြပြီး နိုင်ငံ၏စွမ်းအင်ကဏ္ဍကိုပြောင်းလဲရန် အလိုရှိကြောင်း တိုက်တွန်းခဲ့သည်။ ကာရက်ဆုမြို့မှ အိမ်နီးချင်းတစ်ဦးက နျူကလီးယားဓာတ်ပေါင်းဖိုလည်ပတ်သည့်ကုမ္ပဏီဖြစ်သော ကျူးရှူးလျှပ်စစ်ကုမ္ပဏီသို့ နျူကလီးယားလောင်စာများကို မည်သို့ ကိုင်တွယ်လုပ်ဆောင်မည်နည်း ဆိုသည့်မေးခွန်းများမေးမြန်းထားကြောင်း သတင်းထောက်များကို ပြောခဲ့သည်။ သို့သော်လည်း ဓာတ်ပေါင်းဖိုပြန်လည်စတင်ဖို့ ကြိုတင်ဆောင်ရွက်သည့် အချိန်ကတည်းက မည်သို့မည်ပုံ အသုံးပြုမလဲဆိုသည့်အပေါ် ပြန်လည်ဖြေကြားပေးခြင်းမရှိသေးကြောင်း ၎င်းက သတင်းထောက်များကို ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

နိုင်ငံတကာ သတင်းတိုထွာ

အဆောက်အအုံပြိုကျမှု ထိုင်ဝမ်ဆောက်လုပ်ရေး လုပ်ငန်းရှင်တစ်ဦးကို စွဲချက်တင်

တိုင်ပေ ဇွန် ၁၆

ဖေဖော်ဝါရီလက လှုပ်ခတ်ခဲ့သော ငလျင်ကြောင့်တရုတ်(တိုင်ပေ)၌ အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၁၄ ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည့်အတွက် ထိုင်ဝမ် ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကို ဇွန် ၁၅ ရက်က စွဲချက်တင်ခဲ့ကြောင်း အစိုးရရှေ့နေများက ပြောခဲ့သည်။

အဆိုပါအဆောက်အအုံကို ပုံစံရေးဆွဲပေးသော ဗိသုကာပညာရှင်တစ်ဦးနှင့် မြို့ပြအင်ဂျင်နီယာတစ်ဦးတို့ကိုလည်း အဆောက်အအုံပြိုကျမှုနှင့်ပတ်သက်ပြီး တရားစွဲဆိုထားကြောင်း သိရသည်။

တရုတ် (တိုင်ပေ) ထိုင်ဝမ်၊ ဟွာလင်ခရိုင်ရှိ နိုင်ငံခြားသားများလာရောက် အနားယူလေ့ရှိသည့် အဆိုပါစားသောက်ဆိုင်တစ်ဆိုင်နှင့် ဟိုတယ်တို့ပါရှိသည့် ၁၂ ထပ်အဆောက်အအုံသည် ဖေဖော်ဝါရီ ၆ ရက်က အင်အား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့မှုကြောင့် အောက်ဆုံးထပ်အတော်များများ ပြိုကျမှုဖြစ်ပွားခဲ့သည်။

အရှေ့ဘက် ကမ်းရိုးတန်းမြို့တစ်လျှောက်တွင် အဆိုပါငလျင်ကြောင့် လူပေါင်း ၁၇ ဦးသေဆုံးခဲ့ရာ ၁၄ ဦးမှာ အဆောက်အအုံပြိုကျမှုကြောင့်သေဆုံးခဲ့ခြင်းဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် လုယင်လင်တွင် ဆောက်လုပ်ခွင့်ဆိုင်ရာ လိုင်စင်လည်း မရှိသလို လိုအပ်သော အင်ဂျင်နီယာဆိုင်ရာ အရည်အသွေးပြည့်မီခြင်း မရှိဟု ဟွာလင်ခရိုင် အစိုးရရှေ့နေရုံးက ပြောသည်။

ငလျင်လှုပ်နေစဉ် ရှစ်စက္ကန့်အတွင်း အဆိုပါအဆောက်အအုံမှာ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံပုံစံတွင် ပြစ်ချက်များနေခြင်း၊ ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်းနှင့် တည်ဆောက်ရေးပိုင်းတွင်ပြစ်ချက်များ နေခြင်းကြောင့်ဟု အစိုးရရှေ့နေရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဝမ်ယီဂျင်က ပြောသည်။ **အေအက်ဖ်ပီ**

နယူးဇီလန်နိုင်ငံ၌ နိုင်ငံခြားသားဝင်ရောက်ခွန် ကောက်ယူမည်

ဝယ်လင်တန် ဇွန် ၁၆

နယူးဇီလန်နိုင်ငံ၌ နိုင်ငံခြားခရီးသွားကဏ္ဍမြှင့်တင်ရန်ရည်ရွယ်၍ နိုင်ငံခြားသားဝင်ရောက်မှုအပေါ် အခွန်များစတင်ကောက်ယူတော့မည်ဖြစ်ပြီး အခြားအခွန်အခများကိုလည်း တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၏ နိုင်ငံခြားခရီးသည်အရေအတွက်သည် လွန်ခဲ့သောသုံးနှစ်တာကာလကထက် သုံးပုံပုံတစ်ပုံ တိုးတက်လာခဲ့ကြောင်း သိရသည်။

အခုလိုတိုးမြင့်လာသည့် ပမာဏသည် အိမ်သာမှ ကားရပ်နားရာနေရာအထိ အခြေခံအများပြည်သူဆိုင်ရာ အဆောက်အအုံများကို တိုးတက်အောင်ဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်ကြောင်း ခရီးသွားလာရေးဝန်ကြီး ကယ်လ်ဗင်ဒေးဗစ်က ပြောခဲ့သည်။ **အေအက်ဖ်ပီ**

နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေနောက်ကွယ်က ကြောက်စရာကောင်းတဲ့ ဆိုက်ဘာကျူးပေါက်မှု

တင်လင်းအောင်

ယနေ့ကမ္ဘာကြီးမှာ သတင်းအချက်အလက်နဲ့ နည်းပညာ (အိုင်တီ) ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ခေတ်နဲ့အညီအရှိန်အဟုန်ကောင်းကောင်းနဲ့ဖြစ်ထွန်းလာတာကို မပြောလည်း အားလုံးသိပြီးဖြစ်မှာပါ။ ယခင်က နည်းပညာမဖွံ့ဖြိုးခင်မှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊အုပ်စုတစ်စုနဲ့တစ်စု၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံသတင်းအချက်အလက်တွေ ဖလှယ်တာတို့၊ သတင်းစကားစာလွှာပါးတဲ့ နေရာတို့မှာ စာတိုက်ကတစ်ဆင့် ပေးပို့ခဲ့ရသလို ကြေးနန်းတွေနဲ့လည်း ဆက်သွယ်မှုတွေလုပ်ခဲ့ရပါတယ်။ အချိန်တွေလည်း အများကြီးကုန်ပါတယ်။

စက္ကန့်မခြားဘဲ စေလိုရာစေ

အခုတော့ အဲဒီလိုမဟုတ်တော့ပါဘူး။ နည်းပညာတွေဟာ ရှေးကနဲ့မတူဘဲ ပြောင်းလဲလာခဲ့ပါပြီ။ ကလစ်လေးတစ်ချက်နှိပ်ရုံနဲ့ စက္ကန့်မခြားဘဲ စေလိုရာစေနိုင်ပြီဖြစ်ပါတယ်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကြောင့် ရလာတဲ့ အကျိုးရလဒ်က အံ့မခန်းပါပဲ။ အဲဒီလိုပဲ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကွယ်က ကြောက်စရာကောင်းတဲ့ ဆိုက်ဘာကျူးပေါက်မှုကလည်း ပြောမဆုံးပေါင်တောသုံးတောင်ဖြစ်နေပါပြီ။

အပတ်စဉ် ဘဏ်တွေ၊ ကျန်းမာရေး အဖွဲ့အစည်းတွေ၊ ယုတ်စွအဆုံးကျောင်းတွေ အပါအဝင် ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုးရှိအဖွဲ့အစည်းတွေကို အဓိကဆိုက်ဘာတိုက်ခိုက်မှုတွေ ပြုလုပ်လျက်ရှိတာကို လေ့လာတွေ့ရှိခဲ့တယ်လို့ အာရှအက်စ်အေရဲ့ အကြီးတန်းနည်းပညာ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆိုပါတယ်။

အကောင့်များ မလုံမခြုံဖြစ်ခဲ့ရ

ထိတ်လန့်စရာ အကောင်းဆုံး လျှို့ဝှက်ချက်ဖော်ထုတ်နိုင်မှုကတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာဖြစ်ပွားခဲ့တဲ့ ဆိုက်ဘာကျူးလွန်မှုပင်ဖြစ်ပြီး အဆိုပါကိစ္စမှာ ရာဟူးအသုံးပြုသူသုံးဘီလီယံခန့်ရှိ အကောင့်များ မလုံမခြုံဖြစ်ခဲ့ရပါတယ်လို့ လွန်ခဲ့တဲ့ အောက်တိုဘာလကတည်းက ရာဟူးက ကြေညာခဲ့ပါတယ်။

ကမ္ဘာ့အကြီးဆုံး လူမှုမီဒီယာကုမ္ပဏီဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်မှာ အချက်အလက်ပေါက်ကြားခဲ့တာနဲ့ ပတ်သက်တဲ့တောင်းပန်စာကို ဗြိတိန်နဲ့ အမေရိကန်သတင်းစာတွေမှာ စာမျက်နှာတစ်မျက်နှာအပြည့်ထည့်သွင်းဖော်ပြခဲ့တယ်လို့သတင်းတွေမှာ ထပ်မံလေ့လာသိရှိခဲ့ပြန်ပါတယ်။

ဆိုက်ဘာကျူးပေါက်မှုတွေ အားကောင်းစွာ ဖြစ်ပေါ်လျက်ရှိ

အဲဒီလိုကိစ္စတွေဖြစ်ပွားလာခဲ့ပါက ဘယ်သူ့ကို အပြစ်တင်ရမလဲ။ ငြင်းလို့မရတဲ့အချက်ကတော့ ဆိုက်ဘာတိုက်ခိုက်သူတွေဟာ အခုလိုဖြစ်ပွားလာတဲ့ ကိစ္စတွေနဲ့ မကင်းဘူးဆိုတာပဲဖြစ်ပါတယ်။ ဆိုက်ဘာကျူးပေါက်မှုတွေရှိခဲ့ပါက စီးပွားရေးခေါင်းဆောင်တွေဟာ သူတို့ရဲ့ အိုင်တီဌာနတွေအနေနဲ့ အဆိုပါကိစ္စရပ်တွေအတွက် အပြည့်အဝတာဝန်ယူရမှာဖြစ်တယ်လို့ပြောခဲ့သော်လည်း တကယ့်ဆိုက်ဘာကျူးလွန်မှုတွေအပေါ်ပြစ်တင်မှုတွေကတော့ ဆက်လက်ပြီး အားကောင်းစွာ ဖြစ်ပေါ်လျက်ရှိဆဲပါ။

ထိုသို့ ဖြစ်ပွားခဲ့တဲ့ တကယ့်ရင်းမြစ်တွေကတော့ စီးပွားရေးလုပ်ငန်းရှင်တွေ သို့မဟုတ် စီးပွားရေးလုပ်ငန်းတွေနဲ့ လုံခြုံရေးအဖွဲ့တွေကြား ပေါင်းစပ်ညှိနှိုင်းမှုတွေ အားနည်းတာကြောင့် ဖြစ်ပါတယ်။ အိုင်တီကျွမ်းကျင်ပညာရှင်တွေက ဆိုက်ဘာကျူးပေါက်မှုတွေ ဘာကြောင့်ဖြစ်လာသလဲဆိုတဲ့အပေါ် နားလည်သဘောပေါက်ဖို့သာမက အနာဂတ်မှာ ဘယ်လိုကာကွယ်မှုတွေလုပ်မလဲဆိုတာနဲ့ပတ်သက်ပြီး စိတ်အားထက်သန်နေချိန်မှာ စီးပွားရေးထိပ်တန်းပုဂ္ဂိုလ်တွေကတော့ ဆိုက်ဘာကျူးပေါက်မှုကြောင့် အဖွဲ့အစည်းအတွင်းဖြစ်ပေါ်လာတဲ့ ရလဒ်ကိုပဲ သုံးသပ်ပါတယ်။ အခုလိုပေါင်းစပ်ညှိနှိုင်းမှုမရှိတဲ့အတွက် အဖွဲ့အစည်းတွေအနေနဲ့ အမြင့်မားဆုံးသော ခြိမ်းခြောက်မှုတွေကို တုံ့ပြန်မှုနဲ့ ကာကွယ်မှုတွေ လုပ်နိုင်မှာမဟုတ်ပါဘူး။

ပြောင်းလဲဖြစ်ပေါ်လာတဲ့ ဆိုက်ဘာခြိမ်းခြောက်ခြင်းသို့မဟုတ် ဆိုက်ဘာကျူးပေါက်ခြင်းရဲ့ အခင်းအကျင်းကို သုံးသပ်ရမယ်ဆိုရင် အဖွဲ့အစည်းတွေအနေနဲ့ပေါင်းစပ်ညှိနှိုင်းမှုတွေ အားမနည်းအောင် ဘယ်လိုညှိနှိုင်းဆောင်ရွက်မလဲဆိုတာနဲ့ ဆိုက်ဘာခြိမ်းခြောက်မှုအန္တရာယ်ကို စီမံခန့်ခွဲနိုင်ဖို့ လိုအပ်ပါတယ်။

နားလည်မှုလွဲမှားတဲ့ကွာဟချက်ကို ကျဉ်းမြောင်းစေမယ့် အချက်တွေ

ဝမ်းနည်းစွာ နားလည်မှုလွဲခြင်း ကွာဟချက်ကို ကျဉ်းမြောင်းစေမယ့် အချက်တွေရှိပါတယ်။ အဲဒါတွေကတော့ နံပါတ်တစ်အနေနဲ့ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာအသင်းအဖွဲ့တွေအနေနဲ့စီးပွားရေး ဦးဆောင်တဲ့လုံခြုံရေးဆိုင်ရာချဉ်းကပ်မှုတွေကို အတူတကွလုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေဟာ အိုင်တီနယ်ပယ်နဲ့ စီးပွားရေးကဏ္ဍတွေမှာပါ ပြဿနာဖြစ်စေပါတယ်။

ဒုတိယအချက်အနေနဲ့ လုံခြုံရေးအဖွဲ့ဟာ အင်တာပရိုက်တစ်ခုလုံးကို အချိန်တိုင်းကြည့်နေဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိကမ္ဘာကြီးမှာ မိုဘိုင်းနည်းပညာ၊ ကလောက်နည်းပညာနဲ့ အင်တာနက်နည်းပညာတွေဟာ ဆိုက်ဘာခြိမ်းခြောက်တိုက်ခိုက်မှုကို အချိန်တိုင်း လမ်းဖွင့်ပေးနေသလို ဖြစ်နေပါတယ်။ ဒါကြောင့် အဖွဲ့အစည်းတွေဟာ ယခင်ကထက် ဘေးအန္တရာယ်ပိုများလာခဲ့ပါပြီ။ ယနေ့ခေတ် အဖွဲ့အစည်းတွေဟာ ဆိုက်ဘာတိုက်ခိုက်မှုတွေ ဘယ်အချိန်ဖြစ်လာမလဲဆိုတာကို ကြိုမမြင်နိုင်ပါဘူး။ ဆိုက်ဘာခြိမ်းခြောက်မှုတွေဟာ ၃၉ စက္ကန့်တိုင်းမှာ တစ်ကြိမ်ဖြစ်ပေါ်လျက်ရှိပါတယ်။

တတိယအချက်က အဖွဲ့အစည်းတွေအနေနဲ့ လုံခြုံရေးအဖွဲ့ကို ဆိုက်ဘာတိုက်ခိုက်လာမှုမှ ကာကွယ်ဖို့နဲ့ ခြိမ်းခြောက်မှုမှ တန်ပြန်လုပ်ဆောင်နိုင်ဖို့အတွက် လုပ်ပိုင်ခွင့်တွေခွင့်ပြုပေးရမှာဖြစ်ပါတယ်။ အကယ်၍တိုက်ခိုက်မှုတွေကို မခုခံ မကာကွယ်ဘူးဆိုရင်တော့ ပိုဆိုးတဲ့အခြေအနေတွေ ရောက်လာမှာဖြစ်ပါတယ်။

စီးပွားရေးဦးဆောင်တဲ့ လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုတွေကို ဖန်တီးဖို့ဆိုရင် စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ အသင်းအဖွဲ့တွေဟာ သူတို့ရဲ့ နည်းဗျူဟာတွေ၊ ဦးစားပေးလုပ်ဆောင်ရမယ့် ကိစ္စတွေကို ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

လုံခြုံရေးအပိုင်းမှာ စွန့်စားခြင်းနဲ့ အောင်မြင်မှုတန်ဖိုးကြားမှာ ခြားနားမှုတွေရှိပါတယ်။ အိုင်တီကျွမ်းကျင်သူတွေဟာ စီးပွားရေးခေါင်းဆောင်တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေ မရှိသလောက်ရှားပါတယ်။ အမှုဆောင်အရာရှိတွေကလည်း ဖြစ်ခါမှဖြစ်ရော၊ မဖြစ်သေးတဲ့ ဆိုက်ဘာတိုက်ခိုက်မှုတွေမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာတွေနဲ့ ခေါင်းခြောက်လျက်ရှိပါတယ်။ စီးပွားရေးခေါင်းဆောင်တွေဟာလည်း လုံခြုံရေးဆိုင်ရာ ကျူးပေါက်မှုတွေမှာ ဖြစ်တတ်တဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု၊ အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်တွေ၊ ဂုဏ်သိက္ခာဆိုင်ရာတွေနဲ့ ပတ်သက်ပြီးတော့ သက်ရောက်မှုအနည်းအများကို နားလည်ထားသင့်ပါတယ်။

အိုင်တီ ပညာရှင်တွေကလည်း ညှိနှိုင်းဆွေးနွေးပွဲတွေမှာ သက်ဆိုင်ရာ အိုင်တီအကြောင်းအရာတွေကို စီးပွားရေးခေါင်းဆောင်တွေ နားလည်အောင် ကြိုးစားလုပ်ဆောင်သင့်ပါတယ်။ ထို့အတူ ဆိုက်ဘာလုံခြုံရေးရင်းနှီးမြှုပ်နှံမှုရဲ့တန်ဖိုးကိုလည်းနားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးရပါမယ်။ စီးပွားရေးခေါင်းဆောင်တွေကလည်း သူတို့ရဲ့အိုင်တီဌာနတွေအနေနဲ့ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်တွေကို အပြည့်အဝနားလည်အောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

အိုင်တီ ကျွမ်းကျင်သူထက်ဝက်လောက်ရဲ့ လက်တွေ့လေ့လာမှုတွေက ဘာကိုပြောသလဲဆိုရင် ယနေ့ခေတ်ဟာ ခြိမ်းခြောက်မှုအသစ်တွေနဲ့ ဆိုက်ဘာတိုက်ခိုက်လာမှုတွေအပေါ် အပြည့်အဝ နားလည်ဖို့အတွက် အဓိကစိန်ခေါ်မှုတွေဖြစ်လို့လာခဲ့ပါပြီလို့ ပြောခဲ့ပါတယ်။ ဆိုလိုတာကတော့ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ဆိုရင် အဲဒီအပေါ် အပြည့်အဝ နားလည်ဖို့လိုအပ်ပါတယ်။

အင်တာပရိုက် တစ်ခုလုံးကို အပြည့်အဝမြင်တွေ့နိုင်မှုဟာ အလုပ်အတွက် ခြိမ်းခြောက်မှုအန္တရာယ်ကို ကာကွယ်နိုင်မှာဖြစ်သလို သင့်တော်တဲ့ လုပ်ဆောင်ချက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ အင်တာပရိုက်တစ်ခုလုံးကို တွေ့မြင်ခြင်းဖြင့် နောက်ထပ်ထပ်မံရရှိမယ့်အကျိုးကတော့ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ပျက်စီးမှုလျော့နည်းအောင် လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဆိုက်ဘာတိုက်ခိုက်မှုနဲ့ စီးပွားရေးအန္တရာယ်ကြား ကွာဟချက်တွေကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ထို့အတူ အဖွဲ့အစည်းအတွင်းပိုင်း ဆက်သွယ်မှုအားလုံးကို မြင်တွေ့ပြီး အချိန်မီ စီမံခန့်ခွဲနိုင်ဖို့ လိုပါတယ်။

ဖော်ပြပါ အချက်တွေကို လုပ်ဆောင်မယ်ဆိုရင် ယနေ့ဆိုက်ဘာတိုက်ခိုက်မှုနဲ့ ကြုံတွေ့နေတဲ့ ခေတ်မီနည်းပညာကို အသုံးပြုနေတဲ့ ဘဏ်တွေ၊ ကျန်းမာရေးအဖွဲ့အစည်းတွေ၊ ယုတ်စွအဆုံး ကျောင်းများ အပါအဝင် ပုံသဏ္ဌာန်အရွယ်အစား အမျိုးမျိုးရှိတဲ့ အဖွဲ့အစည်းတွေအနေနဲ့ အနည်းနဲ့အများဆိုသလို သက်သာမှာဖြစ်ပါတယ်။အိုင်တီပညာရှင်တွေနဲ့ စီးပွားရေးဦးဆောင်သူတွေအကြား နားလည်မှုတွေလည်း အပြန်အလှန်ရှိရမှာ ဖြစ်ပါတယ်။ သို့မှသာ ဆိုက်ဘာတိုက်ခိုက်မှုမှ အချိန်မီ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

အချုပ်အားဖြင့် ဆိုရမယ်ဆိုရင် အိုင်တီပညာရှင်တွေ၊ စီးပွားရေးခေါင်းဆောင်တွေအနေနဲ့ ပူးပေါင်းလုပ်ဆောင်မှသာလျှင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကွယ်က ကြောက်စရာကောင်းတဲ့ ဆိုက်ဘာကျူးပေါက်မှုကို ခုခံကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ။

ကိုးကား-ချန်နယ်နယူးအေးရှ

"နည်းပညာဖွံ့ဖြိုးတိုးတက်မှုကြောင့် ရလာတဲ့အကျိုးရလဒ်က အံ့မခန်းပါပဲ၊ အဲဒီလိုပဲ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေနောက်ကွယ်က ကြောက်စရာကောင်းတဲ့ ဆိုက်ဘာကျူးပေါက်မှုကလည်း ပြောမဆုံးပေါင်တောသုံးတောင်ဖြစ်နေပါပြီ"

တရားမဝင်လုပ်ကိုင်နေသောလုပ်ငန်းများကို ပိုမိုထိရောက်စွာ အရေးယူဆောင်ရွက်မှုများပြုလုပ်ပေးနိုင်ပါရန် အဆိုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇွန် ၁၆

တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရိုန်၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဥပဒေချိုးဖောက်ပြီး တရားမဝင်လုပ်ကိုင်နေသော လုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်စွာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခဲ့မှုများအပေါ် ဇွန် ၁၅ ရက်က ကျင်းပသော တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပြန်လည်ရှင်းလင်းရာတွင် တရားဥပဒေစိုးမိုးမှုရှိစေရန် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ အများပြည်သူလုံခြုံအေးချမ်းသောဘဝ ရရှိခံစားစေရန်အတွက် တရားဥပဒေစိုးမိုးရန်နှင့် တရားမျှတမှုရှိရန် လိုအပ်ကြောင်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် တရားမျှတမှုရှိသော ဥပဒေများ ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် ယင်းဥပဒေများကို ပြည်သူအားလုံးက လိုက်နာကျင့်သုံးရေးဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးဖော်ဆောင်ရာတွင် အဖွဲ့အစည်းတစ်ခု၊ ဌာနတစ်ခုတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူတစ်ဦးချင်းစီတွင်လည်း တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(ဂ)တွင် ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့်အညီ တရားဥပဒေစိုးမိုးရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိစေရန် အသင်းအဖွဲ့၊ အဖွဲ့အစည်းတစ်ခုတည်းကသာ တာဝန်ရှိသည်မဟုတ်ဘဲ နိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် ပြည်သူတစ်ရပ်လုံးနှင့် ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကတာဝန်ရှိသော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်ဌာနဆိုင်ရာများ၊ ပြည်သူကိုယ်စားဆောင်ရွက်သော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများပါဝင်ပြီး တက်ညီလက်ညီ တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစိုးရတစ်ခုတွင် မှန်ကန်ပြီး ဘက်မလိုက်သည့်တရားဥပဒေစိုးမိုးမှုများ အမြန်ဆုံးပေါ်ပေါက်လာစေရေး ဌာနဆိုင်ရာများအား ထိထိရောက်ရောက် ဥပဒေစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်သင့်ပါကြောင်း၊ ဘက်မလိုက်သည့် တရားဥပဒေစိုးမိုးမှုပေါ်ပေါက်လာစေရေးအတွက် ပြည်သူအားလုံး ပူးပေါင်းပါဝင်ပေးရန် လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာများကလည်း ဘက်မလိုက်ဝန်ထမ်းများအဖြစ် ပြည်သူလူထုအပေါ်တွင် တရားမျှတစွာဖြင့် မှန်ကန်သည့် ဥပဒေစိုးမိုးမှုပေါ်ပေါက်လာအောင် အားသွန်ခွန်စိုက် ဖော်ဆောင်ပါက တရားဥပဒေစိုးမိုးရေးကို ဆက်လက်ကြိုးစားဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာပြင်ပ လယ်ယာမြေများပေါ်တွင် တရားမဝင်ငါးမွေးကန်များ တူးဖော်ခြင်း၊ အုတ်ဖုတ်လုပ်ငန်းများ လုပ်ကိုင်ခြင်းအပေါ် တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးတင်ပြခဲ့သော အကြောင်းအရာများအပေါ် အရေးယူဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အဆိုရှင်တင်သွင်းသော အဆိုပြုချက်သည် အများပြည်သူအတွက် အမှန်တကယ်အကျိုးရှိသော အဆိုပြုချက်တစ်ရပ်ဖြစ်ပြီး ယင်းအပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆွေးနွေးချက်များလည်း အပြုသဘောဆောင်သော အဆိုပြုချက်များဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် သဘောတူပါကြောင်း ပြောကြားခဲ့သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အုပ်ချုပ်ရေးယန္တရားများ တည့်မတ်မှန်ကန်စေရန် လွှတ်တော်၏ထိန်းကျောင်းတည့်မတ်မှုများကို အစဉ်အလေးထား ဆောင်ရွက်လျက်ရှိပြီး အဆိုနှင့် ထောက်ခံဆွေးနွေးချက်များအပေါ် လတ်တလော ဆောင်ရွက်နိုင်သော ကိစ္စရပ်များကို ချက်ချင်းအရေးယူဆောင်ရွက်လျက်ရှိကာ အခြေအနေအချိန်အခါပေါ်မူတည်၍ ချင့်ချိန်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပတ်သက်၍လည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုအား အတည်ပြုရန် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။ ဆက်လက်၍ အဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားကို မေးမြန်းရာ ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အဆိုကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုခဲ့သည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း

တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး ရှင်းလင်း ဆွေးနွေးစဉ်။

၂၀၁၇ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးမှုငွေစာရင်း

(ကျပ်သန်းပေါင်း)



ဓာတ်ပုံ ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး မြန်အောင်မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်

မြန်အောင် ဇွန် ၁၆

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်၊ အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချိုနှင့် မြို့နယ်ဆရာဝန်ကြီးဒေါက်တာအောင်ဝင်းတို့ ဦးဆောင်၍ မြန်အောင်မြို့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်၊ အဘိတ်ဆေးခတ်ခြင်းတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့သည် ရပ်ကွက်အတွင်း အဖွဲ့များခွဲ၍ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဆရာဝန်ကြီးတို့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်/ဆက်)

ကြိုတင်ကာကွယ်သွေးလွန်တုပ်ကွေးအန္တရာယ်

- သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားတတ်ပြီး မိုးဦးကျမှစတင်၍ မိုးရာသီတွင် အဖြစ်အများဆုံးဖြစ်ပါသည်။
- ရောဂါပိုးရှိသည့် ခြင်ကျားကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ပါသည်။
- ဒေသမရွေး၊ လူမျိုးမရွေး၊ အသက်အရွယ်မရွေး၊ အလုပ်အကိုင်မရွေး မည်သူမဆို ကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ခြင်ပေါက်ပွားနိုင်သော နေရာများကို ရှင်းလင်းထားခြင်းဖြင့် မိမိနှင့် ပတ်ဝန်းကျင်ရှိ မိသားစုများကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ကြိုတင်ကာကွယ်ရန် နည်းလမ်းများ

(၁) ခြင်ပေါက်ပွားနိုင်သောအိမ်တွင်း၊ အိမ်ပြင်ရှိ ရေသိုလှောင်ထားသည့် ရေစည်၊ ရေအိုးတို့ကို အဖုံးဖုံးထားပါ။
(၂) ယင်းတို့တွင် ပိုးလောက်လမ်းများကိုတွေ့ပါက ရေသွန်၊ လှယ်ပစ်ပါ။
(၃) ဘုရားပန်းအိုး၊ နတ်စင်အိုး၊ အိမ်တွင်းအလှပန်းအိုး စသည်တို့ ထားရှိပါက အနည်းဆုံး (၃) ရက်လျှင်တစ်ကြိမ် ရေလဲလှယ်ပေးပါ။
(၄) မိုးရွာပြီး ရေတင်ကျန်နိုင်သည့် အိုး၊ ခွက်၊ တာယာဟောင်း၊ ဘက်ထရီအိုး စသည်တို့ကို ရှင်းလင်းထားပါ။
(၅) ရေအောင်းပြီး ခြင်ပေါက်ပွားနိုင်သော ဝါးငုတ်၊ သစ်ခေါင်းများကို မြေဖို့ထားပါ။
(၆) ရေကန်များကိုအဘိတ်ဆေးခတ်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ရန်ကုန်သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်ခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်း

တွေ့ဆုံမေးမြန်း - ဝင်းမီမီဖြိုး၊ ဓာတ်ပုံ - ရဲထွဋ်

ယခုနှစ်မှစတင်၍ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ် ၁၁ ခု၌ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးကို ယခင်နှစ်များကဲ့သို့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က မရွေးချယ်ဘဲ သက်ဆိုင်ရာတက္ကသိုလ်များ၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ခေါ်ယူသွားမည်ဖြစ်ရာ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဝင်ခွင့်လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာပုံစံများကို လှိုင်မြို့နယ် ပါရမီလမ်းရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန Website www.myanmar-education.edu.mm တွင် လည်းကောင်း၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် Website www.uit.edu.mm တွင်လည်းကောင်း Download လုပ်၍ ရယူနိုင်မည်ဖြစ်သည်။

ရန်ကုန်သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်ခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ ပါမောက္ခချုပ် ဒေါက်တာဒေါ်စောစန္ဒာအေးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

(ယမန်နေ့မှအဆက်)

မေး။ ။ အရင်စနစ်နဲ့ အခုစနစ် ထူးခြားချက်လေးတွေ၊ အားသာချက်တွေ၊ အားနည်းချက်တွေကိုလည်း ပြောပြပေးပါ။

ဖြေ ။ ။ ပထမဦးဆုံး တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်တဲ့အရာကို အများပြည်သူတွေကို သိစေချင်ပါတယ်။ တော်တော်များများက အရင်နှစ်ကအထိ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာကို လျှောက်လိုက်တယ်ဆိုရင်ပဲ ကိုယ်ရတဲ့အမှတ်ပေါ်မှာ မူတည်ပြီးတော့ ဒီတက္ကသိုလ်ကို တက်ခွင့်ရမှာပဲဆိုပြီး ဥပမာ အမှတ် ၅၀၀ ကျော်ရထားတဲ့ ကျောင်းသား၊ ကျောင်းသူတွေက ဆေးတက္ကသိုလ်တက်မယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် တက်မယ်၊ မန္တလေးနည်းပညာတက္ကသိုလ်တက်မယ်၊ သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်တက်မယ် စသဖြင့် ဦးစားပေးအဆင့်အလိုက် ရွေးချယ်လျှောက်ထားတယ်။ ဒီဟာမရရင် ဒါတက်မယ်။ ဒါမရရင် ဒါတက်မယ်ဆိုပြီး ကျောင်းသား ကျောင်းသူတွေဘက်က အဲဒီ လျှောက်လွှာကို တင်လိုက်တယ်။ အဲဒီလိုတင်လိုက်ပြီးတော့မှ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျောင်းသား၊ ကျောင်းသူ သိန်းကျော်ရှိတဲ့အထဲကမှ ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်တဲ့အခါမှာ အမှတ်အများဆုံးရတဲ့ ကျောင်းသားကနေ စပြီးတော့ ရွေးချယ်ပါတယ်။ သက်ဆိုင်ရာတက္ကသိုလ်အသီးသီးက လက်ခံဖို့အတွက်လည်း ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က သွားရပါတယ်။ သွားတဲ့အခါမှာ ဥပမာ ဆေးတက္ကသိုလ် (၁)၊ ဆေးတက္ကသိုလ် (၂) ဒီလိုမျိုးလည်း လာသလို၊ ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်က တာဝန်ရှိသူတွေလည်း သွားရပါတယ်။ အဲဒီမှာ တစ်နိုင်ငံလုံးမှာ အမှတ်အများဆုံးရတဲ့ကလေးက ဆေးကျောင်းကို လျှောက်တယ်ဆိုရင် ဆေးကျောင်းက တစ်ယောက်ရပြီပေါ့နော်။ ဒုတိယကလေးကျတော့ ဥပမာ YTU ကို သူလျှောက်တယ်ဆိုရင် YTU က တစ်ယောက် ရပြီဆိုပြီးတော့ ကျွန်မတို့က သူတို့ ဦးစားပေးရေးထားတဲ့အပေါ်မှာ မူတည်ပြီးတော့ သက်ဆိုင်ရာကျောင်းတွေက လက်ခံရပါတယ်။

အဲဒီလို လက်ခံပြီးတဲ့အခါမှာ ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်က ၂၀၀ လက်ခံမှာ ဖြစ်တဲ့အတွက် ဒီလိုပဲ ကျွန်မတို့ကျောင်းကို ဦးစားပေးလျှောက်တဲ့ တစ်ယောက်ရပြီ၊ နှစ်ယောက်ရပြီပေါ့။ ဆေးမဝင်ရင် သူ့ရဲ့ဒုတိယဦးစားပေးအမှတ်ထဲကို ထည့်ပေးရတယ်။ အဲဒီလို ထည့်ပေးရင်းနဲ့မှ ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကလည်း အယောက် ၂၀၀ ပြည့်သွားပြီဆိုရင် အဲဒီ ၂၀၀ မှာ ကျွန်မတို့က ရပ်လိုက်တာ ဖြစ်ပါတယ်။ အဲဒီ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ကို ရွေးချယ်လိုက်တဲ့အမှတ်က နောက်ဆုံး ဒီနှစ်တက္ကသိုလ်ရဲ့ အနိမ့်ဆုံးဝင်ခွင့်ရမှတ် ဖြစ်ပါတယ်။ အဲဒီလို ရွေးချယ်တဲ့အခါမှာ ကျွန်မတို့က အမှတ်နဲ့ ဆုံးဖြတ်တာဖြစ်တဲ့အတွက် ဥပမာ ကျောင်းသား၊ ကျောင်းသူ ၂၀၀ အတိအကျတော့ ဖြတ်လို့မရဘူး။ မနှစ်ကဆိုရင်ကျွန်မတို့ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ဝင်ခွင့်ရတဲ့အမှတ်က စုစုပေါင်း ၄၈၇ မှတ် လုပ်မယ်ဆိုရင် ၂၀၇ ဦး ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင် ၄၈၈ မှတ် လုပ်မယ်ဆိုရင် ဥပမာအားဖြင့် ၁၉၆ ဦးပဲရမယ် လေးဦးလိုနေမယ်။ တက္ကသိုလ်အနေနဲ့ ဘယ်အမှတ်မှာ ဖြတ်ချင်ပါသလဲဆိုတဲ့ဟာမျိုးကိုလည်း တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ကနေ တိုင်ပင်ဆုံးဖြတ်ရတာမျိုး ရှိပါတယ်။

ပုံမှန်အားဖြင့်တော့ ၁ မှတ် ကလေးလိုတာနဲ့ ပိုပြီးတော့ခေါ်လိုက်ပါတယ်။ မနှစ်ကလည်း ၂၀၇ ဦးမှာ ၄၈၇ မှတ်နဲ့ ဖြတ်လိုက်တာဖြစ်ပါတယ်။ ပြီးရင် ကျွန်မတို့က စုပေါင်းရွေးချယ်တဲ့အခါကျတော့ အမှတ်အများဆုံးကနေ ၂၀၀ ပြည့်သွားတဲ့အခါမှာ ၄၈၇ မှတ်နဲ့ ဖြတ်လိုက်တယ်။ အရင်တုန်းကကျတော့ ကျောင်းသားတွေက လိုချင်တဲ့ဘာသာရပ်ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးရေးရတာဖြစ်တဲ့အတွက် တကယ်တမ်း တက္ကသိုလ်ဝင်ခွင့်ရရှိတဲ့အခါကျရင် ဥပမာ ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကို တက်ခွင့်ရတယ်ဆိုပေမယ့်လည်း မတက်ချင်တာလည်း ဖြစ်နိုင်တယ်။ အဲဒါဆိုရင် တခြားအနိမ့်ဆုံးရမှတ်နဲ့ သူ့အမှတ်ကလည်းမီတယ်ဆိုရင် ဥပမာ သူ ဆေးကျောင်းကို ပြောင်းချင်လည်း ပြောင်းမယ်။ တခြားကျောင်း ဥပမာ UFL ကို ပြောင်းချင်လည်း ပြောင်းမယ်။ ဒီလိုမျိုးပြောင်းခွင့်ကို တစ်လအထိ ခွင့်ပြုထားပါတယ်။

သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်အား တွေ့ရစဉ်။

ကျွန်မတို့ကျောင်းကို ဝင်ခွင့်ရတဲ့ ကလေးက ဒီကျောင်းကို မတက်ချင်ဘူး။ အရင်က ဘာရမယ်မှန်းမသိဘဲနဲ့ ဘာသာရပ်ကို ဦးစားပေးအလိုက် တန်းစီရေးထားတယ်။ တကယ်တမ်း ဒီကျောင်းကို တက်ခွင့်ရတဲ့အခါမှာမတက်ချင်လို့ သူတို့က ပြောင်းသွားတာလည်းရှိတယ်။ တခြားကျောင်းက တက်ခွင့်ရပြီးတော့ ကျွန်မတို့ကျောင်းကို ပြောင်းဝင်လာတာလည်း ရှိတယ်။ သို့သော် မနှစ်က အနိမ့်ဆုံးရမှတ် ၄၈၇ မှတ်။ ဒီနှစ်တော့ မသိသေးပါဘူး။

အဲဒီတော့ ၄၈၇ မှတ်မှာ ဖြတ်လိုက်ပြီးသား အမှတ်ကို ကျွန်မတို့ ပြောင်းလဲလို့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျောင်းသား၊ ကျောင်းသူ သိန်းကျော်ရှိတဲ့အထဲက ရွေးချယ်ရတာဖြစ်တဲ့အတွက် ၄၈၆ မှတ် ပြန်လုပ်မယ်လို့ လုပ်ချင်လည်းပဲ လုပ်လို့ မရပါဘူး။ အားလုံးနဲ့ တန်းစီရမှာမျိုးဖြစ်ပါတယ်။ မနှစ်ကဆိုရင် ၄၈၇ မှတ်နဲ့ ဖြတ်လိုက်ပြီးတဲ့အခါမှာ တကယ်တမ်း ကျွန်မတို့ ကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၀၀ ပဲ လက်ခံနိုင်တယ်။ သို့သော်လည်းပဲ ပြန်ပြီးတော့ ပြောင်းလာတဲ့ ဦးရေနဲ့ စုစုပေါင်း ပထမနှစ် ကျောင်းသား၊ ကျောင်းသူ ၂၃၅ ဦး ဖြစ်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၄၈၇ မှတ် အထက်ရနေတဲ့သူဆိုရင် ဘယ်သူမဆို ပြောင်းလာခွင့်ရှိတဲ့ မူဝါဒအရ အဲဒီလိုမျိုး ဖြစ်ပါတယ်။ မနှစ်ကဆိုရင် တော်တော်လေးကို စီစဉ်လိုက်ရပါတယ်။ ကျွန်မတို့ ကျောင်းကို ဒီလိုမျိုးတက်ချင်လို့၊ စိတ်ဝင်စားလို့ ကျောင်းသား၊ ကျောင်းသူတွေ ပြောင်းလာတာ ဝမ်းသာစွာကြိုဆိုရမယ့် ကိစ္စပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ တကယ်တမ်း ၂၀၀ ပဲ သင်ကြားနိုင်တယ်ဆိုပေမယ့် ၃၅ ဦး ပိုလာတဲ့ဟာကို အဆင်ပြေအောင် တော်တော်လေးကို စီစဉ်ရပါတယ်။ ဥပမာ ကျွန်မတို့ကျောင်းမှာ ပရိုဂရမ်အင်ဂျင်နီယာဘာသာရပ်တွေကို သင်ကြားတဲ့အခါမှာ ဆရာ၊ ဆရာမတွေက စက်ခန်းထဲမှာ တစ်ခါတည်း စက်တွေနဲ့ တိုက်ရိုက်သင်ပါတယ်။ တိုက်ရိုက်သင်တဲ့အခါမှာ စက်ခန်းထဲမှာ အလုံး ၄၀ ပဲရှိတယ်ဆိုရင် ကျောင်းသား ၄၀ ပဲ ထည့်လို့ရပါတယ်။ တစ်ဦးချင်းစီ သေချာ လက်တွေ့လေ့ကျင့်ရမှာဖြစ်တဲ့အတွက်ကြောင့် စက်ခန်းထဲမှာ စက်အလုံးရေ ထပ်ထည့်ရတာတို့၊ ကျပ်တည်းတာတို့ ဖြစ်တာပေါ့။

ကျွန်မတို့က သက်ဆိုင်ရာတက္ကသိုလ်ကို တိုက်ရိုက်လျှောက်ထားလို့ရတယ်လို့ ပြောလိုက်တဲ့အတွက်ကြောင့်စောစောကလို မလိုလားအပ်တဲ့ပြဿနာတွေ လျော့နည်းသွားမယ်လို့ထင်ပါတယ်။ ကျွန်မတို့က waiting list မှာ တစ်ခါတည်း အရန်ရွေးချယ်တဲ့စာရင်းကို ထုတ်ပြန်ထားမှာဖြစ်တဲ့အတွက်ကြောင့် တကယ်ကို သင်ကြားပေးနိုင်တဲ့ ကျောင်းသားဦးရေ ၂၀၀ ကို ဒီကျောင်းမှာ တက်ခွင့်ရတယ်ဆိုပြီး ရွေးချယ်လိုက်တဲ့အခါမှာလည်း ကျောင်းသားတွေကလည်း ဒီတစ်ကျောင်းတည်း လျှောက်မယ်လို့တော့ ကျွန်မ မထင်ပါဘူး။ တခြားကျောင်းကိုလည်း လျှောက်လိမ့်မယ်။ တခြားကျောင်းမှာလည်း ရတယ်ဆိုရင် နှစ်ကျောင်းလုံးမှာ တက်ခွင့်ရတယ်ဆိုရင်လည်း သူတို့က ဘယ်ကျောင်းကို တက်မယ်ဆိုပြီး ရွေးချယ်ဦးမှာဖြစ်တဲ့အတွက် ရွေးချယ်ခွင့်ကို သူတို့ရဲ့အခွင့်အရေးဖြစ်တဲ့အတွက် ကျွန်မတို့က ဘာမှပြောလို့ မရပါဘူး။

သို့သော်လည်း ၂၀၀ ထုတ်ပြန်လိုက်ပြီးတဲ့အခါမှာ ဒီတစ်ပတ်အတွင်းမှာ ကျွန်မတို့ ကျောင်းအပ်ပါမယ်။ တက်ပါမယ်လို့ ဆက်သွယ်ဆောင်ရွက်တာမရှိဘူးဆိုရင် စောစောက ပြောသလို အရန်ရွေးချယ်တဲ့စာရင်းကို ထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ၁ မှတ် ကလေး ကပ်ပြီး ကျန်ရစ်ခဲ့တယ်လို့၊ ကျောင်းက သင်ပေးနိုင်ပါလျက် လိုအပ်တဲ့ ကျောင်းသား၊ ကျောင်းသူ မရဘူးလို့၊ ဒါမျိုးတွေ လျော့နည်းသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

မေး။ ။ ရွေးချယ်တဲ့အခါမှာ ဆရာမကြီးကိုယ်တိုင် ဦးစီးပြီး ရွေးချယ်မှာလား။ တက္ကသိုလ်ဝင်တန်း ရွေးချယ်ရေးအဖွဲ့ကနေ ရွေးချယ်မှာလားဆိုတာ သိပါရစေ။

ဖြေ ။ ။ ကျွန်မတို့ သက်ဆိုင်ရာကျောင်းသားရေးရာဌာနကနေ ဦးစီးပြီးတော့ ဝင်ခွင့်စိစစ်တဲ့ကိစ္စတွေကို လုပ်ရမှာဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းကို လျှောက်ချင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေက သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ရဲ့ ကျောင်းသားရေးရာဌာနနဲ့ ဆက်သွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လျှောက်လွှာတင်ရင်လည်း ကျောင်းသားရေးရာဌာနမှာ တင်ရမှာ ဖြစ်ပါတယ်။ လျှောက်လွှာပုံစံနဲ့အတူ တောင်းထားတဲ့ အထောက်အထားတွေ၊ သူတို့အမှတ်စာရင်းတွေ ရှိပါတယ်။ နောက်ဆုံး ဝင်ခွင့်ရတဲ့စာရင်းကြေညာချက်မထုတ်ပြန်ခင်အချိန်အထိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်က အမှတ်ဘယ်လောက်နဲ့ ဖြတ်သွားတယ်ဆိုတာကို ပြောလို့ မရပါဘူး။ တော်တဲ့ ကျောင်းသားကျောင်းသူတွေက သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို စိတ်ဝင်စားတဲ့ကျောင်းသားများတယ်ဆိုရင် အမှတ်က မြင့်သွားမှာဖြစ်ပါတယ်။ စိတ်ဝင်စားတဲ့ ကျောင်းသားနည်းတယ်ဆိုရင် အမှတ်နည်းသွားမှာဖြစ်ပါတယ်။ ဒီလိုပဲ ကျွန်မတို့ ပြောရမှာ ဖြစ်ပါတယ်။

သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

မေး။ ။ နောက်ဆုံးရွေးချယ်မယ့်စာရင်းကို ဘယ်နေ့ထုတ်ပြန်မှာလဲဆိုတာ ပြောပြပေးပါ။

ဖြေ ။ ။ ဝင်ခွင့်ရတဲ့ကျောင်းသားတွေရဲ့ နောက်ဆုံးစာရင်းကိုဩဂုတ်လ ၁၅ ရက်နေ့မှာ ထုတ်ပြန်ကြေညာမှာဖြစ်ပါတယ်။ အဲဒီလို ထုတ်ပြန်ကြေညာပြီးတဲ့အခါ တစ်ပတ်အတွင်း ကျွန်မတို့ ကျောင်းနဲ့ ဆက်သွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တစ်ပတ်အတွင်း ဆက်သွယ်ဆောင်ရွက်တာမရှိဘူးဆိုရင် waiting list ထဲက ကျောင်းသား၊ ကျောင်းသူ စာရင်းကို ထပ်ပြီးကြေညာပေးမှာ ဖြစ်ပါတယ်။ ထပ်ပြီးကြေညာပေးထားတဲ့ waiting list ထဲက ကျောင်းသား၊ ကျောင်းသူတွေ အပါအဝင် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို နောက်ဆုံးကျောင်းအပ်နှံရမယ့်ရက်က စက်တင်ဘာ ၁၂ ရက်နေ့ နောက်ဆုံးထားပြီး အပ်နှံရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သတင်းအချက်အလက် နည်းပညာ တက္ကသိုလ်က အမှတ်ဘယ်လောက်နဲ့ ဖြတ်သွားတယ်ဆိုတာကို အဲဒီတော့မှ သိရမှာ ဖြစ်ပါတယ်။

မေး။ ။ ဒီကျောင်းကနေ ဘွဲ့ရကလေးတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းမှာ အားသာချက်တွေများ ရှိပါသလား။

ဖြေ ။ ။ သတင်းအချက်အလက်နည်းပညာဆိုတာ ဒီခေတ်မှာ ဒါက ကွန်ပျူတာဘာသာရပ်လို့ သီးခြားပြောလို့မရတော့တဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ သတင်းအချက်အလက်နည်းပညာက နေရာတိုင်းလိုလိုမှာ အသုံးပြုနေတယ်လို့ ပြောလို့ရပါတယ်။ IT နည်းပညာဆိုတာက သက်သက်ချည်း နည်းပညာတစ်ခု မဟုတ်တော့ပါဘူး။ နေရာတိုင်းမှာ ဘာသာရပ်တိုင်းမှာ၊ အလုပ်တိုင်းမှာ IT နည်းပညာနဲ့ တွဲဖက်ပြီး သုံးနေရတာဖြစ်ပါတယ်။ ကမ္ဘာမှာရော၊ မြန်မာမှာပါ IT နည်းပညာရပ်က အလုပ်အကိုင်အခွင့်အလမ်းအများဆုံး ပညာရပ်လို့ ပြောလို့ရပါတယ်။

ကျွန်မတို့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာမှာ စတင်ဖွင့်လှစ်တာဖြစ်တဲ့အတွက် ဘွဲ့ကြိုသင်တန်းက ၅ နှစ်သင်တန်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာမှ ပထမဆုံးအသုတ် ဘွဲ့ရခဲ့ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတစ်ခုအနေနဲ့ ပြောရရင် အလုပ်လုပ်ချင်တဲ့ ကျောင်းသား ကျောင်းသူတိုင်း အလုပ်ရတယ်လို့ ပြောလို့ရပါတယ်။ မနှစ်က ပထမဆုံးအသုတ် ဘွဲ့ရသွားတဲ့ ၁၆၉ ဦးမှာ ၁၀၀ က ကုမ္ပဏီအသီးသီးမှာ အလုပ်လုပ်နေကြပါပြီ။ ကျောင်းနဲ့ ဆက်သွယ်ဆောင်ရွက်နေတဲ့ ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်နေတဲ့ ကျောင်းသား ကျောင်းသူတွေရှိပါတယ်။ အဲဒီကျောင်းသား ကျောင်းသူတွေက ဂျပန်မှာ ဘွဲ့ရတဲ့ကလေးတွေနဲ့ တန်းတူလစာမျိုးရနေပါပြီ။ ဒါက ကျောင်းအတွက် ဂုဏ်ယူစရာပါ။ ကျွန်မတို့ကျောင်းက ပညာသင်ယူပြီးတဲ့အခါ အလုပ်အကိုင်အခွင့်အလမ်းရဖို့ကိုလည်း ကျွန်မတို့ကျောင်းက အာမခံသလို ကျွန်မတို့ကျောင်းကို စိတ်ဝင်စားလို့ လျှောက်လွှာလာတင်ကြမယ့် ကျောင်းသား ကျောင်းသူတွေ၊ မိဘတွေကို ပြောချင်တာက ကျွန်မတို့ကျောင်းက စည်းကမ်းကြီးတယ်။ ကျောင်းမှန်မှန်တက်ရမယ်။ လက်တွေ့ချိန်ကို စနစ်တကျလုပ်ဖို့အတွက် ကြိုဆိုပြီး အသိပေးပြောကြားရင်းနဲ့ ကျောင်းကို လာတက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ ။

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၆-၂၀၁၈

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၃၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၄၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၀၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၄၂၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး
ဒီဇယ်(တစ်လီတာ)	၈၉၀/၉၁၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၀၅/၉၃၀ ကျပ်
အောက်တိန်း ၉၂	၈၅၅/၈၈၀ ကျပ်
အောက်တိန်း ၉၅	၉၁၀/၉၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၃၅၉ ·၀
ဥရောပ	တစ်ယူရို	ကျပ် ၁၅၇၀ ·၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၀၁၀ ·၁
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၀၀ ·၇
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၂၂၉ ·၆
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၁၃ ·၃
တရုတ်	တစ်ယွမ်	ကျပ် ၂၁၂ ·၂၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၀ ·၀၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၄ ·၈၉
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၄၀ ·၉၉
ထိုင်း	တစ်ဘတ်	ကျပ် ၄၂ ·၁၇

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်းမှူး	-	မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၃၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm


HTOO






ကျော်ကျော်
ကာတွန်းဆရာ -


အငယ်လေး
အငယ်လေးကို နို့ဖြတ်လိုက်တယ်
ဟင် နို့ဖြတ်လိုက်တယ် ဆိုပါလား
နို့ ရှိမရှိ အငယ်လေးနို့ကို ကြည့်ရမယ်
နို့ဖြတ်လိုက်တယ်ဆိုလို့ သူ့နို့ကို လှန်ကြည့်တာ
သိပါဘူး သားက အငယ်လေး နို့ဘယ်ရောက်သွားလဲလို့ ကြည့်တာ - ပါး

ဘယ်ကျော်
ဟင်း...
ဝတုတ်...

တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

လက်ဝယ်ရှိသူ တရားခံလား

ကိုအောင်(မြင်းကမြေ)

ရာဇဝတ်ဥပဒေရာဇသတ်ကြီးကို ၁၈၆၁ ခုနှစ် မေ ၁ ရက်တွင် အင်္ဂလိပ်အစိုးရက အတည်ပြုပြဋ္ဌာန်းပြီး ကျင့်သုံးလာခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ လူမှုပတ်ဝန်းကျင် လူ့အဖွဲ့အစည်းတွင် ရာဇသတ်ကြီးဥပဒေသည် မရှိမဖြစ်သည့် ဥပဒေတစ်ရပ် ဖြစ်ပါသည်။ ယနေ့လူ့ဘောင်ခေတ်မရောက်ခင် ရှေးအလွန်ကျခဲ့သည့် လူ့သမိုင်းခေတ်တွင် တစ်ဦးနှင့်တစ်ဦး နစ်နာအောင်ပြုလုပ်ခဲ့လျှင် သွားတစ်ချောင်းအတွက် သွားတစ်ချောင်း၊ မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး၊ သူများအသက်ကိုသတ်ခဲ့ရင် ကိုယ့်အသက်လည်း ပြန်ပေးလျော်ရမည်ဆိုသည့် အဆိုအမိန့်များက ယနေ့ခေတ် ရာဇသတ်ကြီး ဥပဒေပေါ်ပေါက်လာရန် အခြေခံဖြစ်ပါသည်။

ထို့အတူ ရာဇဝတ်ဆိုင်ရာ ကျင့်ထုံးဥပဒေကို ၁၈၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ပြစ်မှုတစ်စုံတစ်ခုဖြစ်လာပြီဆိုလျှင် ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းစသည့် အဆင့်ဆင့်ဆောင်ရွက်ရသည့်အခါ ပါဝင်ပတ်သက်နေကြသည့် တရားရုံးများ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ ရဲစခန်းများနှင့် ရဲအရာရှိများ၊ အမှုသည်နှင့် သက်သေများ ဘယ်လိုဘယ်ပုံ ဆောင်ရွက်ကြရမည်ဆိုသည်ကို ရာဇဝတ်ဆိုင်ရာ ကျင့်ထုံးဥပဒေက ပြဋ္ဌာန်းထားပါသည်။

စာရေးသူတို့နိုင်ငံမှာ အင်္ဂလိပ်ခေတ် ကိုလိုနီကျွန်ဘဝကတည်းက အင်္ဂလိပ်အစိုးရက ချမှတ်သည့် ရာဇဝတ်ဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် ရာဇသတ်ကြီးဥပဒေကို ယနေ့တိုင်ကျင့်သုံးပြီး ရဲစခန်း၊ တရားရုံး၊ ဥပဒေရုံး၊ ရဲအရာရှိ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များက လိုက်နာဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမည်

ရှာဖွေခွင့်ရှိသည့် ရဲအရာရှိများ(ရှာဖွေခွင့်ရှိသူများ)က ဥပဒေအရ ပြစ်မှုနှင့်ပတ်သက်သည့် သက်သေခံပစ္စည်း၊ ပြစ်မှုကျူးလွန်သူ၊ မသင်္ကာသူများကို ရှာဖွေနိုင်ပါသည်။ ယင်းရှာဖွေခွင့်ရှိသူများက ရှာဖွေသည့်နေရာတွင် လူတစ်ဦး(သို့)လူတစ်ဦးထက်ပိုသူများက ဥပဒေနှင့်မလွတ်ကင်းသည့် မူးယစ်ဆေးဝါး(သို့)လောင်းကစားစာရွက်စာတမ်း(သို့) ငွေစက္ကူအတု(သို့)ပြစ်မှုကျူးလွန်သည့်အခါ အသုံးပြုသည့်ဓား စသည်ဖြင့် တွေ့ရှိသည်ဆိုပါက ထိုသူ၏ "လက်ဝယ်"ဥပဒေနှင့် မကင်းသော ပစ္စည်းများ တွေ့ရှိသည်ဆိုကာ ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမည်မှာ အမှန်ဖြစ်ပါသည်။

လူတစ်ဦး၏ "လက်ဝယ်"၌ ပြစ်မှုနှင့် မကင်းသော သက်သေခံပစ္စည်းတစ်ခု(သို့) တစ်ခုမက တွေ့ရှိပါက ထိုသူအား တရားခံအဖြစ် သတ်မှတ်ကာ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်းအား ရှာဖွေပုံစံဖြင့် သိမ်းဆည်းစစ်ဆေးခြင်းများ ပြုလုပ်ကြသည်မှာ မလွဲကေန်ဖြစ်ပေလိမ့်မည်။

အမှုနှင့်မကင်းသော သက်သေခံပစ္စည်းကို "လက်ဝယ်" ရှိသူသည် တရားခံအဖြစ် အဆုံးသတ်ရတော့မည်လော။ စာရေးသူအနေဖြင့် စဉ်းစားစရာလေးများ ရှိလာပြန်သည်။ စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်ကို စာရေးသူတင်ပြလိုပါသည်။

စိတ်ကူးယဉ်ဇာတ်လမ်း

ရန်ကုန်ဆိပ်ကမ်းမှ မြစ်ဝကျွန်းပေါ် မြို့ငယ်လေးတစ်မြို့သို့ ထွက်ခွာမည့် သင်္ဘောတစ်စင်းပေါ်တွင် ကျေးတောသား ဦးလေးကြီးတစ်ဦးနှင့် အဒေါ်ကြီးတစ်ဦး သင်္ဘောကြမ်းပြင်တွင် အခင်းခင်း၍ ထိုင်နေသည်။ သင်္ဘောကလည်းထွက်ရန် အချိန်ကလိုနေသေးသည်။ သင်္ဘောပေါ်တွင် ခရီးသွားမည့် ခရီးသည်က နည်းသေးသည်။ ထိုအချိန်တွင် ဦးလေးကြီးလင်မယားဘေးတွင် လွတ်နေသောနေရာသို့ လူငယ်တစ်ဦး ခရီးဆောင်အိတ်တစ်လုံးနှင့် ရောက်လာသည်။ ထိုလူငယ်က ဦးလေးကြီးလင်မယားအနီးယှဉ်လျက် အခင်းတစ်ခုထုတ်ခင်းပြီး ထိုင်ပါသည်။ "ဦးလေးတို့ ဘယ်သွားမလဲ" ဟု လူငယ်က မေးလိုက်ပါသည်။ ဦးလေးကြီးက "ငါတို့လင်မယား ခရီးဆုံးထိသွားမှာ" ဟု ပြန်ဖြေလိုက်ပါသည်။

"ဒါဆို ကျွန်တော်နဲ့ အတူတူပဲ၊ တစ်ခရီးတည်းပဲ" ဟု လူငယ်က ပြောလိုက်သည်။ သိပ်မကြာပါ။ လူငယ်က "ဦးလေးတို့ အပေါ်မတက်ဘူးလား" ဟု ထပ်မေးပါသည်။ "ငါတို့တော့ မတက်တော့ဘူး၊ သားသမီးတွေက စားဖို့ပြည့်ပြည့်စုံစုံ ထည့်ပေးလိုက်တယ်" ဟု ဦးလေးကြီးက ပြောပါသည်။

ရှာဖွေစစ်ဆေး

"ကျွန်တော့်မှာ ဘာမှစားစရာမပါပါဘူး၊ ဈေးဝယ်လိုက်ဦးမယ်၊ ကျွန်တော့်အိတ်နဲ့ နေရာလေး ဦးလေးတို့ ကြည့်ထားပေးပါ"ဟု လူငယ်လေးက ပြောပါသည်။ ဦးလေးကြီးက "မောင်ရင် သွားရင်သွားလေ၊ သင်္ဘောထွက်ဖို့အချိန်က လိုသေးတယ်၊ ခရီးသည်တွေလာဦးမှာ" ဟု ဦးလေးကြီးက ပြန်ပြောပါသည်။ "ဦးလေး ကျွန်တော် အပေါ်တက်ပြီး စားစရာတွေ သွားဝယ်ဦးမယ်၊ ကျွန်တော့်နေရာနဲ့ အိတ်ကို ထားခဲ့မယ်" ဟု လူငယ်က ပြောပါသည်။ ဦးလေးကြီးကလည်း "ထားခဲ့လေ ကြည့်ထားမယ်" ဟု ပြောသဖြင့် "ဟုတ်ကဲ့ ကျွန်တော် အပေါ်သွားလိုက်ဦးမယ် ဦးလေးနဲ့ အဒေါ်" ဟု ဆိုကာ ထိုလူငယ်ဆိပ်ကမ်းပေါ်သို့ တက်သွားပါသည်။ တစ်နာရီခန့်ကြာခဲ့ပြီးနောက် သင်္ဘောပေါ်၌လည်း လူအတော်စုံနေပြီဖြစ်ပါသည်။ ဦးလေးကြီးက လူငယ်ထားသွားသောအိတ်ကို စေတနာပိုပြီး ၎င်း၏အနားသို့ ဆွဲကပ်ထားပါသည်။ ၎င်းတို့လင်မယားနှစ်ဦး သားရေး သမီးရေးကိစ္စများ၊ လူမှုရေးကိစ္စများ ပြောနေပါသည်။ သင်္ဘောမှာလည်း ထွက်ခွာရန် ဥသြသံအချက်ပေးနေပါသည်။ လက်မှတ်စစ်နှင့် ရှာဖွေရေးရဲအရာရှိများကလည်း လိုက်လံစစ်ဆေးနေပါသည်။ စစ်ဆေးရေးအဖွဲ့က ဦးလေးကြီးလင်မယားအနား ရောက်လာပါသည်။

မူးယစ်ဆေးဝါးများတွေ့

"လက်မှတ်ပြပါ" ဟု လက်မှတ်စစ်နှစ်ဦးနှင့် သင်္ဘောလုံခြုံရေးအတွက် လိုက်ပါသည့် တာဝန်ရှိရဲနှစ်ဦးက ဦးလေးကြီးလင်မယားနှစ်ဦးကို ပြောလိုက်သဖြင့် ဦးလေးကြီးက အင်္ကျီအိတ်ထဲမှ လက်မှတ်နှစ်စောင်ကို လက်မှတ်စစ်အား ထုတ်ပေးလိုက်ပါသည်။ လက်မှတ်စစ်များက လက်မှတ်များကို စစ်ဆေးပြီးနောက် ရဲသားတစ်ဦးက "အထုပ်တွေ၊ အိတ်တွေ စစ်ဆေးမယ်နော်" ဟု ပြောသဖြင့် ဦးလေးကြီးက ၎င်းအနားရှိ အိတ်များကို ဖွင့်ပြလိုက်ပါသည်။

ဦးလေးကြီး၏ ညာဘက်ဘေးတွင် ကပ်လျက်ရှိသောအိတ်ကို ရဲသားတစ်ဦးက "ဒီအိတ်လည်းကြည့်မယ်" ဟုပြောရာ ၎င်းအိတ်မဟုတ်ကြောင်း၊ လူငယ်တစ်ဦးအပ်သွားသည့် အိတ်ဖြစ်ကြောင်း ဦးလေးကြီးက ပြောပါသည်။ ရဲသားက "ဘယ်သူ့အိတ်ပဲဖြစ်ဖြစ် ဦးလေးဘေးမှာကပ်ထားတဲ့အိတ် သင်္ဘောလည်း ထွက်တော့မယ်၊ ကြိုးတောင်ဖြည်နေပြီ၊ ကျွန်တော်ကြည့်ပါရစေ" ဟု ပြောသဖြင့် ဦးလေးကြီးကလည်း "မောင်ရင်တို့သဘော" ဟုဆိုကာ ပေးလိုက်ပါသည်။

စစ်ဆေးရေးများက အဆိုပါ ခရီးဆောင်အိတ်အား ဖွင့်ကြည့်ရာ မူးယစ်ဆေးဝါးများတွေ့သဖြင့် သိမ်းဆည်းရပါတော့သည်။ ဦးလေးကြီး၏ ပြောပြချက်အရ သင်္ဘောပေါ်တွင် အိတ်ပိုင်ရှင်ကို ဦးလေးကြီးနှင့်အတူ လိုက်လံရှာဖွေကြပါသည်။ လူငယ်အား ရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် အိတ်နှင့်အတူတွေ့ရသော ဦးလေးကြီးတို့လင်မယားကို မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူများဟုဆိုကာ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ကြရပါတော့သည်။

လက်ဝယ်ရှိသူ တရားခံလား

"မူးယစ်ဆေးဝါးများနှင့် ရန်ကုန်မြို့မှ ဘယ်မြို့သို့သွားသော သင်္ဘောပေါ်တွင် အသက် ၆၀ ကျော် လင်မယားနှစ်ဦးအား ဖမ်းဆီးရမိသည်" ဆိုသည့် သတင်းမှာ ဂျာနယ်စာမျက်နှာပေါ်သို့ နောက်ရက်များတွင် ပါလာသည်။ တရားခံများအဖြစ် စွပ်စွဲခံနေရသော ဦးလေးကြီးတို့လင်မယားလည်း အသက်ကြီးမှ ဂြိုဟ်ဆိုးဝင်သည်ဟုဆိုကာ မိမိတို့၏ အတိတ်ကံကိုသာ ပုံချ၍ တရားသဘောနှင့်သာ အချုပ်ထဲတွင် နေရရှာပါတော့သည်။

အထက်ပါ စိတ်ကူးယဉ်ဇာတ်လမ်းအမှုကို စဉ်းစားကြည့်စေလိုပါသည်။ တရားခံအစစ်မှာ စာထဲမှာ ဖော်ပြသည့်အတိုင်း လူငယ်တစ်ဦးဖြစ်ပါသည်။ ထိုလူငယ်ကို ဆက်လက်ဖော်ထုတ်ရန်အတွက် မလွယ်ကူတော့ပါ။ သို့သော် "လက်ဝယ်ရှိသူ တရားခံလား" ဆိုသည့် ကိစ္စကိုလည်း စဉ်းစားရန်ရှိပါတော့သည်။

အမှုဆင်ပြီး ဖမ်းခဲ့ကြ

အင်္ဂလိပ်အုပ်ချုပ်စဉ်က "လက်ဝယ်ရှိသူ တရားခံဟု သုံးသပ်ပြီး"၎င်းတို့နှင့် မတည့်သည့်သူများ၊ မျိုးချစ်ပုဂ္ဂိုလ်များ၊ နိုင်ငံရေးသမားများကို ဘိန်းပစ်၍ ဖမ်းခဲ့ကြကြောင်း၊ အမှုဆင်ပြီး ဖမ်းခဲ့ကြကြောင်း စာရေးသူ၏ ကွယ်လွန်သူ ဖခင်ပြောခဲ့သော ကိုလိုနီအုပ်ချုပ်ရေးတစ်စိတ်တစ်ဒေသကို သိခဲ့ရပါသည်။ ယနေ့ခေတ်တွင်လည်း ကိုလိုနီခေတ်က အင်္ဂလိပ်ရေးသားခဲ့သော အချို့သောဥပဒေများကို အခြေခံပြီး တရားစီရင်နေသည့်အတွက် "လက်ဝယ်ရှိသူ တရားခံ" ဟုဆိုသော အားနည်းချက်ကို ထုချေရန် ခဲယဉ်းကြောင်းကို ထင်မြင်သုံးသပ်မိပါသည်။

စဉ်းစားသုံးသပ်ဆုံးဖြတ်သင့်

ဥပဒေနှင့် မလွတ်ကင်းသော ပစ္စည်းတစ်စုံတစ်ရာ လက်ဝယ်ရှိသူသည် များသောအားဖြင့် တရားခံများဖြစ်ပါသည်။ တစ်ခါတစ်ရံ ဥပဒေနှင့် မလွတ်ကင်းသော ပစ္စည်းတစ်စုံတစ်ရာ လက်ဝယ်ရှိသူတိုင်းသည် တရားခံအစစ်အမှန် ဟုတ် မဟုတ် ဥပဒေနယ်ပယ်အတွင်း အလုပ်လုပ်ကိုင်နေသူများအနေဖြင့် သဘာဝယုတ္တိ ရှိ၊ မရှိအပေါ် အခြေခံပြီး စဉ်းစားသုံးသပ်ဆုံးဖြတ်သင့်ပေသည်။ ။

"ရှာဖွေခွင့်ရှိသည့် ရဲအရာရှိများ(ရှာဖွေခွင့်ရှိသူများ)က ဥပဒေအရ ပြစ်မှုနှင့်ပတ်သက်သည့် သက်သေခံပစ္စည်း၊ ပြစ်မှုကျူးလွန်သူ၊ မသင်္ကာသူများကို ရှာဖွေနိုင်ပါသည်။ ယင်းရှာဖွေခွင့်ရှိသူများက ရှာဖွေသည့်နေရာတွင် လူတစ်ဦး(သို့)လူတစ်ဦးထက်ပိုသူများက ဥပဒေနှင့်မလွတ်ကင်းသည့် မူးယစ်ဆေးဝါး(သို့)လောင်းကစားစာရွက်စာတမ်း(သို့) ငွေစက္ကူအတု(သို့)ပြစ်မှုကျူးလွန်သည့်အခါ အသုံးပြုသည့်ဓား စသည်ဖြင့် တွေ့ရှိသည်ဆိုပါက ထိုသူ၏ "လက်ဝယ်"ဥပဒေနှင့် မကင်းသော ပစ္စည်းများ တွေ့ရှိသည်ဆိုကာ ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမည်မှာ အမှန်ဖြစ် "

လိပ်ကန်းချောင်းရေကျော်၍ ခရီးသွားပြည်သူများအား ရဲတပ်ဖွဲ့ဝင်များက ကူညီပေး

မကွေး ဇွန် ၁၆

မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာအနီး မကွေး-ကံပြား- နေပြည်တော်ကားလမ်း မိုင်တိုင်အမှတ်(၆၇)ရှိ လိပ်ကန်းချောင်း ရေကျော်တွင် မိုးရွာသွန်းမှုများပြားခဲ့သောကြောင့် ဇွန် ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲမှစတင်၍ ရေကျော်လမ်းပေါ်တွင် ချောင်းရေကျစဉ် ရေလျှံတက်မှုများ ဖြစ်ပွားခဲ့သဖြင့် ခရီးသွားပြည်သူ အများ လမ်းဖြတ်ကူးရာ၌ အန္တရာယ်ကင်းရှင်းစေရေးအတွက် မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွန်းဦးစီး၍ ခရိုင်အကူတပ်ခွဲမှ ဒုရဲအုပ်ညွှန့်ဝင်းဦးစီးသောတပ်ဖွဲ့ဝင်များ၊ ညောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်ဝင်းဦးစီးသော တပ်ဖွဲ့ဝင်များ၊ ဒေသခံကျေးရွာနေပြည်သူများ ပူးပေါင်း၍ ဆိုင်ကယ်၊ ကားဖြတ်သန်းသွားလာနေမှုများအား လိုက်ပါကူညီဆောင်ရွက်ပေးလျက်ရှိကာ ရေကင်းချထား ဆောင်ရွက်ပေးလျက်ရှိကြောင်း မကွေးခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွန်းက တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လိပ်ကန်းချောင်း ရေကျော်တွင် ရေကင်း ၂၄ နာရီ ချထားပေးထားပြီး ချောင်းရေစီးဆင်းမှု အန္တရာယ်ရှိအနေအထားဆိုလျှင် ဆိုင်ကယ်များနှင့် ကားများကို ခေတ္တစောင့်ဆိုင်းစေပြီး အန္တရာယ်မရှိလျှင် ဆိုင်ကယ်နှင့် ကားများအားဖြတ်သန်းစေကာ လိုက်ပါကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။ **ကျော်ဇေယျ**

ပုသိမ်ဆိပ်ကမ်းမှ ရေယာဉ်များ ရေကြောင်းအန္တရာယ် အသိပညာပေး

ပုသိမ် ဇွန် ၁၆

ပုသိမ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားရှိသော ရေယာဉ်များ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး တိုက်တွန်းနှိုးဆော်ခြင်းကို ဇွန် ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းတပ်ဖွဲ့စု (ပုသိမ်မြို့)မှ ရေကြောင်းတပ်ဖွဲ့စုရဲမှူး သန်းလွင်ဦးဆောင်သော ရေကြောင်း တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှ ပုသိမ်ဆိပ်ကမ်းရှိ ဥမ္မာဒန္တီသင်္ဘောဆိပ်၊ စိန်ကုန်းကူးတို့ဆိပ်၊ ကြက်တန်းကူးတို့ဆိပ်၊ တလိုင်းချောင်းသင်္ဘောဆိပ်များ၌ ဆိုက်ကပ်ထားရှိသော စက်တပ်ရေယာဉ်များ၊ ကူးတို့လှေများ၊ သင်္ဘောများအား၊ ခရီးသည်များ ရေကြောင်းအန္တရာယ်ကင်းရှင်းစေရန် ရေကြောင်းလုံခြုံရေးအတွက် သတ်မှတ်ထားရှိသော အသက်ကယ်အင်္ကျီနှင့် ဗောကွင်းများ ပြည့်စုံမှု၊ ရေယာဉ်မောင်းလိုင်စင်နှင့် သတ်မှတ်ခရီးသည်နှင့် ကုန်ပစ္စည်းတင်ဆောင်မှု စည်းကမ်းနှင့် ညီညွတ်မှုရှိ၊ မရှိ လိုက်လံစစ်ဆေးခြင်းနှင့် အသိပညာပေးတိုက်တွန်းနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှကြည်(ပုသိမ်)

မြန်အောင်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

မြန်အောင် ဇွန် ၁၆

မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက်က မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချို၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသက်ဝေ၊ မြန်အောင်မြို့မစခန်းမှူး ဒုရဲမှူးကျော်ညွန့်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်ဝေက မြန်အောင်မြို့နယ်အတွင်း မှုခင်းကျဆင်းရေးဆောင်ရွက်နေသည့် အချက်များကို ချပြရှင်းလင်းပြီး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးအတွက် အုပ်ချုပ်ရေးမှူးများက ကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။ ဆက်လက်၍ မြန်အောင်မြို့မစခန်းမှူး ဒုရဲမှူးကျော်ညွန့်က မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးတို့ကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချိုတို့က ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

ဝင်းဗိုလ်(မြန်/ဆက်)

ရေတာရှည်မြို့နယ် သမဝါယမအသင်းစု အစည်းအဝေးပြုလုပ်

ရေတာရှည် ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်ဆိုင်ရာ လုပ်ငန်းများရှင်းလင်းခြင်း၊ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရေးနှင့် စဉ်ဆက်မပြတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ဇွန် ၁၂ ရက်က အမှတ်(၂) ရပ်ကွက်ရှိ ဟုတ်တိတ်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွဋ်နှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ဥက္ကဋ္ဌ) ဦးတင်ဦးတို့က နှစ်ပတ်လည်ဆိုင်ရာ လုပ်ငန်းအရပ်ရပ်၏ အားနည်းချက်အားသာချက်များကို ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ခိုင်နှင့် မြို့နယ် သမဝါယမအသင်းစု(ဥက္ကဋ္ဌ) ဦးခင်မောင်ဦးတို့က အသင်းသူ အသင်းသားများ ချေးယူထားသည့်ငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်နိုင်ရေးနှင့် သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့သည်။ ရေတာရှည်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၅၉ အုပ်စု၌ သမဝါယမအသင်းပေါင်း ၃၈၉ သင်းရှိကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သိန်းပေါင်း ၂၂၀၀၀ ကျော် ထုတ်ချေးပေးထားကြောင်းသိရသည်။

ကိုလွင်(ဆွာ)

၂၀၁၈ အာရှ ဓားခုတ်တံခွန်စိုက်ပြိုင်ပွဲ မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၁၆

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဇွန် ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ဘန်ကောက် ၂၀၁၈ အာရှဓားခုတ်တံခွန်စိုက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ အာရှ ဓားခုတ်တံခွန်စိုက်ပြိုင်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ အသင်းအုပ်ချုပ်သူ၊ အဖွဲ့ခေါင်းဆောင်၊ နည်းပြ၊ နည်းစနစ်မှူး ဒေါ်တင့်တင့်ဝင်းနှင့် အားကစားသမားများဖြစ်သော ဖြူဖြူအောင်နှင့် နန်းအိစိုးတို့သည် ဇွန် ၁၅ ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာသွားခဲ့ပြီး ၎င်းတို့အား မြန်မာနိုင်ငံ ဓားခုတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်နှင့် အတွင်းရေးမှူး ဒေါ်ဥမ္မာတို့က လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံပေါင်း ၃၃ နိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ ဘေးကင်းရန် တိုင်းဒေသကြီးဝန်ကြီး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ စည်းကမ်းတကျရှိပြီး ခရီးသွားပြည်သူများ ဘေးကင်းစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် တာဝန်ရှိသူများက ဇွန် ၁၅ ရက်က ဆိပ်ကမ်းမြို့နယ် စဉ့်အိုးတန်းဆိပ်ကမ်းတွင် လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြစ်ကိုဖြတ်၍ ဒလမြို့နယ်မှ ရန်ကုန်ဘက်သို့ စဉ့်အိုးတန်းဆိပ်ကမ်းမှတစ်ဆင့် နေ့စဉ်ကူးတို့ ပို့ဆောင်သွားလာနေကြသော စက်တပ်သမ္ဗန်များ စည်းကမ်းတကျရှိစေရေး၊ ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံရေး စီမံဆောင်ရွက်ထားမှု အခြေအနေများနှင့် လှေများပေါ်တွင် အသက်ကယ်အင်္ကျီများထားရှိသည့် အခြေအနေ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အသိပေးညွှန်ကြားထားသည့် အချက်အလက်များကို လိုက်နာဆောင်ရွက်နိုင်မှု အခြေအနေများ၊ စက်တပ်သမ္ဗန် မောင်းနှင်သူများနှင့် ပြည်သူများ၏ စည်းကမ်းလိုက်နာမှု အခြေအနေ၊ ရန်ကုန်မြစ်အတွင်း၌ အမှိုက်များနှင့် ဒိုက်များ ပိုမိုများပြားလာခြင်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဝန်ကြီးက တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်နှင့် ဦးသန်းဆွေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆိပ်ကမ်းမြို့နယ်နှင့် ဒလမြို့နယ်တို့မှ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကူးတို့စက်လှေများကို လိုက်လံစစ်ဆေးခဲ့ပြီး အသက်ကယ်အင်္ကျီများ ပြည့်စုံစွာထားရှိရေးနှင့် ခရီးသည်များအနေဖြင့်လည်း အသက်ကယ်အင်္ကျီများ ဝတ်ဆင်ကြရေး မှာကြားခဲ့သည်။

ရန်ကုန်မြစ်အတွင်း၌ ဇွန် ၁၃ ရက် ည ၇ နာရီခွဲခန့်က ခရီးသည် ၁၁ ဦးပါ စက်တပ်သမ္ဗန်တစ်စင်း၏ ပန်ကာတွင် အမှိုက်နှင့် ဒိုက်များငြိပြီး စက်ရပ်တန့်သွားစဉ် ရေစီးနှင့်မျောပါ၍ ရန်ကုန်ဘက်ကမ်းရှိ ကုန်တင်ဆိပ်ကမ်းတွင်ရပ်ထားသည့် တွဲသင်္ဘောကို ဝင်တိုက်မှုကြောင့် စက်တပ်သမ္ဗန်သည် တိမ်းမှောက်နစ်မြုပ်ကာ စက်မောင်းနှင့် ခရီးသည် ရှစ်ဦးကို ဆယ်ယူနိုင်ခဲ့ပြီး ခရီးသည် အမျိုးသမီး သုံးဦးနှင့် အမျိုးသား တစ်ဦးတို့မှာ ပျောက်ဆုံးလျက်ရှိသည်။ ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဓမ္မပါလပရဟိတအဖွဲ့၊ ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့နှင့် နစ်မြုပ်မှုတွင် ပျောက်ဆုံးနေသူများ၏ ဆွေမျိုးများက ရန်ကုန်မြစ်အတွင်း၌ နေရာဖြန့်၍ ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေသော်လည်း ဇွန် ၁၅ ရက် ညနေပိုင်းအထိ ပျောက်ဆုံးနေသူများအား မတွေ့ရသေးကြောင်း သိရသည်။

ရန်ကုန်မြစ်အတွင်း၌ စက်တပ်သမ္ဗန်များ တိမ်းမှောက်မှုနှင့် နစ်မြုပ်မှုတို့မှာ မကြာခဏဖြစ်ပွားလျက်ရှိပြီး အချို့သော စက်တပ်သမ္ဗန်များ၌ အသက်ကယ်အင်္ကျီများ လုံလောက်စွာမရှိခြင်းနှင့် ရှိသော်လည်း ဟောင်းနွမ်းနေခြင်းကြောင့် ခရီးသည်များက မဝတ်ဆင်လိုကြခြင်း စသည့် အခြေအနေများ ဖြစ်နေပြီး အရေးပေါ်အခြေအနေ ကြုံတွေ့ရသောအခါ အသက်ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် ပြည်သူများ၏ အသက်အန္တရာယ် လုံခြုံမှုရှိစေရေးနှင့် ဘေးကင်းစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုအပ်ပြီး စက်တပ်သမ္ဗန်များအားလုံးတွင်လည်း အသက်ကယ်အင်္ကျီ အသစ်များ လုံလောက်စွာ ထားရှိပေးခြင်းသာမက ဘောကွင်းများပါ တပ်ဆင်ပေးပါက ပြည်သူများ၏ အသက်အန္တရာယ်အတွက် ပို၍ လုံခြုံစိတ်ချရစေမည် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပုဂ္ဂလိကပိုင်ကူးတို့သမ္ဗန်ဆိပ် ခြောက်ခုရှိကာ ကမာအောင်ကူးတို့ဆိပ်တွင် စက်တပ်သမ္ဗန် အစင်း ၁၈၀၊ ရေကန်ကူးတို့ဆိပ်တွင် ၂၂ စင်း၊ တံလျှပ်ကူးတို့ဆိပ်တွင် ၄၆ စင်း၊ ဆာပါချောင်ကူးတို့ဆိပ်တွင် ၄၁ စင်း၊ ကျောင်းစု(စက်မြေ)ကူးတို့ဆိပ်တွင် ၂၂ စင်းနှင့် ကျောင်းစု(လက်/ခတ်)ကူးတို့ဆိပ်တွင် အစင်း ၂၀ စုစုပေါင်း ၃၃၁ စင်း ရှိသည်။ သမဝါယမအသင်းပိုင်ကူးတို့သမ္ဗန်ဆိပ် ငါးခုအနက် သမ္မတကမ်းခြေကူးတို့ဆိပ်တွင် စက်တပ်သမ္ဗန် ၃၄ စင်း၊ ကမာကသွယ်ကူးတို့ဆိပ်တွင် အစင်း ၃၀၊ ကမာကဆစ်ကူးတို့ဆိပ်တွင် ၄၁ စင်း၊ စက်မြေကူးတို့ဆိပ်တွင် ၃၁ စင်း၊ မော်စက်ကူးတို့ဆိပ်တွင် ၃၁ စင်း စုစုပေါင်း ၁၆၇ စင်းရှိ၍ ဒလမြို့နယ်တွင် စက်တပ်သမ္ဗန်ပေါင်း ၄၉၈ စင်းရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

နိုင်လင်းကျော်(ဒလ)

ရင်ခွင်မဲ့ကလေးငယ်များ လျော့ချနိုင်ရေး ထားဝယ်၌ ဆွေးနွေး

ထားဝယ် ဇွန် ၁၆

ရင်ခွင်မဲ့ကလေးငယ်များ များလာမှုကို လျှော့ချနိုင်ရေးနှင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ဇွန် ၁၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ယနေ့ မြန်မာနိုင်ငံတွင် ဆေးရုံများတွင်လည်းကောင်း၊ လမ်းဘေးတွင်လည်းကောင်း စွန့်ပစ်ခံရသည့် ကလေးငယ်များ များပြားလာသည်ကိုတွေ့ရှိရကြောင်း၊ စွန့်ပစ်ခံရသော ရင်ခွင်မဲ့ကလေးငယ်များကို မိခင်ရင်ခွင်မှာ စောင့်ရှောက်ခံရသကဲ့သို့ စောင့်ရှောက်မှုရရှိရန်နှင့် နောက်ထပ် ရင်ခွင်မဲ့ကလေးငယ်များ ထပ်၍မပေါ်လာစေရန်အတွက် ကာကွယ်တားဆီးရေးမှာလည်း အလွန်အရေးကြီးကြောင်း၊ ယခုလက်ရှိတွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းကို စနစ်တကျဖွဲ့စည်းထားရှိပြီး လုပ်ငန်းစတင်ဆောင်ရွက်နေသည်ကို ကြည်နူးပီတိဖြစ်ရကြောင်း၊ မိမိတို့အစိုးရအဖွဲ့များအနေဖြင့်လည်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ကိုယ်ရောစိတ်ပါ တက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထောက်အကူပြုအဖွဲ့ဝင် ဒေါက်တာခင်သန်းအေးက အသင်းဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာပြုံးမိုအိက အသင်း၏ လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး အထောက်အကူပြုအဖွဲ့ဝင် ဒေါက်တာခင်သန်းအေးက အသင်းဝင်ကတ်များကို ပေးအပ်ကာ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာက အသင်းဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **ခရိုင်(မြန်/ဆက်)**

ဖားကန့်တွင် မိုးတွင်းကာလ မြေစာပုံပြိုကျနိုင်ခြင်းကြောင့် သတိထားလုပ်ကိုင်ရန်လိုအပ်

ဖားကန့် ဇွန် ၁၆

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ကျောက်မျက်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၌ မိုးတွင်းကာလ မိုးအဆက်မပြတ် ရွာသွန်းစဉ် စွန့်ပစ်မြေစာပုံဟောင်းများ ပြိုကျခြင်းများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသော်လည်း ကုမ္ပဏီအချို့မှာ လုပ်ငန်းများကို ရပ်နားခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဖားကန့်မြို့နယ် အေးမြသာယာအုပ်စုအတွင်းရှိ ဆိုင်းဂျာဘွမ်မော်၊ စဗျစ်ခူးမော်၊ မနမော်၊ ဗလခမော်၊ တောင်ပြိုမော်နှင့် မော်မောင်းလျှံမော်များရှိ ကုမ္ပဏီများမှာ မိုးတွင်းကာလတွင် ကျောက်တူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်၍ လုပ်ကိုင်နေကြခြင်း ဖြစ်သည်။ အလွန်ကြီးမားသော စွန့်ပစ်မြေစာပုံများမှာ ပွင့်လင်းရာသီအချိန်များတွင်ပင် မကြာခဏ လျှောကျခြင်း၊ ပြိုကျခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် မလိုလားအပ်သော ပြဿနာများ ဆက်လက်မဖြစ်ပေါ်ရေးအတွက် မိုးတွင်းကာလ မိုးဆက်တိုက်ရွာသွန်းစဉ် ကျောက်တူးဖော်ရေးလုပ်ငန်းများကို ရပ်နားထားရန်လိုအပ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

ဝ၆၇

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဒိုင်းကို ကရင်ပြည်နယ်အစိုးရထံသို့ အပ်နှံ

ဘားအံ ဇွန် ၁၆

ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကရင်ပြည်နယ် ရိုးရာ လက်ဝှေ့အသင်းအနေဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းဆုကို ထပ်မံရရှိခဲ့သဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုတွေ့ဆုံခြင်းနှင့် ပြည်နယ်အစိုးရထံသို့ ဒိုင်းဆုများ အပ်နှံပွဲကို ဇွန် ၁၄ ရက်က ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ်၏ ဂုဏ်ဆောင်နိုင်သော ရိုးရာလက်ဝှေ့ အားကစားသမားကြောင့် ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ယူရကြောင်း၊ ကရင်ပြည်နယ်ကိုယ်စားပြုအနေဖြင့် ထပ်မံ၍ တံခွန်စိုက်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြန်ပြီဖြစ်သောကြောင့် ပြည်နယ်၏ ရိုးရာလက်ဝှေ့အားကစားအတွက် အလားအလာကောင်းတစ်ခုဖြစ်ကြောင်း၊ နောင်နှစ်များတွင်လည်း ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ရန် ဆက်လက်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစတင်အောင်မြင့်ဦးက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ဆွတ်ခူးရရှိခဲ့သော လူသစ်တန်း တံခွန်စိုက်ဒိုင်း၊ (ဂ)အဆင့် တံခွန်စိုက်ဒိုင်းဆု၊ (ခ)အဆင့် တံခွန်စိုက်ဒိုင်းဆု၊ (က) အဆင့် တံခွန်စိုက်ဒိုင်းဆု၊ (ပြည်ထောင်စု) စုပေါင်း တံခွန်စိုက် ဒိုင်းဆုများကို အောင်ပွဲရ ကရင်ပြည်နယ် ရိုးရာလက်ဝှေ့အသင်းမှ တာဝန်ရှိသူများနှင့် ကရင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ကရင်ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အပ်နှံခဲ့သည်။

(၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဇွန် ၄ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ကရင်ပြည်နယ် ရိုးရာလက်ဝှေ့ အသင်းအနေဖြင့် ကီလိုတန်းအလိုက် နောက်ဆုံး ဗိုလ်လုပွဲ ရှစ်ပွဲတွင် ခြောက်ပွဲကို အနိုင်ရခဲ့ပြီး စုပေါင်းဒိုင်းဆုကြီး အပါအဝင် ရွှေတံဆိပ် ၂၂ ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခြောက်ခုတို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း၊ ယခင်နှစ်က (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင်လည်း စုပေါင်းတံခွန်စိုက်ဒိုင်းဆုကို ကရင်ပြည်နယ်ကပင် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

တာချီလိတ်၌ ခိုးရာပါဆိုင်ကယ်များကို ပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်

တာချီလိတ် ဇွန် ၁၆

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မရဲစခန်းက စုံစမ်းဖော်ထုတ်ခဲ့သည့် ဆိုင်ကယ်ခိုးမှုများမှ ခိုးရာပါမော်တော်ဆိုင်ကယ်များကို မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၄ ရက်က ရန်အောင်မြေရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးပေါ်ထွန်းက ယခုလို ခိုးရာပါမော်တော်ဆိုင်ကယ်များ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခြင်းမှာ ပြည်သူများနှင့် အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ခြင်းကြောင့်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် အကြောင်းအရာကိစ္စများ ဖြစ်ပွားခဲ့ပါက ရဲစခန်းနှင့် ရဲတပ်ဖွဲ့တို့ကို ကြောက်ရွံ့ခြင်းမရှိဘဲ အမှုဖွင့်တိုင်ကြားရန် လိုအပ်ကြောင်း၊ ဆက်သွယ်တိုင်ကြားမှုမရှိပါက အပြစ်ကျူးလွန်သူများကို ပိုမိုအားပေးရာရောက်သည့်အပြင် အခွင့်အလမ်းပေးရာလည်းရောက်သဖြင့် ပြစ်မှုများ ပိုမို ကျူးလွန်တတ်ကြောင်း၊ ပြည်သူများက တိုင်ကြားမှသာ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းများ အောင်မြင်ပြီး မှုခင်းများလည်း လျော့နည်းကျဆင်းလာမည်ဖြစ်သဖြင့် ဆက်လက်၍လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်ဖမ်းဆီးရမိမှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုက ရှင်းလင်းပြောကြားပြီး မဇ္ဈိမလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ၊ မှုခင်းသတင်းထောက်များအသင်းနှင့် မှုခင်းကူညီမှုပရဟိတအဖွဲ့ ဥက္ကဋ္ဌနှင့် ဆိုင်ကယ်ပိုင်ရှင်များက ဆိုင်ကယ်ခိုးမှု စုံစမ်းဖော်ထုတ်ရာတွင် ပူးပေါင်းကူညီခဲ့ပုံများနှင့် ဆိုင်ကယ်များ ပြန်လည်ရရှိခြင်းအတွက် ကျေးဇူးတင်စကားများ ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ တာချီလိတ်မြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများက ခိုးရာပါ ဆိုင်ကယ် ကိုးစီးကို မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

ဝေယံလင်း(ပြန်/ဆက်)

ပျဉ်းမနား၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဇွန် ၁၆

ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲတစ်ရပ်ကို ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်းနှင့် ဒုတိယ မြို့နယ်ပညာရေးမှူး ဦးကျော်မင်းနိုင်တို့က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နေပြည်တော် ဒုတိယဥက္ကဋ္ဌ(၁) ဦးသန်းဆင့်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ စာရေးဆရာ ဦးဇော်မျိုးနိုင်က လမ်းဘေးနေ ကလေးငယ်များကြားတွင် ပြန့်ပွားနေသော ကော်ရှူခြင်းဆိုင်ရာ အန္တရာယ်များကိုလည်းကောင်း၊ ပျဉ်းမနားခုတင် ၂၀၀ ဆံ့ဆေးရုံကြီးမှ စိတ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာနိုင်နိုင်ထွေးက ရှောင်လေဝေးဝေးမူးယစ်ဆေး ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေး ဟောပြောခဲ့သည်။ မူးယစ်ဆေးဝါးသုံးစွဲသည့် အသက်အရွယ်အပိုင်းအခြားတွင် အများစုမှာ ဆယ်ကျော်သက်လူငယ်လူရွယ်များ ဖြစ်ကြသည့်အတွက် ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို သိရှိစေရန် ပညာပေးဟောပြောခြင်းဖြစ်ပြီး နေပြည်တော် အထက(၁၄)ကျောင်းနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းတစ်ကျောင်းတို့တွင်လည်း ဟောပြောပွဲများကို ဇွန် ၁၁ ရက်နှင့် ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အလုံမြို့နယ်တွင် မူးယစ်ဆေးဝါး ပြဿနာအကြောင်း ပြည်သူ့စကားဝိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၁၆

ပြည်သူများ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိရှိစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ရှိလာစေရန် ရည်ရွယ်လျက် အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးပြဿနာတုန့်ပြန်အဖြေရှာ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို အလုံမြို့နယ်ခန်းမ၌ ဇွန် ၉ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ဝင်း၊ အတွင်းရေးမှူး ဦးမြင့်ခိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်စိုးနှင့် ဒေါက်တာမြင့်ဦးတို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

မြို့နယ်များမှ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လျက်ရှိ

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး ဒေသအချို့တွင် မိုးနှင့် လေကြောင့် နေအိမ်များ ပျက်စီးခြင်းနှင့် ဒေသအချို့တွင် မြစ်၊ ချောင်းများ ရေကြီးရေလျှံခြင်းတို့ ဖြစ်ပွားလျက်ရှိကာ သဘာဝဘေးကြုံတွေ့နေရသော အဆိုပါဒေသများမှ ပြည်သူများအား တာဝန်ရှိ ဌာနများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လျက်ရှိသည်။

နတ်မောက်

မေ ၃၀ ရက်နှင့် ဇွန် ၅ ရက်က မိုးနှင့် လေပြင်းကြောင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းမှ ကျေးရွာ ခြောက်ရွာနှင့် မြို့ပေါ်ရပ်ကွက် နှစ်ခုမှ အိမ် ၁၅ အိမ်ပျက်စီးမှုများ ဖြစ်ပွားခဲ့ရာ အဆိုပါအိမ်များမှ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများကို တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကိုယ်စား နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဇွန် ၁၅ ရက်က ပေးအပ်ခဲ့သည်။ လေဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စု တစ်စုလျှင် ထောက်ပံ့ငွေ ကျပ်နှစ်သောင်းစီနှင့် အဝတ်အထည်များ၊ ဆပ်ပြာ၊ ဇလုံ၊ ဇွန်း၊ သောက်ရေခွက်နှင့် ရေချိုးခွက်စသည့် လူသုံးပစ္စည်းများကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

ကံမ

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက ဇွန် ၁၅ ရက်က ကံမမြို့ ယွန်းကျောင်းပရိယတ္တိစာသင်တိုက်၌ ထောက်ပံ့ပေးအပ်ခဲ့သည်။ မင်းတုန်းချောင်းရေမြင့်တက်မှုကြောင့် ကြိုတင်ဖျက်သိမ်းခဲ့ရသော နေအိမ်ငါးလုံး၊ ချောင်းရေဖြင့် မျောပါသွားသော အိမ်ငါးလုံးနှင့် မိုးဦးကာလအတွင်း လေပြင်းတိုက်ခတ်ခြင်းကြောင့် အမိုးလန်ပျက်စီးသွားသော စာသင်ကျောင်းဆောင် နှစ်ဆောင်တို့အတွက် တန်ဖိုး ကျပ် ၁၂ သိန်းရှိ ခြောက်ပေသွပ် အချပ် ၄၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး မင်းတုန်းချောင်းရေမြင့်တက်မှုကြောင့် မီးရထားချောင်းကူးတံတား ချဉ်းကပ်တာပေါင် ကျိုးပဲ့မှုနှင့် သရက်-ကံမ ကားလမ်းပေါ်ရှိ မင်းတုန်းချောင်းကူးရေနံ့သာဘေလီတံတား မျောပါပျက်စီးမှု အခြေအနေများကိုလည်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

ကျော်ဇေယျဝင်း(ပြန်/ဆက်)

မင်းပြား

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့၌ ဇွန် ၉ ရက်မှစတင်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးမြို့မြစ်ရေမြင့်တက်လာကာ ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းငြိမ်းနိုင်နှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကာ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်၊ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများကိုလည်း ပေးအပ်လျက်ရှိကြောင်း သိရသည်။ လေးမြို့မြစ်ရေမှာ ဇွန် ၁၃ ရက်မှ ၁၅ ရက်အထိ မြင့်တက်လျက်ရှိရာ ကျေးရွာအုပ်စု ၁၆ စု ကျေးရွာပေါင်း ၃၃ ရွာရှိ အိမ်ခြေ ၁၇၇၇ အိမ်မှ အိမ်ထောင်စု ၁၇၈၂ စု လူဦးရေ ၇၅၃၁ ဦးတို့ ရေဘေးကြုံတွေ့နေရကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တောင်ကုတ်

တောင်ကုတ်မြို့နယ်အတွင်း မေ ၂၉ ရက်က တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် နေအိမ်များပျက်စီးခဲ့သည့် အိမ်ထောင်စု ၈၀ အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့လှူဒါန်းသည့် အသုံးအဆောင်ပစ္စည်း ၁၆ မျိုးပါ ပစ္စည်းပုံးများ ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က တောင်ကုတ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ဇော်ဦးနှင့် သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ် ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက ပစ္စည်းပုံးများကို လေဘေးသင့် အိမ်ထောင်စု ၈၀ ထံ လက်ရောက်ပေးအပ်ခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားရှမ်းရွာ အထကကျောင်း၌ ဇွန် ၁၅ ရက်က ကျင်းပရာ သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း ဟောပြောစဉ်။(ဟောပြောပွဲနှင့်အတူ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲများကိုလည်း အဆိုပါကျောင်း၌ ကျင်းပခဲ့သည်)

ခွန်(ဝင်းပ)

မိုးများသော်လည်း မြင်းခြံခရိုင်နှင့် မြို့နယ်အတွင်းရှိ ဆည်၊ ကန်များ စိုးရိမ်ရန်မရှိ

မြင်းခြံ ဇွန် ၁၆
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်တွင် ယခုရက်များအတွင်း မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှု များပြားခဲ့ပြီး ခရိုင်အတွင်းရှိ ဆည်များ၊ ကန်များသို့ ရေဝင်ရောက်မှုများခဲ့သော်လည်း ဆည်နှင့်ကန်များအားလုံး ကြံ့ခိုင်မှုကောင်းမွန်ခြင်းကြောင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

မြင်းခြံခရိုင်အတွင်း မြင်းခြံမြို့နယ်ရှိ ဆည်ငါးခုဖြစ်သည့် စွန်းလွန်းဆည်၊ တောင်ပင်လယ်ဆည်၊ မြောက်ပင်လယ်ဆည်၊ ညောင်ပင်သာဆည်နှင့် ပျိုးကန်ဆည်တို့တွင် မုန်တိုင်းအရှိန်ကြောင့် ဆည်များအတွင်း ရေဝင်ရောက်သော်လည်း ရေပြည့်အမှတ်သို့ မရောက်ရှိသေးကြောင်းသိရသည်။ ထို့အတူ တောင်သာမြို့နယ်အတွင်းရှိ ဆင်တဲဝဆည်၊ တောင်သာဆည်၊ ကျောက်တစ်လုံးဆည်၊ ဝဲလောင်ဆည်၊ ကျောက်တစ်လုံးရေကူဆည်၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ ကန်နားဆည်၊ ပြောင်းပြာဆည်၊ ခက်လန်းဆည်၊ မြိုင်သာဆည်၊ ငါန်းဇွန်မြို့နယ်အတွင်းရှိ မြို့သာဆည်၊ ဖောင်းကတော ရေလှောင်တမံနှင့် နတ်သားတောရေလှောင်တမံတို့တွင်လည်း ရေပြည့်အမှတ်သို့ မရောက်သေးကြောင်း မြင်းခြံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်ထံမှ သိရသည်။

ဒုတိယညွှန်ကြားရေးမှူးက မြင်းခြံခရိုင်အတွင်း ဆည်မြောင်းဌာနမှ ထိန်းသိမ်းထားသော ဆည်၊ ကန်စုစုပေါင်း ၁၇ ခုရှိကြောင်း၊ ယခု မုန်တိုင်းအရှိန် ကြောင့် မိုးရွာသွန်းမှု များပြားသော်လည်း ဆည်၊ ကန်များအတွင်း ရေပြည့်မှတ်သို့ မရောက်သေးကြောင်း၊ ရေပြည့်ပါကလည်း ရေပြည့်နေသော ဆည်၊ ကန်များမှ ရေများကို ရေပိုလွှဲမှရေကျော်ကျစေပြီး မူလချောင်းရိုးများအတိုင်း စီးဆင်းစေမည်ဖြစ်ကြောင်း၊ ရေလှောင်တမံနှင့် ဆည်များ၏ ကန်ပေါင်များ ကြံ့ခိုင်ကောင်းမွန်မှုရှိအောင် အမြဲမပြတ် စစ်ဆေးခြင်း၊ ရေဝင်ရောက်မှု အခြေအနေများကို နေ့ည စောင့်ကြည့်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။

ရေလှောင်တမံများ၊ ဆည်များတွင် ရေပြည့်မှတ်ကျော်လွန်မည့် အခြေအနေရောက်ရှိလာလျှင်လည်း အနိမ့်ပိုင်းချောင်းရိုးတစ်လျှောက်တွင် နေထိုင်ကြသော ပြည်သူများထံသို့ ဌာနက အချိန်နှင့်တစ်ပြေးညီ အသိပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

ဆိပ်ဖြူမြို့နယ်ရှိ ဆည်များသို့ ရေဝင်မှုကို ကွင်းဆင်းစစ်ဆေး

ဆိပ်ဖြူ ဇွန် ၁၆
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဇွန်လဆန်းပိုင်းမှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ် မကြုံတွေ့ရစေရန်နှင့် စိုက်ပျိုးမြေများ ထိခိုက်ပျက်စီးမှုမဖြစ်စေရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဆည်တမံများကို ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)က ကြီးကြပ်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည့် ဆိပ်ဖြူမြို့နယ်အတွင်းမှ ဆည်တမံကိုးခုတွင် ရေဝင်ရောက်မှု အခြေအနေများကို မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်နှင့်အဖွဲ့က မြို့နယ်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးရန်လင်းမောင်နှင့်ဝန်ထမ်းများနှင့်အတူ ဇွန် ၁၃ ရက်က လိုက်လံစစ်ဆေးခဲ့သည်။

ဆည်တမံများ၌ ရေဝင်ရောက်မှုအခြေအနေ၊ ရေသိုလှောင်ထားရှိနိုင်သည့် ပမာဏနှင့် ရေကင်းတာဝန်ချထားမှု၊ ရေပိုလွှဲများနှင့် ရေလွှတ်မြောင်းများ ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိက ဆည်တမံများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ဆည်တမံများအတွင်း၌ လက်ခံထားရှိနိုင်မည့် ရေပမာဏ၊ ဆည်ရေသောက်ဧရိယာအတွင်း သတ်မှတ်လျာထား စိုက်ဧကများ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေခြင်းနှင့် ပိုလျှံသည့်ရေများကို စနစ်တကျလျှော့ချမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

ပုသိမ်-မော်တင်ကားလမ်းတွင် ရေကျသွား၍ ယာဉ်များ ပုံမှန်ပြေးဆွဲနိုင်ပြီ

ဟိုင်းကြီးကျွန်း ဇွန် ၁၆
ဇွန် ၁၅ ရက် နေ့လယ်ပိုင်းက ပုသိမ်-မော်တင် ကားလမ်းပေါ်ရှိ တစ်တန်ကူးတံတားနှင့် ငါးခူချောင်းတံတားများပေါ်သို့ တောင်ကျရေဖြတ်ကျော်စီးဆင်းမှုကြောင့် ပုသိမ်မြို့မှ ဟိုင်းကြီးကျွန်းမြို့သို့ ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်အချို့ဖြတ်မမောင်းနိုင်ဘဲ ပုသိမ်မြို့သို့ နောက်ကြောင်းပြန်လှည့်ခဲ့ရသော်လည်း ယခု ဇွန် ၁၆ ရက်တွင် ရေပြန်ကျသွားပြီဖြစ်၍ ပုံမှန်ပြန်လည် ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

တောတောင်များအတွင်း မိုးရွာသွန်းမှုများခြင်းကြောင့် တောင်ကျရေများမှာ ကားလမ်းပေါ်သို့ ဖြတ်ကျော်စီးဆင်းခဲ့ခြင်းဖြစ်ပြီး ဇွန် ၁၅ ရက်က ရေစီးဆင်းမှုများ၍ ပုသိမ်မှ ဟိုင်းကြီးကျွန်းသို့ မောင်းနှင်လာသော မြဇင်ယော်ကားနှင့် မြို့မကားနှစ်စီးမှာ ခရီးသည်များနှင့်အတူ ပုသိမ်မြို့သို့ ပြန်လည်မောင်းနှင်သွားခဲ့ပြီး မြတ်ကောင်းကင်ကားမှာမူ ရေကျချိန်ကို စောင့်၍ ဟိုင်းကြီးကျွန်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ပုသိမ်မြို့သို့ပြန်လည်ရောက်ရှိသွားသော ခရီးသည်များအတွက် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ပုံမှန်ထွက်ခွာချိန်ထက်စော၍ ထွက်ခွာပြီး ဟိုင်းကြီးကျွန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပုသိမ်-မော်တင် ကားလမ်းကို အသုံးပြု၍ ရန်ကုန်-ပုသိမ်-ဟိုင်းကြီးကျွန်း ခရီးစဉ်ကို နေ့စဉ်ပြေးဆွဲလျက်ရှိသော ကားလိုင်းများအဖြစ် ကံထူးအောင်၊ ယူနီဗာဆယ်၊ မြတ်မိခင်ကားလိုင်းများရှိပြီး ပုသိမ်-ဟိုင်းကြီးကျွန်း ခရီးစဉ်အတွက် မြဇင်ယော်၊ မြတ်ကောင်းကင်၊ မြို့မကားများရှိရာ ယခုအခါ တောင်ကျချောင်းရေများ ကျသွားပြီဖြစ်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် ပုသိမ်-မော်တင်ကားလမ်း ရေကျော်မှုကြောင့် ခရီးသည်တင်ကားများပြေးဆွဲမှုကို ယာယီရပ်နားထားမည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း ထိုသတင်းမှာ မဟုတ်မှန်ကြောင်းနှင့် ရေပြန်ကျသွားပြီဖြစ်၍ နေ့ဘက်ပြေးဆွဲနေသော ကားများနှင့် ညဘက်ပြေးဆွဲနေသော ကားများအားလုံး ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိကြောင်း ကံထူးအောင်နှင့် မြဇင်ယော်ယာဉ်လိုင်းတို့မှ တာဝန်ရှိသူများထံမှ သိရသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

စစ်တက္ကသိုလ်ကျောင်းဆင်း ညီအစ်ကိုများ၏တွေ့ဆုံပွဲနှင့် Cherry Brothers Golf Association(Mandalay)၏ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပသွားမည်

စစ်တက္ကသိုလ်ကျောင်းဆင်း ညီအစ်ကိုများ၏တွေ့ဆုံပွဲနှင့် Cherry Brothers Golf Association(Mandalay)၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို မန္တလေးမြို့၊ ရွှေစာရံဂေါက်ကွင်းတွင် ၇-၇-၂၀၁၈ရက်(စနေနေ့)တွင် ပြုလုပ်မည်ဖြစ်ရာ ပါဝင်လိုသူ စစ်တက္ကသိုလ်ကျောင်းဆင်း ညီအစ်ကိုများအနေဖြင့် ၃၀-၆-၂၀၁၈ ရက်အရောက် အောက်ပါပုဂ္ဂိုလ်များထံ စာရင်းပေးသွင်းနိုင်ပါသည်-

ရန်ကုန်	**ဦးတင်မောင်မောင်ဝင်း**	**ဖုန်း-၀၉-၅၁၄၇၃၄၅**
နေပြည်တော်	**ဦးစိုးဟန်**	**ဖုန်း-၀၉-၅၁၁၀၃၃၁**
မန္တလေး	**ဦးစိုးသန်း**	**ဖုန်း-၀၉-၂၀၀၃၂၇၈**
	ဦးဇာနည်ရန်	**ဖုန်း-၀၉-၅၀၁၉၃၇၅**
	ဦးကျော်စွာအောင်	**ဖုန်း-၀၉-၂၀၁၃၃၅၇**

ဒေါ်ဝါဝါလင်း(ခ)ဆင်းရူပါနှင့် အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ ဒေါ်ချစ်သီရိဝင်း ၁၄/ပသန(နိုင်)၂၃၅၃၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်ချစ်သီရိဝင်း(Facebook name-Chit Thiri)သည် စီးပွားရေးလုပ်ငန်းများစွာကို နာမည်ကောင်းဖြင့် လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ထိုကဲ့သို့ လုပ်ကိုင်နေရာ စီးပွားရေးလုပ်ငန်းများ၏ ဖြစ်လေ့ဖြစ်ထရှိသော အရောင်းအဝယ်လုပ်ငန်း အဆင်မပြေသည့်အချိန်တွင် ယုံကြည်မှုဖြင့် လက်တွဲလုပ်ကိုင်ခဲ့သော ဒေါ်ဝါဝါလင်း(Facebook name-Sinn Yu Par)မှ ဒေါ်ချစ်သီရိဝင်းအား ဂုဏ်သိက္ခာထိခိုက်စေရန် ဒေါ်ချစ်သီရိဝင်း၏ ကိုယ်ရေးကိုယ်တာကိစ္စများကို ပုတ်ခတ်စော်ကားပြောဆိုရေးသားခဲ့သည့်အတွက် များစွာထိခိုက်နစ်နာရသည့်အပြင် အရှက်ရခဲ့ရကြောင်း ဒေါ်ဝါဝါလင်းရေးသားထားသော Messenger Screenshot မှတ်တမ်းများ နှင့် ဒေါ်ချစ်သီရိဝင်း၏ပြောပြချက်အရ သိရှိရပါသည်။

သို့အတွက် ဒေါ်ချစ်သီရိဝင်းအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် များစွာစိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် ဒေါ်ဝါဝါလင်း၏ ပုတ်ခတ်စော်ကားမှုကြောင့် စိတ်နှလုံးမကြည်မသာဖြစ်နေရပါကြောင်းလည်း ဒေါ်ချစ်သီရိဝင်း၏ပြောပြချက်အရ သိရှိရပါသည်။ ထို့ပြင် ဒေါ်ဝါဝါလင်း (Facebook name-Sinn Yu Par) ၏ ပုတ်ခတ်စော်ကားပြောဆိုရေးသားမှုကို ထောက်ခံပြောဆိုခဲ့သူများ၏ အမည်များကိုလည်း Messenger Screenshot မှတ်တမ်းများအရ သိရှိထားပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဝါဝါလင်း(Facebook name-Sinn Yu Par)နှင့် ၄င်းနှင့်အတူ ပုတ်ခတ်စော်ကားခဲ့သူများအနေဖြင့် ယခုကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း နိုင်ငံပိုင်သတင်းစာမှ တရားဝင်ပြန်လည်တောင်းပန်ပေးရန် ဒေါ်ဝါဝါလင်းနှင့် ပုတ်ခတ်စော်ကားခဲ့သူများအပါအဝင် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာမှုမရှိဘဲ ပျက်ကွက်နေပါက တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ထပ်လောင်းသတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးနေစည်သူဇော်(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၇၃၄၆)
ရန်ကုန်ရုံးခန်းလိပ်စာ-အမှတ် ၃၁၀/က၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၆၅၀၂၅၂၁၉

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ထူးရကျောင်းသားများစာရင်းတောင်းခံခြင်း

၁။ ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)တွင် နေထိုင်ကြသော အသင်းဝင်မြို့နယ်သူ/သားများ၏ သားသမီးများမှ ၂၀၁၇-၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများကို အသင်းမှ ဂုဏ်ပြုချီးမြှင့်ရန် ရှိပါသည်။

၂။ သို့ပါ၍ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းနှင့် အမှတ်စာရင်းမိတ္တူကို ၂၄-၆-၂၀၁၈ရက် နောက်ဆုံးထား၍ နီးစပ်ရာကော်မတီများထံတွင် စာရင်းပေးပို့ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)

ဖခင်အမည်မှန်
ဂန့်ဂေါမြို့ အထက နဝမတန်း(E)မှ မမိုးပြည့်ဖြိုးနှင့် ဂန့်ဂေါမြို့နယ် မြင်သားကုန်းရွာ အလက တတိယတန်းမှ မောင်ပေါ်သစ်မင်းတို့၏ ဖခင်အမည်မှန်မှာ ဦးတင့်နိုင် ၈/ဂဂန(နိုင်)၀၅၃၈၈၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဂန့်ဂေါမြို့နယ်၊ သာကောင်းရွာနေ မသီရိကျော်၏ဖခင် အမည်မှန်မှာ ဦးကျော်သူလင်း ၈/ဂဂန(နိုင်) ၀၈၈၀၉၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ (၁၄) ရပ်ကွက် အထက(၁) တက္ကသိုလ်ဝင်တန်း(H)မှ မအိအိနိုင်၏ ဖခင်အမည်မှန်မှာ ဦးတိုး ၉/မခန(နိုင်) ၀၆၅၇၃၆ ဖြစ်ပါသည်။ **ဦးတိုး**

တစ်ဦးတည်းဖြစ်ပါကြောင်း
မိတ္ထီလာမြို့၊ ရေဝေကျေးရွာ အထက (ရေဝေ) တက္ကသိုလ်ဝင်တန်းမှ မသန္တာဖြိုး၏ ဖခင်ဦးချိုကြီး(ခ)ဦးခင်မောင်ချို ၉/မထလ(နိုင်)၁၈၈၀၅၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ ဒေါ်ချစ်သီရိဝင်း ၁၄/ပသန(နိုင်)၂၃၅၃၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်ချစ်သီရိဝင်း(Facebook name-Chit Thiri)သည် စီးပွားရေးလုပ်ငန်းများစွာကို နာမည်ကောင်းဖြင့် လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ထိုကဲ့သို့လုပ်ကိုင်နေရာတွင် ဒေါ်ချစ်သီရိဝင်း၏လုပ်ငန်းနှင့်ပတ်သက်၍ မနာလိုသူများမှ ထိခိုက်စေရန် အမျိုးမျိုးပုတ်ခတ်စော်ကားရေးသားနေသည်များကို သက်သေခံအချက်အလက်များရရှိပြီး ဖြစ်ပါသည်။

ထို့ပြင် ဒေါ်ချစ်သီရိဝင်းအနေဖြင့် ခေတ်လူငယ်မိန်းမသားတစ်ဦးဖြစ်သည့်အားလျော်စွာ ရိုးသားကြိုးစားစွာဖြင့် လုပ်ကိုင်နေသူဖြစ်သည့်အတွက် လုပ်ငန်းထိခိုက်စေရန် ပုတ်ခတ်စော်ကားနေသူများကို သည်းခံနေခဲ့သော်လည်း အမျိုးမျိုးစော်ကားနေသောကြောင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရန် ဒေါ်ချစ်သီရိဝင်းမှ အလုံးစုံညွှန်ကြားထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုကြေညာချက်ရှိပြီးနောက်ပိုင်းတွင် ဒေါ်ချစ်သီရိဝင်းအား ဂုဏ်သိက္ခာထိခိုက်စေရန် ပုတ်ခတ်စော်ကားမှုများအားရေးသားခြင်း၊ ပြောဆိုခြင်း၊ လှုံ့ဆော်ခြင်း၊ ဖြန့်ဝေခြင်းတို့အား ပြုလုပ်သည့် မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် တရားတစ်ထုံးစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် တရားဝင်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးနေစည်သူဇော်(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၇၃၄၆)
ရန်ကုန်ရုံးခန်းလိပ်စာ-အမှတ် ၃၁၀/က၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၆၅၀၂၅၂၁၉

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း JICA ODA Loan ပိုငွေမှ Additional Workဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်-

(က) လိုင်းပစ္စည်းနှင့် ခွဲရုံပစ္စည်းများ ဝယ်ယူရန်
(ခ) ဒီဇယ်ဓာတ်အားပေးစက်များတွင် အသုံးပြုရန်အတွက် Spareparts ပစ္စည်းများဝယ်ယူရန်

တင်ဒါပိတ်မည့်ရက် - ၁၇-၇-၂၀၁၈ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂နာရီ

တင်ဒါပုံစံနှင့် အချက်အလက်များကို Web Portal(www.moec.gov.mm)၌ အသေးစိတ်ကြည့်ရှု၍ Download ဆွဲယူနိုင်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆

ဖခင်အမည်မှန်
ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မအေးအေးဖြိုး (၄၀/၁၇)၏ ဖခင်အမည်မှန်မှာ ဦးအုန်းသိန်း ၁၂/ကတန(နိုင်)၁၂၀၄၄၆ ဖြစ်ပါကြောင်း။ **ဦးအုန်းသိန်း**

ဖခင်အမည်မှန်
ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မချောစုဇင်(၄၆/၁၇)၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ ၁၂/ကတန(နိုင်)၁၀၅၆၅၄ ဖြစ်ပါကြောင်း။ **ဦးကျော်ဆွေ**

မိခင်အမည်မှန်
ဦးမျိုးမြစိုး၏သမီး ကျိုက္ခမီမြို့ (အထက)အဌမတန်းမှ မဆန်းယုမွန်၏ မိခင် ဒေါ်လတ်လတ်ခိုင်၏ အမည်မှန်မှာ ဒေါ်ဝါဝါရွှေ ၁၀/သဖရ(နိုင်) ၀၈၆၂၇၇ ဖြစ်ပါကြောင်း။ **ဒေါ်ဝါဝါရွှေ**

ဖခင်အမည်မှန်
ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းအထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ဝေယံမိုးထက်(၁၆/၂၀၁၃)၏ဖခင်အမည်မှန်မှာ ဦးနိုင်မိုးအောင် ဖြစ်ပါကြောင်း။ **ဦးနိုင်မိုးအောင်**

ဖခင်အမည်မှန်
ကျောက်တန်းမြို့ အထက(၂) သော်က တက္ကသိုလ်ဝင်တန်း အခန်း(၄)မှ မအေးစန္ဒာထွန်း (၄၀၇/၁၅) ၏ ဖခင်အမည်မှန်မှာ ဦးသန်းကရား ဖြစ်ပါကြောင်း။ **ဦးသန်းကရား**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၅ယ/၅၅၅၅၇၊ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးအေးကိုကို ၉/ကဆန(နိုင်)၀၇၀၂၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 9J/2971,Toyota Wish ZNE 10,S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းမြင့် ၉/မရတ(နိုင်)၀၃၁၈၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဖခင်အမည်မှန်
ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်သူရချစ်မိုး(၁၆/၁၇)၏ ဖခင်အမည်မှန်မှာ ဦးလှမိုး ၁၂/ကတန(နိုင်)၀၅၁၅၉၉ ဖြစ်ပါကြောင်း။ **ဦးလှမိုး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
မန္တလေးနည်းပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာဘွဲ့၊ မဟာဗိသုကာဘွဲ့နှင့် မဟာသိပ္ပံဇီဝနည်းပညာဘွဲ့

သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ၂၀၁၈ခုနှစ်၊ ဩဂုတ် ၁ရက်တွင်စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာနှင့် ဗိသုကာ၊ မဟာသိပ္ပံဇီဝနည်းပညာဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်။

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg://Water Resources Engg:)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဃ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(င) ကွန်ပျူတာအင်ဂျင်နီယာနှင့်သတင်းအချက်အလက်နည်းပညာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ဗိသုကာ
(ဈ) နျူကလီးယားနည်းပညာ
(ည) ဇီဝနည်းပညာ

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ် စုစုပေါင်း(၂)နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း(Course Work)ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်းအထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်။
(က) လျှောက်ထားသူနှင့်၎င်း၏မိဘနှစ်ပါးသုံးဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့နှင့်ဗိသုကာဘွဲ့၊ သိပ္ပံဘွဲ့(ဇီဝနည်းပညာ)ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာဗိသုကာဘွဲ့၊ မဟာသိပ္ပံဇီဝနည်းပညာသင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများ ဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း) တင်ပြနိုင်သူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံသုံးပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဇီဝနည်းပညာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် ၁၉-၆-၂၀၁၈ရက်မှစ၍ ၁၁-၇-၂၀၁၈ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက ၁၃-၇-၂၀၁၈ရက်တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၁၄-၇-၂၀၁၈ရက်(စနေနေ့)	အင်္ဂလိပ်စာ	၉ နာရီမှ မွန်းတည့် ၁၂နာရီ
၁၅-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့)	သက်ဆိုင်ရာဘာသာရပ်	၉ နာရီမှ မွန်းတည့် ၁၂နာရီ

၇။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ၂၉-၇-၂၀၁၈ရက်တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၃၀-၇-၂၀၁၈ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းကို ၃၁-၇-၂၀၁၈ရက်တွင် ထုတ်ပြန်ကြေညာမည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်-၀၂-၅၇၇၆၃၊ ၀၉-၂၀၁၆၅၀၉ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သင်တန်းရေးရာဌာန
မန္တလေးနည်းပညာတက္ကသိုလ်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/8941 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

တိုက်ခန်းရောင်းရန်ရှိသည်

အမှတ်(၆၂)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်

- ၆ထပ်RCC အဆောက်အအုံ၊ BCC ကျပြီး အသင့်တက်ရောက်နေထိုင်နိုင်။
- 315KVA Transformer ၊ YESC Electric Meter နှင့်ကိုယ်ပိုင်မီးစက်ပါရှိ။
- Schindler ဓါတ်လှေကား(၂)စင်း၊ Security access control & CCTV system Fire protection & Fire fighting system များအပြည့်အစုံတပ်ဆင်ထား။
- တစ်ခန်းလျှင်ကြမ်းခင်းဧရိယာ 1800 Sq ft; ၁ခန်း၊ Living Room, Dining Room, Master Bedroom (၂)ခန်းနှင့် အိပ်ခန်း(၁)ခန်းပါရှိ။
- တစ်ခန်းလျှင် ကားပါကင်(၁)စီးနှုန်း၊ ကားဝင်ထွက်ရန်လွယ်ကူ။

ဆက်သွယ်ရန် 01-524 963, 01-526 928, 01-516 533~6

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/8262 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/1896 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/ ၃၄၀၅၃၊Kanbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၁၂/စခန(နိုင်)၀၃၉၉၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/2405 , Mahar New Truck L/T ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိလွင် ၁၂/ဒဂမ(နိုင်)၀၀၇၁၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွှာသာကြီး)**

အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်-၁၁၄၀၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးမြအေး ၁၂/ရကန(နိုင်)၀၂၉၀၂၈နှင့် ဒေါ်အေးအေးသင်း ၁၂/ဥကတ(နိုင်)၀၈၄၄၄၈ တို့အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ခင်ပွန်းဖြစ်သူ ဦးမြအေးကွယ်လွန်သဖြင့် တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်အေးအေးသင်း ၁၂/ဥကတ(နိုင်)၀၈၄၄၄၈ထံမှ အထက်ဖော်ပြပါ မြေကွက်ကို ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ရီ(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၀၃၆)
အမှတ်(၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ သာယာအေးကျေးရွာ၊ ဘုရင့်နောင်(၁)လမ်း၊ အိမ်အမှတ် (၆)နေ (ဦးဆောင်းကို)နှင့် ဒေါ်သန်းသန်းစိုး(ခ) ဒေါ်မိုး ၇/ပခန(နိုင်)၁၉၁၄၄၄တို့၏သမီး ဒေါ်မေပွင့်ဖြူ(ခ)မေစိုး ၇/ပခန(နိုင်)၂၈၅၂၅၆သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ မိခင်နှင့်မိသားစုမောင်နှမများအား စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သည့်အပြင် ခွင့်မလွှတ်နိုင်သော အပြုအမူအမျိုးမျိုးကို ပြုလုပ်ခဲ့ပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ အထက်ပါနေအိမ်နှင့် လုံးဝ လုံးဝ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အသိပေးအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်သန်းသန်းစိုး(ခ)ဒေါ်မိုး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြတ်ထက်မောင်(LL.B.,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၄၅၀၃၃
ဖုန်း-၀၉-၇၉၁၁၆၆၀၆၁၊ ၀၉-၉၆၅၀၈၀၈၄၆

MYTEL
ခံစားခွင့် နှစ်ဆ
mytel
EMPOWER
9:00 MYTEL LTE
၄,၀၀၀ ကျပ်တည်းသာ
၅GB
+၂၅၀မိနစ်
*966*40#
အံ့ဩဖွယ်ရာများရယူဖို့ Shake လိုက်ရအောင်
နေ့တိုင်းလွယ်လွယ်ကူကူ Shake ပြီး
ရှယ်လက်ဆောင်များ ရယူလိုက်ပါ။
10 IPHONE X
DATA
VOICE
SMS
4G LTE
အင်တာနက်များများသုံးပြီး ဖုန်းများများခေါ်ရအောင်
Mytel မိုက်တယ် SIM နှင့် များစွာသော Bonus များ
▲ ပထမဆုံး (၃)လအတွက် ၁၅၀၀ MB နဲ့ မိနစ် ၁၅၀
▲ ဘေလ်ဖြည့်မှုတိုင်းအတွက် ၁၀၀% အပိုထပ်ဆောင်းဘေလ်ရရှိမှု (Any-net နှင့် ဒေတာ)
1 MB - ၅ကျပ်/ ၁မိနစ် ၁၀ ကျပ်ဖြင့် ၄၀% သက်သာစေမည့် သုံးသလောက်ပေး
စက္ကန့်အလိုက် ဖုန်းခေါ်ဆိုမှု ကောက်ခံမည့်အစီအစဉ်
Shaking ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် ဩဂုတ်လ ၂၀၁၈ အထိသာ
မိုက်တယ် ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် စက်တင်ဘာလ ၂၀၁၈ အထိသာ
www.mytel.com.mm
09690000966
Or dial 966
Mytel App ရယူနိုင်ပါပြီ။
GET IT ON Google Play
Available on the iPhone App Store

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
မဟာဘွဲ့ သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ၂၀၁၈ ခုနှစ် ဩဂုတ် ၁ရက်မှစတင်၍ အောက်ဖော်ပြပါ မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန		ဖွင့်လှစ်မည့်သင်တန်းများ	ပညာအရည်အချင်းလိုအပ်ချက်
(၁)	မြို့ပြအင်ဂျင်နီယာ	(က)	Master of Engineering in Structural Engineering	B.E.(Civil)(Q)
		(ခ)	Master of Engineering in Water Resources Engineering	B.E.(Civil)(Q)
		(ဂ)	Master of Engineering in Geotechnical Engineering	B.E.(Civil)(Q)
		(ဃ)	Master of Engineering in Transportation Engineering	B.E.(Civil)(Q)
(၂)	စက်မှုအင်ဂျင်နီယာ		Master of Mechanical Engineering	B.E.(Mechanical)(Q)
(၃)	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ		Master of Electrical Power Engineering	B.E.(Electrical Power)(Q)
(၄)	အီလက်ထရွန်နစ် အင်ဂျင်နီယာ		Master of Electronic Engineering	B.E.(Electronic)(Q)
(၅)	ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက် လက်နည်းပညာ		Master of Computer Engineering & Information Technology	B.E.(Information Technology) (Q)
(၆)	မက္ကာထရွန်နစ် အင်ဂျင်နီယာ		Master of Mechatronic Engineering	B.E.(Mechatronic)(Q) B.E(Mechanical Precision and Automation)(Q)
(၇)	ဓာတုအင်ဂျင်နီယာ	(က)	Master of Chemical Engineering	B.E.(Chemical)(Q)
		(ခ)	Master of Food Technology	DFT(ဝင်ခွင့်ဖြေဆိုရမည်) DFT(Q),within 3 years (ဝင်ခွင့်ဖြေဆိုရန်မလို)
(၈)	ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ		Master of Textile Engineering	B.E.(Textile)(Q)
(၉)	သတ္တုတူးဖော်ရေး အင်ဂျင်နီယာ		Master of Mining Engineering	B.E(Mining)(Q)
(၁၀)	ရေနံအင်ဂျင်နီယာ		Master of Petroleum Engineering	B.E.(Petroleum)(Q)
(၁၁)	သတ္တုဗေဒ အင်ဂျင်နီယာ	(က)	Master of Engineering in Extractive Metallurgy	B.E.(Metallurgy)(Q) B.E.(Materials Science & Metallurgy)(Q)
		(ခ)	Master of Engineering in Adaptive Metallurgy	B.E.(Matallurgy)(Q) B.E.(Materials Science & Metallurgy)(Q)
(၁၂)	ဗိသုကာ		Master of Architecture	B.Arch.(Q)

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် သုတေသနကျမ်းပြုကာလအပါအဝင် အချိန်ပြည့် (၂)နှစ်သင်တန်းများဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်)

(ခ) အသိအမှတ်ပြုတက္ကသိုလ်များမှ သက်ဆိုင်ရာအဓိကပညာရပ်ဖြင့် သတ်မှတ်ထားသည့်ဘွဲ့ရရှိပြီး မဟာဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(င) အပိုဒ်(၁)တွင် ဖော်ပြထားသည့် ပညာအရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော တက္ကသိုလ်များမှ ထောက်ခံချက်(မူရင်း)တင်ပြရမည်။

၄။ သတ်မှတ်လျှောက်လွှာပုံစံများကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၁၉-၆-၂၀၁၈ရက်(အင်္ဂါနေ့) မှစတင်ရယူနိုင်ပြီး ၁၁-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၁၃-၇-၂၀၁၈ရက်(သောကြာနေ့)တွင် ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၁၄-၇-၂၀၁၈(စနေနေ့)	အင်္ဂလိပ်စာ	၉း၀၀နာရီမှ ၁၂း၀၀နာရီ
၁၅-၇-၂၀၁၈(တနင်္ဂနွေနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀နာရီမှ ၁၂း၀၀နာရီ

၆။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန် အမည်စာရင်း (Short List) ကို ၂၉-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၃၁-၇-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း၊ အင်းစိန် ဖုန်း-၀၁-၆၄၂၄၁၃နှင့် ၀၁-၉၆၆၅၇၅၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အမည်ပြောင်းလဲခေါ်ဆိုပါရန်

မြောက်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ခရေလမ်း၊ အမှတ်(၇၅/က) နေ ဦးကျော်လွင် ၁၂/ဥကမ(နိုင်) ၀၀၆၁၆၇- ဒေါ်အေးငြိမ်းချမ်းဦး ၁၂/ဥကမ(နိုင်) ၁၆၇၃၅၃တို့၏သား မောင်ဟိန်းထူးစံအား မောင်သီဟအောင်ဟု ပြောင်းလဲခေါ်ဆိုကြပါရန်။

မောင်သီဟအောင်

ကန့်ကွက်နိုင်ပါကြောင်း

တောင်တွင်းကြီးမြို့၊ ရွှေအိုး(၁)ရပ်ကွက်၊ ရသာရုံလမ်း၊ မြေကွက်အမှတ် ၁၁၄ ဧရိယာ ၀ ဒသမ ၀၇၇အား ဦးကျော်ဇင်ထွန်း၈/တတက(နိုင်)၀၉၈၉၁၆ မှ ပိုင်ဆိုင်ပါသည်။ မိသားစုကအပြီးအပိုင်စွန့်လွှတ်စာချုပ်ကို ၃-၂-၂၀၁၅ ရက်က စာချုပ်ချုပ်ဆို၍လည်းကောင်း၊ ၁၄-၇-၂၀၁၇ ရက်ကတရားရုံးတော်၌ ကျမ်းသစ္စာကျိန်ဆို၍ လည်းကောင်း၊ ၂၆-၇-၂၀၁၇ရက်တွင် မြေစာရင်းဦးစီးဌာနတွင် မှတ်ပုံတင်၍ ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဤမြေကွက်နှင့်ပတ်သက်၍ ဂရန်လျှောက်ထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက သတင်းစာကြော်ငြာပါရှိသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ဇင်ထွန်း ၈/တတက(နိုင်)၀၉၈၉၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ၂၀၁၈ ခုနှစ် ဩဂုတ် ၁ရက်မှ စတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန		ဖွင့်လှစ်မည့်သင်တန်းများ	ပညာအရည်အချင်းလိုအပ်ချက်
(၁)	မြို့ပြအင်ဂျင်နီယာ	(က)	Post-Graduate Diploma (Structural Engineering)	B.E. (Civil)
		(ခ)	Post-Garduate Diploma (Water Resources Engineering)	B.E. (Civil)
		(ဂ)	Post-Graduate Diploma (Geotechnical Engineering)	B.E. (Civil)
		(ဃ)	Post-Graduate Diploma (Transportation Engineering)	B.E. (Civil)
		(င)	Post-Graduate Diploma (Construction Management Engineering)	B.E. (Civil)
		(စ)	Post-Graduate Diploma (Environmental Engineering)	B.E. (Civil/Chemical)
		(ဆ)	Post-Graduate Diploma (Environmental Planning and Management)	All B.E./B.Arch./ M.B.,B.S./ B.D.S./M.Sc. (Chem)/ M.Sc. (IC)/M.Sc. (Zoo)/ M.Sc.(Marine Biology)/ B.Sc.(Forestry/B.Agr.Sc.)
(၂)	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ		Post-Graduate Diploma (Renewable Energy Systems)	B.E. (EP, EC)
(၃)	အီလက်ထရွန်နစ် အင်ဂျင်နီယာ		Post-Graduate Diploma (Telecommunication Engineering)	B.E.(EC)
(၄)	မက္ကာထရွန်နစ် အင်ဂျင်နီယာ		Post-Graduate Diploma (Biomedical Engineering Technology)	B.E. (IT, EC, Mech, McE, EP)/M.S. (Engg: Phys)/ M.Sc. (Phys, Specialization in Electronics)/ M.B.,B.S./Bachelor of Medical Technology (B.Med. Tech.)/ သက်ဆိုင်ရာ လုပ်ငန်းတွင် လုပ်သက်(၃)နှစ် ရှိပြီးသော B.Sc. (Phys) (Hons)
(၅)	ဓာတုအင်ဂျင်နီယာ		Post-Graduate Diploma (Food Technology)	B.E. (Chemical)/ M.B.,B.S./B.V.S./ B.Ag./B.Pharm./ B.Med. Tech. ဘွဲ့ရရှိသူများ၊ အစားအသောက်ဆိုင်ရာ လုပ်ငန်းတွင် လုပ်သက်(၃)နှစ်ရှိပြီးသော B.Sc. (IC, Chy, Zoo, Bot)/B.S. (BioT.) ဘွဲ့/အလားတူဘွဲ့ ရရှိထားသူများ
(၆)	ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ		Post-Graduate Diploma (Textile Finishing Technology)	B.E. (Tex)
(၇)	သတ္တုတူးဖော်ရေး အင်ဂျင်နီယာ		Post-Graduate Diploma (Environmental Impact Assessment and Environmental Management System)	All B.E./B.Arch./ M.B.,B.S./M.Sc./B.Sc. (Forestry, Phys, Chy, Bot, Zoo)/B.Agr.Sc. ဘွဲ့/အလားတူဘွဲ့ ရရှိထားသူများ
(၈)	သတ္တုဗေဒ အင်ဂျင်နီယာ	(က)	Post-Graduate Diploma (Archaeometallurgy)	B.E.(Met)/B.Sc.(Chy)/ B.Sc.(Geol)/ B.A.(Archaeo)
		(ခ)	Post-Graduate Diploma (Adaptive Metallurgy)	B.E.(Met)/B.E.(Mech)
		(ဂ)	Post-Graduate Diploma (Extractive Metallurgy)	B.E.(Met)/B.E (Mn)/ B.Sc. (Geol)
(၉)	အင်ဂျင်နီယာ ဘူမိဗေဒ		Post-Graduate Diploma (Engineering Geology)	B.Sc.(Geol)(Hons)/B.Sc. (Geol)(Q)/B.Tech.(Civil, Min, Pet) သက်ဆိုင်ရာ လုပ်ငန်းတွင် လုပ်သက် (၃)နှစ်ရှိပြီးသား B.Sc. (Eeol) ဘွဲ့ရရှိသူများ

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်)

(ခ) ပညာအရည်အချင်းလိုအပ်ချက်ပါ ဘွဲ့လက်မှတ် (မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၃။ သတ်မှတ်လျှောက်လွှာပုံစံများကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၁၉-၆-၂၀၁၈ရက်(အင်္ဂါနေ့)မှ စတင်ရယူနိုင်ပြီး ၁၁-၇-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ၁၃-၇-၂၀၁၈ရက်(သောကြာနေ့)တွင် ထုတ်ပေးမည်။

၄။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၁၄-၇-၂၀၁၈ (စနေနေ့)	အင်္ဂလိပ်စာ	(၉း၀၀)နာရီမှ (၁၂း၀၀)နာရီ
၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့)	သက်ဆိုင်ရာဘာသာရပ်	(၉း၀၀)နာရီမှ (၁၂း၀၀)နာရီ

၅။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန် အမည်စာရင်း (Short List) ကို ၂၉-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်ခွင့်ရှိသူများ၏ အမည်စာရင်းကို ၃၁-၇-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၆။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသည် (၁)နှစ်သင်တန်းဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်း တက်ရောက်ရန် အရည်အချင်းပြည့်မီစွာ အောင်မြင်သူများအား ၎င်းဘာသာရပ်တွင် မဟာဘွဲ့(၁)နှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း အင်းစိန် ဖုန်း-၀၁-၆၄၂၄၁၃နှင့် ၀၁-၉၆၆၅၇၅၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်း တတိယတန်းမှ မောင်ဆိုင်းအောင်လတ်နှင့် ပထမတန်းမှ မောင်ဆိုင်းထွယ်နော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးခီယော်ဘော် ဖြစ်ပါကြောင်း။

ဦးခီယော်ဘော်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ သီးကုန်းကျေးရွာနေ မောင်ဒီမိုနိုင်၏မိခင် ဒေါ်လိုင်းထင်နှင့် ဒေါ်ခိုင်သင်းကြည် ၄/ကပလ(နိုင်)၀၁၆၃၀၃သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

မိဘအမည်မှန်

ဆောမြို့နယ်၊ ကံဆီမီးကျေးရွာ မူလတန်းကျောင်း တတိယတန်းမှ မောင်ထက်ကိုကိုထွန်း၏ မိဘအမည်မှန်မှာ ဦးထွန်းအောင်ကျော် ၈/ဆမန(နိုင်) ၀၄၅၃၈၀ နှင့် ဒေါ်ချိုဝင်း ၈/စတရ(နိုင်) ၀၃၄၁၇၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂)၊ နဝမတန်းမှ မမြသဇင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးထွန်း ၁၀/သထန(နိုင်)၁၀၄၁၃၁ ဖြစ်ပါကြောင်း။

ဦးမျိုးထွန်း

ဖခင်အမည်မှန်

သထုံမြို့၊ အထက (မရမ်းကုန်း)၊ စတုတ္ထတန်းမှ မောင်မင်းခန့်မိုး၏ ဖခင်အမည်မှန်မှာ ဦးမိုးဝင်းလှိုင် ၁၀/သထန(နိုင်)၁၆၇၂၂၇ ဖြစ်ပါကြောင်း။

ဦးမိုးဝင်းလှိုင်

ဖခင်အမည်မှန်

သထုံမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝေယံပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဖုန်းမြတ်ကြိုင် ၁၀/သထန(နိုင်)၀၆၉၈၃၇ ဖြစ်ပါကြောင်း။

ဦးဖုန်းမြတ်ကြိုင်

ပြောင်းလဲခေါ်ပါရန်

ဗန်းမော်မြို့ အထက(၁) ပဥ္စမတန်း(B)မှ မောင်မျိုးသုခအား မောင်ကျော်ဇေဟိန်း ဟုလည်းကောင်း၊ မောင်ဖြိုးသုခအား မောင်ကောင်းညဏ်ဟိန်းဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဇေဟိန်း၊မောင်ကောင်းညဏ်ဟိန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့၊ အထက (၂)၊ နဝမတန်းမှ မသဲသဲ၏ ဖခင် ဦးလှတင်(ခ)ဥမ်တိ ၁၀/သထန(နိုင်)၀၂၈၁၀၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးလှတင်(ခ)ဥမ်တိ

မိခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရှင်စောပုရပ်ကွက်(၂) အထက(ခွဲ) တတိယတန်းမှ မနှင်းဝတီဇော်၏ မိခင်အမည်မှန်မှာ ဒေါ်လင်းအိအိပြုံး ၁၀/ကမရ(နိုင်) ၀၆၄၇၈၈ ဖြစ်ပါသည်။

ဒေါ်လင်းအိအိပြုံး

မိခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့စွယ်ကျေးရွာ အမက(မူလွန်)၊သတ္တမတန်းမှ မိငွေနှင်း၏ မိခင်အမည်မှန်မှာ ဦးထွန်းဦး(ခ)မင်းထွန်းဦး ၁၀/ကမရ(နိုင်)၀၉၄၆၅၇နှင့် မိငွေဝမ်း ၁၀/ကမရ(နိုင်)၁၇၇၇၀၈တို့ ဖြစ်ပါသည်။

မင်းထွန်းဦး-မိငွေဝမ်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊သစ်ထောင့်အုပ်စု၊ သစ်ထောင့်(တ) ကျေးရွာ အလကကျောင်း၊ အဋ္ဌမတန်းမှ မောင်အောင်ဇော်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးသန့်၉/ညဥန (နိုင်)၁၄၂၁၈၂ ဖြစ်ပါကြောင်း။

ဦးအောင်မျိုးသန့်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊သစ်ထောင့်အုပ်စု၊ သစ်ထောင့် (တ) ကျေးရွာ အလကကျောင်း၊ အဋ္ဌမတန်းမှ မအေးချမ်းမိုး၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်း ၉/ညဥန(နိုင်)၁၈၂၂၁၄ဖြစ်ပါကြောင်း။

ဦးနိုင်လင်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ လက်ပန်ခြေပေါ် အထကကျောင်းမှ မောင်ဇေယျာမင်းထက် တက္ကသိုလ်ဝင်တန်းနှင့် သစ်ထောင့်(တ)ကျေးရွာ အလကကျောင်းမှ မအိရတနာဝင်း၊ သတ္တမတန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း ၉/ညဥန(နိုင်)၁၄၃၀၇၇ ဖြစ်ပါကြောင်း။

ဦးဝင်းသိန်း

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ ကြော်ငြာအေဂျင်စီအတွက် တင်ဒါခေါ်ယူခြင်းကိစ္စ

၁။ ၂၀၁၈ ဒီဇင်ဘာတွင် နေပြည်တော်၌ ကျင်းပမည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ကြော်ငြာအေဂျင်စီအ ဖြစ် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအနေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါအတွက် လိုအပ်သောစာရွက်စာတမ်းလျှောက်လွှာကို ပညာရေးဝန်ကြီးဌာန(ရုံးအမှတ် ၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အုပ်ချုပ်မှု(၃) ထပ်ရုံး၊ နေပြည်တော်တွင် ၁၈-၆-၂၀၁၈ ရက်မှ ၁၈-၇-၂၀၁၈ရက်အထိ ရောင်းချပေးမည်ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် တင်ဒါပုံစံများကို ပညာရေးဝန်ကြီးဌာန (ရုံးအမှတ် ၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အုပ်ချုပ်မှု(၃)ထပ်ရုံး၊ နေပြည်တော်သို့ ၂၀-၇-၂၀၁၈ရက် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါခေါ်ယူခြင်းကိစ္စနှင့်ပတ်သက်၍ ဖုန်းနံပါတ်-၀၆၇-၃၄၀၇၇၁၉၊ ၀၆၇-၃၄၀၇၇၂၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၆ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၉၈

ဦးကျော်ကျော် နှင့် ၁။ ဒေါ်သန်းသန်းမွေး
၂။ ဒေါ်ချိုချိုခိုင်

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၇ ရက်စွဲပါ ပုသိမ်ခရိုင်တရားရုံး၏ တရားမအယူခံမှုအမှတ် ၂၂/၂၀၁၆ ၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် (၂) ဒေါ်ချိုချိုခိုင်၊ အမှတ် (၂၂) ဘူးစက်လမ်း၊ အမှတ် (၃) ရပ်ကွက်၊ ပုသိမ်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ပုသိမ်ခရိုင်တရားရုံးမှ ချမှတ်ပေးသည့် စီရင်ချက်နှင့်ဒီကရီကို အယူခံတရားလို ဦးကျော်ကျော်မှ တရားမဒုတိယအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤတရားမဒုတိယအယူခံမှုကို ၂၀၁၈ခုနှစ် ဇွန် ၂၈ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်တွင် ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤတရားမဒုတိယအယူခံမှုတွင် သင့်အတွက်ရှေ့ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၄င်းတရားမဒုတိယအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်က ဤအမှုတွင်ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤရုံးတော်၌အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-
(သန်းသန်းမြင့်)
ဒုတိယညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၆၀

ဦးသိန်းနိုင် နှင့် ၁။ ဦးမောင်ချက်
၂။ ဒေါ်ဒွန်း

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏမဉ္ဇူလမ်း၊ အမှတ် ၃၈နေ တရားပြိုင်များဖြစ်သော ၁။ဦးမောင်ချက် ၂။ဒေါ်ဒွန်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၁၂အရ ၃-၁-၂၀၀၃ ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်ကိုမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၂၇ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်နေ့) မွန်းတည့် ၁၂း၀၀ နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူများသည် တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်စိုးမိုး)
ဒုတိယခရိုင်တရားသူကြီး(၁၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒက္ခိဏခရိုင်တရားရုံးတော်၌
၂၀၁၈ခုနှစ် တရားမကြီးအမှုအမှတ်-၅၁

ဒေါ်အိအိဖြိုး နှင့် ဦးလေးလွင်

တရားလို **တရားပြိုင်**

အမှတ် ၃၁၃၁၄၊ ရွှေနှင်းဆီလမ်း၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်နေ ဦးလေးလွင်(ဘ)ဦးကျော်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အိအိဖြိုးက မှတ်ပုံတင်စာချုပ်စာတမ်းချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသောစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၂၅ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်ထွေး)
ဒုတိယခရိုင်တရားသူကြီး(၂)
ဒက္ခိဏခရိုင်တရားရုံး

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ သိုလှောင်ကန် (B-72) မှ စီဂျီအို (CGO) ၁၁၀၁၄၇၂ဂါလန် (ဂါလန်တစ်သန်းတစ်သိန်းတစ်ထောင်လေးရာ ခုနစ်ဆယ့်နှစ်တိတိ) အား သံကန်ပြတ်(သံကန်အပြောင်ရှင်း) စနစ်ဖြင့်လည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ စီဂျီအို (CGO) ၁၀၀၀၀၀၀ ဂါလန် (ဂါလန်တစ်သန်းတိတိ)အားလည်းကောင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၁၂-၇-၂၀၁၈ရက် (ကြာသပတေးနေ့) ၁၃း၀၀ နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၂-၇-၂၀၁၈ရက် (ကြာသပတေးနေ့) ၁၄း၀၀ နာရီ

၄။ သတ်မှတ်ထားသည့် တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website တွင် ၁၂-၆-၂၀၁၈ရက်မှစ၍ Download ရယူ လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂ နှင့် ၀၆၇-၃၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ ဝိတုတ်ရွာ(သစ်)နေ မဇာခြည်ဝင်းနှင့် မဟန်နီကိုတို့၏ ဖခင်အမည်မှန်မှာ ဦးချိန်ဝင်း ၅/တမန(နိုင်)၀၅၅၉၆၉ ဖြစ်ပါကြောင်း။ **ဦးချိန်ဝင်း**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ် အထက(ခွဲ)သစ်ချောက် တက္ကသိုလ်ဝင်တန်းမှ မောင်သီဟအောင်နှင့် ပဥ္စမတန်းမှ မရွှေစင်ဖြိုးတို့၏ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၅/ကလဝ(နိုင်)၀၀၆၉၃၀ ဖြစ်ပါကြောင်း။ **ဦးစိုးနိုင်**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်မြောင်းရွာ အလက(ခွဲ) နဝမတန်းမှ မောင်လမင်းသူ၏ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၈/မမန(နိုင်) ၂၅၁၅၁၅ ဖြစ်ပါကြောင်း။ **ဦးမောင်နိုင်**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းရွာ အလက(ခွဲ) အဋ္ဌမတန်း(အောင်)မှ မောင်တိမ်လွှာထွဋ်၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်း ၅/ကလထ (နိုင်) ၁၆၄၈၂၃ ဖြစ်ပါကြောင်း။ **ဦးတင်ဆန်း**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆

ဦးချမ်းဇော်ဟန်(ခ)ဦးထန်ကျိန်ကျင်း နှင့် ၁။ ဦးအောင်နိုင်ဦး
(၄င်း၏အထွေထွေကိုယ်စားလှယ်စာ ၂။ ဒေါ်နန်းခင်ဖြူဝင်း
ရရှိသူ ဒေါ်ဆွေဆွေအောင်) ၃။ ဒေါ်စန္ဒာမြင့်
၄။ ဒေါ်ကော်ဆိုင်လန်း
၅။ ဦးအိုက်တူး
၆။ ဦးအောင်နိုင်

တရားလို **တရားပြိုင်များ**

၂။ ဒေါ်နန်းခင်ဖြူဝင်း (ဘ) ဦးကျန်ယုံချန်(ခ)ကျော်နိုင် ၁၃/လရန(နိုင်)၂၁၉၁၈၅၊ ဒေလီယာလမ်းနှင့် အောင်သုခလမ်းကြား၊ ၆၄×၆၅ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ၃။ ဒေါ်စန္ဒာမြင့် (ဘ) ဦးအိုက်တူး၊ အေးသုခလမ်းနှင့် ရတနာလမ်းကြား၊ ၆၀×၆၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးချမ်းဇော်ဟန်(ခ)ဦးထန်ကျိန်ကျင်းက ယုံကြည်အပ်နှံငွေကျပ်သိန်းပေါင်း (၃၃၀၈၀)အနက် ကျန်ငွေကျပ်သိန်းပေါင်း (၂၅၁၇၅)ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၂၉ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက်) မွန်းလွဲ ၁ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-
(ဒေါ်မာလာ)
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ညောင်ရွှေမြို့နယ်တရားရုံးတော်
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဒေါ်မြင့်မြင့်ကြည် နှင့် မစန်းစန်းမြင့်(ခ)သေးသေး

တရားလို **တရားပြိုင်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်(၁)ကွက်၊ ရုံးကြီးလမ်းနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်ကြည်က ချေးငွေကျပ် ၇၈၀၀၀၀၀/-နှင့် နစ်နာကြေး ငွေကျပ် ၁၅၀၀၀၀၀/- စုစုပေါင်းငွေကျပ် ၉၃၀၀၀၀၀/- ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၂၈ ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ချိုဝင်း)
မြို့နယ်တရားသူကြီး
ညောင်ရွှေမြို့နယ်တရားရုံး

Request For expression of Interest (RFI)

The USAID-funded Essential Health project, led by Jhpiego and implemented in partnership with Koe Koe Tech, Pact, PSI and ThinkWell, works to increase access to equitable utilization of, and effective demand for high-quality maternal, newborn and child health (MNCH) services.

Essential Health works towards the following three results:

- Health system governance strengthened to improve EPHS enabling environment
- Improved effcient delivery of quality responsive EPHS services by public and private service providers at the township level and below
- Enhanced community and civil society participation in shaping appropriate service

Essential Health is currently seeking the services of an agency/organization/firm to conduct a baseline survey in selected township. To do this, the organization will:

- Review the proposed methodology and sampling.
- Fine tune and translate the assessment tools, if needed, and digitize them using appropriate information technology.
- Collect data, analyze data and write resports.

Further details regarding this solicitation including the full RFI consisting of a template, detailed scope of work, and the list required documents for submission, can be seen at https://www.themimu.info/sites/themimu.info/files/jobs/Baseline RFI Jhpiego-Essential Health - 1 June 18. pdf

OR : Inquiry to Jhpiego-118/A Kokkai Yeik Tha Street, Bahan Tsp, Yangon.

Office Phone : 09-452262078~9

Submission Deadline is extended to 20 june 2018.

အမည်မှန်၊ ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက် နယ်မြေ(၁/၅၇)နေ မလာဟုန်းလျန်၏ အမည်မှန်မှာ မလားဟုန်းလျံနီးဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးထန်ဗွမ်း ၄/ဖလန(နိုင်) ၀၁၆၀၅၉ ဖြစ်ပြီး မလားဟုန်းလျံနီး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀-၉-၁၉၉၁ ဖြစ်ပါကြောင်း။

မလားဟုန်းလျံနီး၊ ဦးထန်ဗွမ်း

မိဘအမည်မှန်နှင့်မှတ်ပုံတင်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခမ်းပတ်မြို့၊ ကနန်စံပြကျေးရွာနေ မောင်အီဆတ်လားရင့်အောမ်မာ၏ မိဘအမည်မှန်မှာ ဦးဗန်လာလ်ဟရွတ်အာ ၅/ခပန (နိုင်)၀၁၁၅၇၇ နှင့် ဒေါ်လားထန်ဆန်းငီး ၅/တမန(နိုင်)၀၄၈၉၁၆ ဖြစ်ပါကြောင်း။

ဦးဗန်လာလ်ဟရွတ်အာ-
ဒေါ်လားထန်ဆန်းငီး

မိဘအမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(ခ)မှ မသူဇာမိုးဦး၏ မိဘအမည်မှန်မှာ ဦးအာတူ နှင့် ဒေါ်ဘူးဆောင့် ဖြစ်ပါကြောင်း။

အမည်မှန်

ဦးကျာစီ၏သား ကျိုင်းတုံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(ခ) မှ မောင်ဖြိုးသန့်ကျော်၏ အမည်မှန်မှာ မောင်အာဖြဲဟံ ၁၃/မခန(နိုင်) ၀၂၇၉၅၀ ဖြစ်ပါကြောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ယင်းမာပင်မြို့နယ်တရားရုံးတော်၌
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်ခင်မို့မို့လွင် နှင့် ဦးအောင်ကိုကိုလွင်

တရားလို **တရားပြိုင်**

ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာနေ (ယခုနေရပ်လိပ်စာမသိ) ဦးအောင်ကိုကိုလွင် (ဘ)ဦးမြင့်လွင် သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်မို့မို့လွင်က လင်မယားကွာရှင်းပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇူလိုင် ၁၃ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုင်ညွှာကြည်အောင်)
မြို့နယ်တရားသူကြီး
ယင်းမာပင်မြို့နယ်တရားရုံး

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မအေးစိန်၏ဖခင်အမည်မှန်မှာ ဦးအာဒိ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ အဋ္ဌမတန်း(ခ)မှ မောင်ဖီးလို့၏ ဖခင်အမည်မှန်မှာ ဦးအားရှော် ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဃ/၃၂၇၈၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)

အသိပေးကြေညာချက်

၁။ တာချီလိတ်မြို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတ္တုလုပ်ငန်းရှင်များအသင်းရှိ အောက်ဖော်ပြပါသတ္တုတူးဖော်ရေး ကုမ္ပဏီများသည် အသင်းနှစ်စဉ်ကြေးပေးသွင်းရန် ကျန်ရှိနေပါသည်။

စဉ်	ကုမ္ပဏီအမည်	စဉ်	ကုမ္ပဏီအမည်	စဉ်	ကုမ္ပဏီအမည်
၁	စိုင်းတစ်	၁၆	ဟိုက်ဘရဒ်မိသားစု	၃၁	မဟာကြယ်
၂	လွယ်လုံ	၁၇	လွိုင်ကော်ခေး	၃၂	သမင်ဦးချို
၃	ကျောက်အိုက်ခန့်	၁၈	ရှိုင်ရယ်လိုက်ရှန်းအန်	၃၃	ရှင်းခမ်း
၄	ရွှေမောင်းသံ	၁၉	သူရိယရွှေအောင်	၃၄	တရှင်း
၅	ရိုးမရွှေတောင်	၂၀	စိုင်းအောင်ခမ်း	၃၅	ဂျင်ရှ
၆	မြင်ကွင်းတလျှောက်	၂၁	ငွေကျားဖြူ	၃၆	သံလွင်မိုး
၇	အရှေ့မိုးသောက်ကြယ်	၂၂	ကမ္ဘာ့ခနေရောင်းဝယ်ရေး	၃၇	ဩစတြေးလျ-မြန်မာရီစို့စက်စ်
၈	သိန်းသန်းရွှေရတနာ	၂၃	စကြ်ံလိုင်း	၃၈	ရွှေထူးစံ
၉	ရွက်ခမ်း	၂၄	စိန်းလင်းကြည်	၃၉	ရွှေသင်းရံ
၁၀	စိမ်းလဲ့မြေစီးပွားရေးလုပ်ငန်းစု	၂၅	ဆင့်မြင့်မြန်မာ	၄၀	ကောင်းဆက်လျှံ
၁၁	တိုင်းချစ်မင်း	၂၆	ရွှေလားဟူ	၄၁	လွိုင်မိုင်းကန်
၁၂	ရွှေပြည်ဟိန်းအောင်	၂၇	ရွှေကျိုင်းတုံ	၄၂	မိုင်းဖြတ်နဂါး
၁၃	ရွှေလွှန်းပျံ	၂၈	လင်းလျှံထက်	၄၃	ရွှေနမ့်ဖောင်
၁၄	လွယ်ဆိုင်ကောင်(ဝ်)	၂၉	ကောင်းမင်	၄၄	သောဘောက်
၁၅	သူထွန်းအောင်	၃၀	တာချီလိတ်ကျောက်ခဲ	၄၅	သေချာသောရောင်းဝယ်ရေး

၂။ အဆိုပါကုမ္ပဏီများ အသင်းနှစ်စဉ်ကြေးများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတ္တုလုပ်ငန်းရှင်များအသင်း၊ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးဆုံးဖြတ်ချက်အရ (၃၁-၁-၂၀၁၈)ရက် နောက်ဆုံးထားပေးသွင်းရန်နှင့် လာရောက်ဆက်သွယ်ဆောင်ရွက်ပေးသွင်းခြင်းမပြုသော သတ္တုတူးဖော်ရေးကုမ္ပဏီ (၄၆)ခုအား အသင်းဝင်အဖြစ်မှ ရပ်စဲမည်ဖြစ်ကြောင်းကို ၁၄-၁-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အသိပေး ကြေညာထားပြီးဖြစ်ပါသည်။ ရွှေမြတ်အောင်ကုမ္ပဏီ (၁)ခုသာ လာရောက်ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အသိပေးကြေညာချက်ပါ သတ္တုတူးဖော်ရေးကုမ္ပဏီများမှ ဖော်ပြပါ ကုမ္ပဏီ (၄၅)ခုမှ ၃၁-၁-၂၀၁၈ ရက် နောက်ဆုံးထား လာရောက်ဆက်သွယ်ဆောင်ရွက်ပေးသွင်းခြင်းမပြုပါသဖြင့် ၆-၆-၂၀၁၈ ရက်တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတ္တုလုပ်ငန်းရှင်များအသင်း၊ အမှုဆောင်အစည်းအဝေး ဆုံးဖြတ်ချက်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတ္တုလုပ်ငန်းရှင်များအသင်းဝင်အဖြစ်မှ ရပ်စဲပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှုဆောင်အဖွဲ့
ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတ္တုလုပ်ငန်းရှင်များအသင်း

တွံတေးမြို့၊ ဇေယျာနန္ဒာရာမဝေဠုဝန်တောရ လယ်တီဓမ္မရိပ်သာ၌ ဆောက်လုပ်နေဆဲ ဓမ္မဒီပကဓမ္မာရုံကြီးအား လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်

တွံတေးမြို့ အရှေ့အရိုးတောင်အုပ်စု၊ ဇောတိကျေးရွာ၊ ဇေယျာနန္ဒာရာမဝေဠုဝန်တောရ လယ်တီဓမ္မရိပ်သာကြီးတွင် လယ်တီဝိပဿနာနှင့် လယ်တီဓမ္မကထိကသင်တန်းများ၊ ဝါတွင်းရက်ပေါင်း ၉၀ အထူးတရားစခန်းများ၊ လစဉ် ၇ ရက် တရားစခန်းများ နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်သင်ကြားနိုင်ရန်အတွက် လယ်တီကမ္မဋ္ဌာနာစရိယ ဒေါက်တာအရှင်ဇေယျာနန္ဒ (ပုဂံ) ဦးဆောင်၍ တည်ဆောက်နေသော (အလျားပေ ၁၂၀× အနံ ၅၆ပေ) ရှိသော ဓမ္မဒီပကဓမ္မာရုံကြီးအား လှူဒါန်းနိုင်ရန် ပါရမီကုသိုလ်ရှင်များအား နှိုးဆော်အပ်ပါသည်။ ဓမ္မဒီပကဓမ္မာရုံကြီး ပြီးမြောက်စေနိုင်ရန်အတွက် တစ်ပေပတ်လည်လျှင် ၂၅၀၀၀ိ/-ကျပ်နှုန်းနှင့် တစ်ကျင်း ၁၀ပေ ပတ်လည်လျှင် ၂၅သိန်းကျပ်နှုန်းများဖြင့် မိမိတို့တတ်စွမ်းသမျှ ပါဝင် လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် **အကျိုးတော်ဆောင်အဖွဲ့**
ဆရာတော် **ဖုန်း-၀၁-၉၆၆၃၈၀၂၊**
၀၉-၅၁၉၇၀၂၇၊ ၀၉-၄၉၂၄၅၇၉၉၊
၀၉-၇၉၃၉၅၇၃၉၂ ၀၉-၇၈၅၀၃၈၄၂၈
ရတနာမဥ္ဇူဓမ္မရိပ်သာ
သမိုင်း(၂)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

ဝါတွင်း(၃)လ၊ ရက်(၉၀) အထူးတရားစခန်း ဖိတ်ကြားအပ်ပါသည်

-လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့်-လယ်တီကမ္မဋ္ဌာနာစရိယဒေါက်တာအရှင်ဇေယျာနန္ဒ(ပုဂံ)ဦးဆောင်သော-

(သတ္တမ)အကြိမ်မြောက် ဝါတွင်း(၃)လ၊ ရက်(၉၀)အထူးတရားစခန်းပွဲကြီးကို (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်) ၂၆-၇-၂၀၁၈ရက် ညနေမှ (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက်) ၂၅-၁၀-၂၀၁၈ရက် နံနက် အထိ ရက်(၉၀)တရားစခန်းကြီးကို ကျင်းပပါမည်။

တရားစခန်းဝင်လိုသော ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ အမျိုးသား၊ အမျိုးသမီးယောဂီတို့သည် မှတ်ပုံတင်နှင့် မိမိတို့၏အသုံးအဆောင်ပစ္စည်းများကို ယူဆောင်၍ ရတနာမဥ္ဇူဓမ္မရိပ်သာသို့(၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက်(၂၆-၇-၂၀၁၈) ညနေ ၄း၀၀ နာရီကို နောက်ဆုံးထား၍ သတင်းပို့လာရောက်ရပါမည်။

အိပ်ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးတို့ကို ယူလာရပါမည်။
ယောဂီစာရင်းများကို ကြိုတင်လက်ခံနေပါပြီ

၁။ အရုဏ်ဆွမ်း	၃၀၀၀၀ိ/-ကျပ်
၂။ နေ့ဆွမ်း	၅၀၀၀၀ိ/-ကျပ်
၃။ အချိုပွဲ	၂၅၀၀၀ိ/-ကျပ်
၄။ အအေး	၁၀၀၀၀ိ/-ကျပ်
၅။ ဓမ္မပူဇာ	၁၀၀၀၀ိ/-ကျပ်
၆။ ရေမီး	၅၀၀၀ိ/-ကျပ်

တစ်နေ့တာ ဆွမ်းအလှူငွေ ၁၃၀၀၀၀ိ/-ကျပ်

ဆက်သွယ်ရန်
ဆရာတော် **အကျိုးဆောင်အဖွဲ့**
ဖုန်း-၀၉-၅၁၉၇၀၂၇၊ ၀၉-၇၉၃၉၅၇၃၉၂ **ရတနာမဥ္ဇူဓမ္မရိပ်သာ**
အကျိုးတော်ဆောင် **(၂)လမ်း၊ (၁)ရပ်ကွက်**
ဖုန်း-၀၁-၉၆၆၃၈၀၂၊ **မရမ်းကုန်းမြို့နယ်။**
၀၉-၄၉၂၄၅၇၉၉၊
၀၉-၇၈၅၀၃၈၄၂၈
နှစ်သက်ရာတတ်စွမ်းသမျှ လှူဒါန်းနိုင်ပါသည်။

မွေးသက္ကရာဇ် အမှန်
မိတ္ထီလာမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးမြဟန် ၉/ဝတန(နိုင်)၁၁၈၀၅၇ ၏သား မောင်ဇေယျာဖြိုး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၆-၄-၂၀၀၃ ဖြစ်ပါသည်။

မိဘအမည်မှန်

တောင်သာမြို့၊ ရွှေပြည်တော်ကျေးရွာနေ မောင်ဖွဲ့ထက်ထက်ယံ၏ မိဘအမည်မှန်မှာ ဦးပေါက်စ ၉/တသန(နိုင်)၀၀၉၆၁၈ နှင့် ဒေါ်ရွှေဟန် ၉/တသန(နိုင်)၀၀၉၆၄၀ ဖြစ်ပါကြောင်း။

ဦးပေါက်စ-ဒေါ်ရွှေဟန်

ဖခင်အမည်မှန်

တောင်သာမြို့၊ နတ်စောင့်အထက တက္ကသိုလ်ဝင်တန်းမှ မခိုင်ဇင်သက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဦး ၉/တသန(နိုင်)၂၃၁၆၀၅ ဖြစ်ပါကြောင်း။

ဦးမျိုးမြင့်ဦး

ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ပါကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်အိအိရှိန် ၁၂/ဥကတ(နိုင်)၁၆၂၉၇၇နှင့် ဦးသီဟစိုး ၁၂/ဥကတ(နိုင်)၁၈၃၇၄၂ တို့သည် ၂၀၀၆ခုနှစ်မှစတင်ကာ ပေါင်းသင်းနေထိုင်လာခဲ့ရာ ဒေါ်အိအိရှိန်ဘက်မှ မယားဝတ္တရားငါးပါးနှင့်အညီ နေထိုင်ခဲ့ပါသော်လည်း ဦးသီဟစိုးမှ ဇနီးမယားပေါ်တွင် လင့်ဝတ္တရားငါးပါးနှင့်ညီအောင် နေထိုင်ခြင်းမရှိသည့်အတွက် ဒေါ်အိအိရှိန်ဘက်မှ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ဦးသီဟစိုးနှင့်မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကျွန်မ၏လုပ်ငန်းခွင်တွင်လည်းကောင်း၊နေအိမ်ရှေ့တွင်လည်းကောင်း၊ အသိုင်းအဝိုင်းတွင်လည်းကောင်း လာရောက်ပတ်သက်ပြီး စော်ကားနှောင့်ယှက်မှုများပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်အိအိရှိန်

(၄၁)ကြိမ်မြောက် အဘိဓမ္မာ (၇)ကျမ်းရွတ်ဆိုပူဇော်ပွဲ ဝါဆိုသင်္ကန်းကပ်လှူပွဲ (၂၃)ကြိမ်မြောက် ဝါဆိုဝတ်စုံလှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဥာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်ကြီး၌ ၁၆-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၈ နာရီမှစတင်၍ **အဘိဓမ္မာ (၇) ကျမ်း** ရွတ်ဆိုပူဇော်ပြီး ၂၄-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် **အဘိဓမ္မာ(၇)ကျမ်း** အောင်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဝါဆိုဝတ်စုံလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်အလှူအမအပေါင်းတို့ကိုယ်တိုင် ကြွရောက် ကြည်ညိုကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

နာယကဆရာကြီးများ
ဒေါ်ဥာဏစာရီမြန်အောင်ကျောင်းတိုက်

ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၉)သီဟတပ်ခွဲ သူငယ်ချင်းများသို့

ဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၉)သီဟတပ်ခွဲ အရာရှိမိသားစုများ၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တွေ့ဆုံပွဲအား အောက်ပါအတိုင်း ကျင်းပမည်ဖြစ်သဖြင့် ကျောင်းဆင်းအရာရှိများနှင့် ဇနီး၊ သား၊ သမီးမိသားစုများ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

	နေ့ရာ/အချိန်	နေရာ
- သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။ အဘိုး၊အဘွား(၁၅၅)ဦးတို့အား နေ့လယ်စာ ကျွေးမွေးလှူဒါန်းခြင်းနှင့် နည်းပြဆရာများအား ကန်တော့ခြင်း	၂၃-၆-၂၀၁၈ ၀၈း၀၀မှ ၁၂း၃၀ထိ	ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ (နေပြည်တော်)
- ဂေါက်သီးရိုက် ကစားခြင်း/ ဘုရားဖူးခြင်း	၁၂း၃၀မှ ၁၆း၀၀ထိ	မြို့တော်ဂေါက်ကွင်း/ လေ့ခွင်းတောင်
- တွေ့ဆုံညစာစားပွဲ	၁၇း၃၀မှ ၂၂း၀၀ထိ	နယူးဇရာဟိုတယ် (နေပြည်တော်)

သူငယ်ချင်းများ ဇနီး၊ သား၊ သမီးများနှင့်အတူ တက်ရောက်ပါရန်နှင့် ကျဆုံး/ကွယ်လွန် သူငယ်ချင်းများ၏ ဇနီး၊ သား၊ သမီးများလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-ခင်ဌေး ဖုန်း-၀၉-၅၀၃၄၉၃၅၊ မျိုးမြင့် ဖုန်း-၀၉-၅၁၅၆၀၁၃၊ မောင်မောင်စိုး ဖုန်း-၀၉-၅၀၈၈၁၈၅၊ မြသန်း ဖုန်း-၀၉-၅၁၃၀၀၃၀၊ အောင်ကျော်မင်း ဖုန်း-၀၉-၄၂၁၇၃၂၇၃၃၊ ဝင်းကိုကို ဖုန်း-၀၉-၅၀၂၆၄၃၈၊ ယဉ်ကြည် ဖုန်း-၀၉-၇၃၀၆၅၇၇၂၊ ရဲမြင့်ကျော် ဖုန်း-၀၉-၅၀၁၆၅၂၂၊ ကျော်ဌေး ဖုန်း-၀၉-၇၃၂၄၄၇၇၀

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၅၂၉၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (မုံရွာ)

ပြင်ပြီးတိုက်ခန်းရောင်းမည်

- စမ်းချောင်း၊ ဗားကရာလမ်းမ(နီး)
- ပေ (16x65)၊ 6.F (၇လွှာ)
- ပါကေး၊ ကြွေပြား၊ အိပ်ခန်း (၂)
- သံပန်းဆန်းရှိတ်၊ ဘိုထိုင်၊ ကောနစ်
- (ဈေး၊ ကား၊ ဂိတ်) နီး၊ ပြင်ဆင်ပြီး
- ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်၊ (ပွဲစားမလို)

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၈၅၃၅၀၊ ၀၉-၇၆၅၁၈၅၃၅၀

မခင်နှင်းပွင့်အေး ၃/လဘန(နိုင်)၀၇၅၉၅၅ နှင့် အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ (ခ)ရပ်ကွက်၊ အာဇာနည်လမ်းနေ ဦးသိန်းဌေး ၃/လဘန(နိုင်)၀၀၄၀၂၁၊ ဒေါ်နန်းစမ်းစမ်း ၃/လဘန(နိုင်)၀၀၄၀၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ မခင်နှင်းပွင့်အေး ၃/လဘန(နိုင်)၀၇၅၉၅၅ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ (ခ)ရပ်ကွက်၊ အာဇာနည်လမ်းနေ (ဘ)ဦးသိန်းဌေး၊ မိခင် ဒေါ်နန်းစမ်းစမ်းတို့၏သမီး မခင်နှင်းပွင့်အေး ၃/လဘန(နိုင်)၀၇၅၉၅၅ သည် မိဘနှစ်ပါးတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မခင်နှင်းပွင့်အေးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းဌေး၊ ဒေါ်နန်းစမ်းစမ်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ခိုင် B.A (Law)., LL.B (စဉ်-၁၅၄၆) တရားလွှတ်တော်ရှေ့နေ
အမှတ် ၃/၆၃၇၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၃)ရပ်ကွက်၊ ဘားအံမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃အမ်၊ မြေကွက်အမှတ် III Class ၁၂၉၊ မြေကွက်တည်နေရာအမှတ် ၁၇၊ စပယ်လမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ် ကိုဘိုးဆင်အမည်ပေါက် နှစ် ၉၀ ဂရန်မြေ(သက်ကုန်)မြေအားအမည်ပေါက်(အဘိုး)ဖြစ်သူ ဦးဘိုးဆင်သည် ၁၃-၇-၁၉၂၅ ရက်တွင်လည်းကောင်း၊ (အဘွား)ဖြစ်သူ ဒေါ်လှသည် ၂-၅-၁၉၀၅ ရက်တွင်လည်းကောင်း၊ (အဘိုး)ဖြစ်သူ ဦးထွန်းခင်သည် ၅-၄-၁၉၄၇ ရက်တွင်လည်းကောင်း၊ (အဘွား)ဖြစ်သူ ဒေါ်နှင်းခင်သည် ၂၂-၂-၁၉၉၅ ရက်တွင်လည်းကောင်း၊ (အဒေါ်)ဖြစ်သူ ဒေါ်အုံးရီသည် ၄-၁၂-၂၀၀၀ ရက်တွင် (အပျိုကြီး)ဘဝဖြင့်လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးမောင်ထင်သည် ၂၂-၃-၁၉၉၂ ရက်တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်မြသန်းသည် ၇-၅-၂၀၁၃ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ကျန်ရစ်သူ မြစ်/မြေး/တူမ/သမီးအရင်းဖြစ်သူ ဒေါ်မြတ်မြတ်သင်း ၁၂/အလန(နိုင်)၀၁၂၆၉၆မှ (ဖခင်) ဦးမောင်ထင်နှင့်(မိခင်) ဒေါ်မြသန်းတို့၏ တစ်ဦးတည်းသော (သမီး)အရင်းတော်စပ်၍ တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများနှင့် နှစ် ၉၀ ဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ (မိခင်)ဒေါ်မြသန်းနှင့် (ဖခင်) ဦးမောင်ထင်တို့၏ သေစာရင်းမူရင်း၊ (အဘိုး)ဦးဘိုးဆင်၊(အဘွား)ဒေါ်လှ၊ (အဘိုး)ဦးထွန်းခင်၊ (အဘွား)ဒေါ်နှင်းခင်၊ (အဒေါ်)ဒေါ်အုံးရီတို့၏ သေစာရင်းမှတ်တမ်းတွင် ရှာဖွေမတွေ့ရှိပါ၍ မိတ္တူမှန်ထုတ်ပေးနိုင်ခြင်းမရှိကြောင်း တိုင်းကျန်းမာရေးဦးစီးဌာန၏ ပြန်ကြားစာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံစာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စံတော်ဝင်မြေဖင်းတောရဓမ္မရိပ်သာ (မိုးကုတ်မြို့) (၁၈) ကြိမ်မြောက် (၂) လတရားစခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု၊ ရွှံ့ပန်းလေးရပ်ရှိ "စံတော်ဝင်မြေဖင်းတောရဓမ္မရိပ်သာ" တွင် (၂) လတရားစခန်းကို ၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁) ရက်၊ (၁၃-၇-၂၀၁၈) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် တရားစခန်းဝင်မည့် ယောဂီများသည် တရား စခန်းဖွင့်ပွဲမတိုင်မီ (၁) ရက်ကြိုတင်၍ လာရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ ရဟန်းသံဃာတော်များ (၂) လ တရားစခန်းအပြီး ဝါကျွတ်သည်အထိ ဆက်လက်၍ တရားအားထုတ်နိုင်ပါသည်။

[အသက် (၅၀) ရှိပါလျှင် လပေါင်း (၆၀၀) မိမိလုပ်ချင်တာ/လုပ်သင့်တာတွေ လုပ်ခဲ့ပြီးကြပါပြီ။ ဘဝတစ်ခုလုံးနှင့် သံသရာတစ်လျှောက်လုံးအတွက် (၂) လတရားစခန်းဝင်ကြပါစို့လားခင်ဗျာ]

* တရားစခန်းဝင်မည့် ယောဂီများအနေဖြင့် တရားစခန်းသို့ အဖိုးတန်ပစ္စည်းများ ယူဆောင်ခြင်းမပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်-၀၉ ၄၀၂၆၉၈၆၉၉၊ ၀၉ ၉၆၂၃၁၇၅၇၊ ၀၉ ၄၅၁၄၉၃၄၆၄။

သုခမ္မမဏိဇောတမရ ဦးသန်းနိုင် (စံတော်ဝင်)+ ဒေါ်အေးအေးဝင်း
(မြန်မာစံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ၊
စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၁၃၃၁)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဗိုလ်ကြီးစိုးရ အမည်ပေါက်မြေကွက်အား ဦးအောင်မြင့်(ဘ)ဦးကျော်သိန်း ၇/ကဝန(နိုင်)၀၉၂၄၅၁မှ မြို့မြေနေရာချထားရေးကော်မတီ ပျဉ်းမနားမြို့မှ ပေါင်းလောင်း (၃)၊ မြေကွက်တန်ဖိုးသွင်းပြေစာ မိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ မြေကွက်အမှတ် (S-165)၊ ဧရိယာ ၀ဒသမ၂၂၉ဧကရှိ ဒေါ်ခင်မာချို အမည်ပေါက် ပါမစ်မြေအား ဦးမြင့်စိန်(ဘ)ဦးအေးမောင် ၁၂/ပဇတ(နိုင်)၀၁၄၄၆၈ နှင့် ဒေါ်မွှေးမွှေး(ခ)မူမူဝင်း (ဘ)ဦးစံရင် ၁၂/ပဇတ(နိုင်)၀၂၃၈၆၉ မှမြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ မြေကွက်အမှတ်(၄၆၈) အမည်ပေါက် ဦးမောင်ကြင် (MYA-၁၁၁၁၅၄) (ဘ)ဦးသိမ်းမောင် မြေချပါမစ်မူရင်းအား ပြန်လည်အပ်နှံ၍ အမည်ပေါက် ဦးမောင်ကြင် (MYA-၁၁၁၁၅၄)(ဘ) ဦးသိမ်းမောင် မြေငှားစာချုပ်မူရင်းနှင့်လဲလှယ်ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သန်းသန်းနွဲ့မှ မြေချပါမစ်မူရင်း၊ ဘဏ်ငွေသွင်းချလန်မူရင်းများ တင်ပြ၍ လျှောက်ထားလာပါသည်။ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အေ၊ မြေကွက်အမှတ် ၆၁၊ ဧရိယာ ၀ ဒသမ ၃၃၃ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အလျား×အနံ (၂၅×၅၀)ပေခန့်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အမှတ် ၄၉/ဘီ၊ နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်အုတ်ညှပ်အဆောက်အအုံအပါအဝင် ရေ၊ မီးစသည့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်ညွှန့်ညွှန့်ဝင်း ၁၂/အစန(နိုင်)၀၂၈၀၇၆ မှ လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကိုပေးချေပြီး အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီစလင်း(စဉ်-၉၆၈၅) တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၀/၁၂၂၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၉၃၁၁၅

ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၊ လဝမ်(၁) နေ မလဝေ့ခေါင်နော့နှင့် မောင်လဝေ့ခေါင်လွမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးလဝေ့ဇယ်ခေါင် ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့၊ နယ်မြေ ၆ နေ (ဘ)ဦးစိန်မောင်၏ သမီး ဒေါ်ခင်စန်းဝေ(ခ)ဒေါ်အိအိလှိုင် ၁၃/နခတ(နိုင်)၀၂၉၅၅၅သည် တစ်ဦးတည်းဖြစ်ပါသည်။

ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက (ခွဲ) ကန်ရှည်၊ ပဥ္စမတန်းမှ မောင်အောင်သူရကိုကို၏ ဖခင်အမည်မှန်မှာ ဦးချစ်ကို ၉/သစန(နိုင်)၁၀၀၆၀၅ ဖြစ်ပါကြောင်း။

ဦးချစ်ကို

ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက (ခွဲ) ကန်ရှည်၊ ပဥ္စမတန်းမှ မနွယ်ဇင်ယိမ်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်ထွန်း ၉/သစန(နိုင်)၁၂၀၂၃၄ဖြစ်ပါကြောင်း။

ဦးကျော်ဇင်ထွန်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း (F) မှ မောင်ခိုင်ဇော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်တူး ၉/စကတ(နိုင်)၀၀၂၁၈၂ ဖြစ်ပါကြောင်း။

ဦးမောင်တူး

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း (E) မှ မသန္တာမြင့်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၉/စကတ(နိုင်)၀၇၆၅၄၁ ဖြစ်ပါကြောင်း။

ဦးထွန်းထွန်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း (F) မှ မောင်ဇင်ကိုထက်၏ ဖခင်အမည်မှန်မှာ ဦးချစ်လော ၉/စကတ(နိုင်)၀၆၅၄၃၁ ဖြစ်ပါကြောင်း။

ဦးချစ်လော

အမည်ပြောင်း

ဦးရဲမင်းနိုင်၏သား ကျိုင်းတုံမြို့၊ အထက (၆)၊ ပထမတန်း (C) မှ မောင်ဟိန်းလင်းလတ်အား မောင်ပိုင်သစ်ထူးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ပိုင်သစ်ထူး

အမည်ပြောင်း

ဦးလတ်လတ်ထွန်း၏သမီး မိုင်းဆတ်မြို့ အလက (ကာန) ဒုတိယတန်းမှ မဆုလတ်ကြယ်စင်ထွန်းအား မဆုရတီမိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မဆုရတီမိုး

အမည်မှန်

ဦးကျော်နိုင်၏သား ပုံပါကျင်မြို့၊ အထက (နားကောင်းမူး) သတ္တမတန်းမှ မောင်စိုင်းရာဇာလင်း၏ အမည်မှန်မှာ မောင်ရာဇာနေလင်း ဖြစ်ပါကြောင်း။

မောင်ရာဇာနေလင်း

ပြင်ဆင်ဖတ်ရှု

၁၄-၆-၂၀၁၈ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၁)ပါ ဦးစိုးမြင့် အသက် (၅၈) နှစ် နာရေးကြော်ငြာတွင် လှိုင်သာယာမြို့နယ်အစား လှိုင်မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မိုးညှင်းမြို့၊ အောင်သပြေရပ်ကွက်၊ ကွင်းအမှတ်(၂၀)၊ ဦးပိုင်အမှတ်(၂၃)၊ မြေကွက်အမှတ်(၄၁)၊ မြေဧရိယာ ၀ဒသမ၁၇၇ဧကမြေ၏ အမည်ပေါက်မှာ ဒေါ်ဆွေရင်ဖြစ်ပြီး ၃၁-၅-၁၉၉၀ မှ ၃၀-၅-၂၀၂၀အထိ နှစ် (၃၀)ဂရန် ရရှိပြီးဖြစ်ပါသည်။ မူလဂရန်မူရင်းမှာ ၂၀၁၃ခုနှစ်တွင် နေအိမ်ပြောင်းရွှေ့ရာ၌ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အား ဒေါ်ဆွေရင်အမည်ဖြင့် ပြန်လည်လျှောက်ထားဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်မည့်သူရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

STI MYANMAR UNIVERSITY

香港公開大學 THE OPEN UNIVERSITY OF HONG KONG
Government established ▪ Financially independent

WORLD CLASS DEGREE PROGRAMS

စီမံခန့်ခွဲမှုပညာဘွဲ့သင်ယူပြီးအဖွဲ့အစည်းများကို ဦးဆောင်လိုသူများနှင့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်လိုသူများအတွက်

BBA in Management

တက္ကသိုလ်ဝင်တန်း/ IGCSE ဖြေဆိုအောင်မြင်ပြီးသူများအတွက် The Open University of Hong Kong မှ တိုက်ရိုက်ချီးမြှင့်မည့် ကမ္ဘာ့အဆင့်မီဘွဲ့များကို STI Myanmar University တွင် တက်ရောက် ရယူနိုင်ပါသည်။ ဂုဏ်ထူးတစ်ဘာသာလျှင် 300,000 ကျပ် (သုံးသိန်းကျပ်) ဂုဏ်ပြုပါမည်။

Admission Opens
Apply Today

- Building-10, MICT Park, University Hlaing Campus, Hlaing Township, Yangon. Tel: 09955 1234 48 ~ 49
- No.377~397, Upper Shwe Bon Thar St., Pabedan Township, Yangon. Tel: 09420 1831 55, 09420 1317 30
- B-15/16, Corner of 66th & Thazin Street, Chan Mya Tharzi Township, Mandalay. Tel: 09783 8000 62~64

https://www.facebook.com/STIMyanmarUni www.stiedu.net

မေမေ့ရင်သွေး ကျန်းမာရေး . . .
. . . New Product of . . .
Set Kyar Minn Pharmaceuticals

ဖိုးလမင်း အမှတ်တံဆိပ်
ချွဲသလိပ်ပျောက်
သူငယ်နာရင်လူးဆေး

ကလေးသူငယ်များ သူငယ်နာရောဂါအမျိုးမျိုး၊ အစာမကြေ၊ ရင်ပြည့်၊ ရင်ကယ်၊ ချွဲကျပ်၊ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ခြင်း၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းပျက်ဖြစ်ခြင်း၊ လေတက်၊ လေအန်၊ လေဆန်နာဖြစ်ခြင်း၊ နို့အန်ခြင်း၊ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်၊ အညှော်ဝင်၊ အညှော်မိ၊ လေထိုး၊ လေအောင့်၊ ဝမ်းဗိုက်နာခြင်းနှင့် မအီမသာဖြစ်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - စကြာမင်း၊ တိုင်းရင်းဆေးဝါးစက်ရုံ - အမှတ် ၂၆၁၊ (၆)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၇၃၀၄၅၁၁၉၊
စကြာမင်း၊ ဆေးတိုက်နှင့် ဆေးကုဌာန - အမှတ်(၈/၆၆)၊ သုမ္မောလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၉၇၅၂၄၊

မူးလှိုင်ရှူ-မောလှိုင်သောက်
ရွှေမြင်းကြောင် အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
TMR000849(0519)
ကြော်ငြာခွင့်ပြုချက်အမှတ်-တဆဝက(စာနယ်ဇင်း)၁၄၅/၀၁၁၇

ရွှေမန်းတောင်
အကြောပြေ မျက်စိကြည်ဆေး
TMR007525(0620)
ကြော်ငြာခွင့်ပြုအမှတ်-တဆဝက(စာနယ်ဇင်း)၀၁/၀၂၁၃
ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄၊ ၀၉-၈၅၉၈၄၅၃

မြင်မြတ်ကျော်ကုမ္ပဏီ မှ နိုင်ငံတကာအဆင့်မီ
MMK စက်ကြီး(၁၀)ပေါက်အုတ်
များကို ဦးရာလှ ရောင်းချပေး နေပါပြီ။
စက်ရုံအထိုင်ဈေး - 85Ks
Phone: 01-9000300~301, 09-73201856 / 57, 09-73238130
စက်ရုံဖုန်း: 09-73098773, 09-782201818, 09-792201818

SEVEN စံ မော်
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
ရွှေပေါက်ကံ၊ ရွှေပြည်သာ
အိမ်အရောက် ငွေပေးချေသည်။
'ပွဲခလုံးဝမယူပါ'။
09 - 33 333 511, 09 - 33 333 514, 09 - 33 333 644

ပျိုမေတို့တစ်တွေ
အသားအရေ ဝါဝါဝင်း နဂိုရည်ထက်
စိုပြည်ကာ သွေးသားသန့်ရှင်းရောဂါကင်းစေဖို့
ကေမ္ဘာမှ နန္ဒင်းလုံး ကို အစဉ်သုံးပါ
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - 1010YR001475
မီးနေသည်များပါ သုံးနိုင်ပါသည်။
ကေမ္ဘာမြန်မာ့ဆေးထုတ်လုပ်ဖြန့်ချိရေး၊ ရန်ကုန်မြို့
ဗိုလ်ချုပ်ဈေး(အဝေါ်ထပ်)၊ အမှတ်(၂၈)၊ မြောက်ဘက်တန်း။
ဖုန်း - ၅၄၉၃၁၆

ကြိုပြီးမှာပါမျို

မိုးရွာတော့မှာမို့ ဆန်တစ်အိတ်ကြိုမှာပါဖို့
09-43334111 09-43334222
09-443077711 09-443077722
စိတ်ကောင်းကြည်လင် ချမ်းပီယံပေါ်ဆန်းမွှေး

အဆင့်မြင့် (OBD II) မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ် - ၁၉) နှင့်
အခြေခံ မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ် - ၁၄)
လျှောက်လွှာခေါ်ယူခြင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့်မြန်မာမော်တော်ကော်ပိုရေးရှင်း(MMC)တို့ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့် (OBD II) မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ်-၁၉) နှင့် အခြေခံမော်တော်ယာဉ် စက်ပြင်သင်တန်း အပတ်စဉ် (၁၄) တို့ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၁) ရက်နေ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများမှ စတင်ဖွင့်လှစ် သင်ကြားကြမည်ဖြစ် ပါသည်။ လူဦးရေကန့် သတ်ထားပါသည်။ လျှောက်လွှာများကို စတင်လက်ခံနေပြီး လျှောက်လွှာနှင့် အတူ ရောင်စုံလိုင်စင် ဓါတ်ပုံ (၂)ပုံနှင့် မှတ်ပုံတင်မိတ္တူတို့ပါဝင်ရပါမည်။

စဉ်	အကြောင်းအရာ	အခြေခံ (Basic)	အဆင့်မြင့် (OBD II)Diagnosis
၁	သင်တန်းကြေး	ကျပ် (၂) သိန်း	ကျပ် (၃) သိန်း
၂	သင်တန်းကာလ	(၂) လ	(၂) လ
၃	ပညာအရည်အချင်း	(မလိုအပ်ပါ)	အခြေခံပညာ အလယ်တန်းအဆင့်
၄	အသက်ကန့်သတ်ချက်	(မရှိပါ)	(မရှိပါ)
၅	သင်တန်းရက်	တစ်ပတ်လျှင်(၆)ရက် (ဗုဒ္ဓဟူးနေ့ပိတ်)	တစ်ပတ်လျှင်(၅)ရက်(စနေ၊ တနင်္ဂနွေပိတ်)
၆	သင်တန်းချိန်	နံနက် ၉း၀၀ မှ ညနေ ၄း၀၀	နံနက် ၉း၀၀ မှ ညနေ ၄း၀၀
၇	မှတ်ချက်	နယ်မှသင်တန်းသားများအတွက် အဆောင်ရှိသည်။	

လျှောက်လွှာတင်ရန် -
Training Manager, မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။
မြန်မာမော်တော်ကော်ပိုရေးရှင်း (MMC)၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ သံသုမာလမ်းမကြီး၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
စုံစမ်းရန် - ၀၉ - ၄၂၄၄၆၆၁၆၁၆၊ ၀၉ -၂၅၃၆၈၇၉၇၃၊ ၀၉ -၂၅၄၂၇၅၄၉၀
Email ဖြင့် လျှောက်လွှာတင်ရန် - info@sakuratradecentre.com
မှတ်ချက်။ အခြေခံသင်တန်းအောင်မြင်ပြီး အဆင့်မြင့်သင်တန်းသို့ ဆက်လက်တက်ရောက်မည့်သူများအတွက် အထူးသင်တန်းကြေးအဖြစ် ကျပ် (၂)သိန်းဖြင့် လက်ခံသင်ကြားပေးသွားမည်ဖြစ်ပါသည်။

အမည်ပြောင်း

သဃ်န်းကျွန်းမြို့နယ်၊ အထက (၁) ပဥ္စမတန်း(C)မှ မောင်လင်းအာကာထက်အား မောင်ကောင်းထက်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းထက်ပိုင်

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ် အထက(၅)တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်မျိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်လွင် ၁၄/ဖပန (နိုင်)၁၃၄၄၇၅ ဖြစ်ပါသည်။

